# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.136(2193-2027)

လုပ်ကြံသတ်ဖြတ်ခြင်း

.May Be:

၂၁၉၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၉၃ - သန့်စင်သောခွန်အား၊ ရိုးရှင်းသောတိုက်ခိုက်မှု

ဤအချိန်တွင် ယန်ယွဲ့ သည် အတော်လေး အံ့အားသင့်သွားသည်။

သူ၏ဓားတစ်ချက်က ချုန်းချီ ကို ၃ ကီလိုမီတာအကွာသို့ ရိုက်ထုတ်ပစ်လိုက်သည်လား။ ထို့အပြင်

ချုန်းချီကိုပင်

ဒဏ်ရာအပြင်းအထန်ရသွားစေသည်။

သို့သော်လည်း သူသည်

အကြောင်းအရင်းကို နားမလည်နိုင်ခဲ့ပေ။

ယန်ယဲ့ သည် ဟိုချင်ကို

စိုက်ကြည့်လိုက်သည်။

ဟိုချင် က ခေါင်းညိတ်ကာ "ချုန်းချီရဲ့

ခွန်အားက ရုပ်ခန္ဓာပဲ။

ငါဒီလိုရှင်းပြပါရစေ။
သာမန်လူတစ်ယောက်က မြေပြင်က
ခုန်ထဖို့ တွန်းအားကို အားကိုးရမှာ
မဟုတ်ဘူးလား”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ဟိုချင်က ဆက်ပြောပါသည်
“ငါတို့လိုကျင့်ကြံသူတွေဟာ မြေပြင်က
ခုန်တက်ဖို့ အားကိုးနေစရာ မလိုပါဘူး။

ဒါပေမဲ့ ငါတို့က

အာကာသကိုအသုံးပြုရလိမ့်မယ်။ချုန်း

ချီ က မင်းကိုတိုက်ခိုက်လိုက်တဲ့အချိန်မှာ

အာကာသကို ထိုးဖောက်သွားတယ်၊

ဒါဟာ သူဖန်တီးထားတဲ့ စွမ်းအင်ကို

အသုံးပြုနေတာပဲ။ ဒါပေမဲ့ မင်းရဲ့

တိုက်ခိုက်မှုက သူသုံးနေတဲ့စွမ်းအင်ကို

တွန်းအားတစ်ခုနဲ့

ဖျက်ဆီးပစ်လိုက်တယ်။

ရိုးရိုးရှင်းရှင်းပြောရရင် မင်းက

သူ့အပေါ်မှာသက်ရောက်နေတဲ့စွမ်းအင်

တွေကို

တစ်ခါတည်းဖယ်ရှားပစ်လိုက်တာပဲ။

ဒီတော့ သူက

အားအနည်းဆုံးဖြစ်သွားတယ်။ အခု

နားလည်ပြီလား"

သိပ်မကြာလိုက်ပါ၊ ယန်ယဲ့ သည်
ဟိုချင်၏ ဆိုလိုရင်းကို
ကောင်းကောင်းနားလည်သွားသည်။

ဤအခိုက်အတန့်တွင် သူ့စိတ်ထဲ
အတော်လေး စိတ်လှုပ်ရှားသွားသည်။

၎င်းသည် လူတစ်ဦး၏ စွမ်းအင်နှင့်
စွမ်းအားအရင်းအမြစ်ကို
ဖျက်ဆီးပစ်နိုင်သောကြောင့်ပင်။

နည်းစနစ်အားလုံးကို
တိုက်ခိုက်မှုတစ်ခုတည်းဖြင့် ဖျက်ဆီးရန်
စစ်မှန်သောနည်းလမ်းပါ။ အတိတ်က
သူသုံးလေ့ရှိသော နည်းစနစ်က
ဘာမှမဟုတ်တော့ပေ။

ဤအချိန်တွင် ဟိုချင်က ယန်ယဲ့ကို
စူးစိုက်ကြည့်ကာ ဆက်ပြောလိုက်သည်
"တကယ်တော့ မင်းက
ငါမျှော်လင့်ထားတာထက် အများကြီး

ပိုမြန်တယ်။ ညာဏ်ကြီးရှင်တစ်ယောက်

ဆိုရင်တောင်မှ ဒီလိုခွန်အားကို

ထိန်းချုပ်ဖို့ ဆယ်စုနှစ်တစ်ခုလောက်

အချိန်ယူရမယ်။ တစ်စုံတစ်ယောက်က

သင်ပြပေးရင်ရင်တောင် ၁ နှစ်

ဒါမှမဟုတ် ၃ နှစ်လောက်

လေ့ကျင့်ရမယ်။ အခုလက်ရှိ မင်းကျ

လအနည်းငယ်ပဲကြာတယ်”

ထို့နောက် သူက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါပေမဲ့ ဒါဟာ

ပုံမှန်ပါပဲ။ ဘာကြောင့်လဲဆိုတော့ မင်းက

အာကာသနိယာမကို ပိုင်ဆိုင်ထားလို့၊

ဒါ့အပြင် မင်းရဲ့ဓားတာအိုက

အဆင့်တစ်ခုကိုရောက်နေပြီ။

မှန်တယ်၊ တကယ်တော့

မင်းကိုသင်ပြပေးဖို့ ငါလို ထူးထူးခြားခြား

စွမ်းအားရှင်တစ်ယောက်ရှိနေလို့ပါ ”

ယန်ယဲ့ သည်

စကားပြန်မပြောနိုင်တော့ပေ။

ဟိုချင် က ဆက်ပြောခဲ့သည် "မင်း

အဲဒီနည်းလမ်းကို သင်ယူပြီးပြီ။

အရာအားလုံးကို အကြွင်းမဲ့ခွန်အားနဲ့

ချေမှုန်းတဲ့နည်းလမ်းကို သင်ယူဖို့

အချိန်ရောက်ပြီ"

ထို့နောက် ချုန်းချီ ကို
စိုက်ကြည့်နေသည်။

ချုန်းချီ က ယန်ယွဲ့ကို
စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယွဲ့၏မျက်နှာပေါ်မှာ
အနည်းငယ်ရက်စက်သော အပြုံးတစ်ခု
ပေါ်လာသည်။ သို့သော် ချုန်းချီ၏

အကြည့်ကို သတိပြုမိသောအခါ

သူ့ကိုယ်သူ အမြန်ထိန်းလိုက်သည်။

ချုန်းချီ က "ကလေး၊ မင်း

လောကသုံးပါးကို ရောက်တာနဲ့

ငါတို့လေ့ကျင့်မှုကို

ဆက်လုပ်ကြရအောင်"

ယန်ယဲ့ သည် နှုတ်ခမ်းထောင့်များ

တဆတ်ဆတ်တုန်လှုပ်သွားသည်။

ဤအချိန်တွင် ချုန်းချီ က နေရာတွင်ပင် ပျောက်ကွယ်သွားသည်။ ထို့နောက် ပြင်းထန်သော စွမ်းအားလှိုင်းလုံးများက ယန်ယဲ့ဆီသို့ ထိုးဆင်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဟိုချင်၏ အသံက သူ့စိတ်ထဲမှ ရုတ်တရက် ထွက်ပေါ်လာသည် "မင်းရဲ့ ရှေ့က နေရာကို ကျောက်တုံးလို

သဘောထားလိုက်ပါ။

မင်းရဲ့ဓားကိုသုံးပါ"

ယန်ယွဲ့ က ကမန်းကတန်း

ခေါင်းညိတ်လိုက်ပြီး သူ့ရှေ့မှ

အာကာသပြင်ကို စိုက်ကြည့်လိုက်သည်။

ထို့နောက်

ဓားဖြင့်ဆတ်ခနဲထိုးသွင်းလိုက်သည်။

သူ့ခွန်အားကို

အကန့်အသတ်ထိထုတ်ဖော်ထားသည်။

ဓားကို ရှေ့ထိုးသွင်းလိုက်သည် နှင့်

တပြိုင်နက် သူ့ရှေ့ရှိ အာကာသပြင်သည်

ပြင်းထန်စွာ တုန်ခါသွားသည်။

ထိုခဏလေးမှာပဲ

ဘယ်နေရာကဘယ်လိုထွက်လာမှန်းမသိ

နိုင်သော စွမ်းအင်များ လွင့်ပျံလာသည်။

တစ်ချိန်တည်းမှာပင်

ချုန်းချီ၏ကြီးမားသောပုံရိပ်ကြီးက

လွင့်ထွက်သွားခဲ့သည်။

ချုန်းချီက ၆ ကီလိုမီတာကျော်အထိပင်

လွင့်ပျံသွားသည်။

ဘုန်း

ချုန်းချီ ပြုတ်ကျလာသဖြင့်

မြေပြင်တစ်ခုလုံးသည်

မြေလျှင်လှုပ်ခတ်သကဲ့သို့ ပြင်းထန်စွာ

တုန်ခါသွားသည်။

ယန်ယဲ့ သည် အံ့သြသွားပြန်သည်။

ငါဘယ်တုန်းက

အရမ်းသန်မာလာတာလဲ။

ဤအချိန်တွင် ဟိုချင်က

ရုတ်တရက်ပြောခဲ့သည် “ခွန်အား။

မင်းရဲ့တိုက်ခိုက်မှုက အာကာသကို

ဓားနဲ့ထိုးလိုက်ပေမယ့် ဒါဟာ

အာကာသပြင်က ခံရတာမဟုတ်ဘူး။

အဲဒီနေရာမှာ ပေါင်းစပ်ထားတဲ့ ချုန်းချီ

ပဲ။ ဒီနည်းလမ်းက

ခွန်အားတွေဖောက်ခွဲလိုက်တာ

ဒါမှမဟုတ် ပြန့်နှံ့သွားတာမဟုတ်ဘူး။

အားလုံးက ချုန်းချီ ကိုပဲ ထိသွားတယ်။

အရင်တုန်းက မင်းရဲ့ဓားကို ကြံ့သလို

လွှဲလိုက်တဲ့အတွက် စွမ်းအင်အများစုကို

အာကာသက တားဆီးထားလိုက်တာပဲ။

ဒါကြောင့် အတိတ်မှာ

မင်းတိုက်ခိုက်တဲ့အခါတိုင်း

အာကာသပြင်က ပွင့်ထွက်နေတယ်။

ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့

အာကာသပြင်မဟုတ်ဘဲ ချုန်းချီ

ခံလိုက်ရတာပဲ”

ဟုတ်လား ။

ဤအချိန်တွင် ယန်ယဲ့ သည်

သဘောတရားကို တဖြည်းဖြည်းနဲ့

နားလည်လာသည်။

တစ်ချိန်တည်းတွင် ဟိုချင် က

ဆက်ပြောပါသည် “တကယ်တော့

ငါသင်ပေးခဲ့တဲ့ ဒီလှုပ်ရှားမှုတွေဟာ

တခြားသူတွေ ညဏ်အလင်းရပြီးတဲ့

နောက်မှာ တဖြည်းဖြည်း

နားလည်လာတဲ့အရာတွေပါ။

အခုလက်ရှိမှာ မင်းဟာ
ငါ့သင်ပြပေးမှုနဲ့အတူ
ကြိုးပြီးနားလည်ထားပြီ။ ဒါပေမဲ့
ညဏ်အလင်းသခင်တွေကို
တိုက်ခိုက်နိုင်တယ်လို့တော့
မဆိုလိုဘူးနော်။ အခုမင်းက သူတို့ကို
တိုက်ခိုက်ဖို့ မပြောနဲ့၊
အမှောင်ဧကရာဇ်လိုလူကိုတောင်
မတိုက်ခိုက်နိုင်သေးဘူး”

ယန်ယဲ့ က အံ့သြသွားပြီး

"ဘာလို့လဲ"ဟုမေးလိုက်ပါသည်။

"မိုက်မဲတဲ့မေးခွန်းတွေမေးတာ ရပ်လိုက်"

ဟိုချင်က ဆက်ပြောသည် “ဒီလူက

လွန်ခဲ့တဲ့နှစ်တွေမှာ ဘာမှမလုပ်ဘဲ

အသက်ရှင်ခဲ့တယ်လို့ မင်းထင်လား။

သူ့ရဲ့ကျင့်ကြံမှုအဆင့်က

မင်းထက်မြင့်သလို အရာရာတိုင်းမှာ

သူ့အောင်မြင်မှုတွေက

မင်းထက်သာတယ်။ တကယ်လို့ မင်းမှာ စားနယ်မြေမရှိရင် ချက်ချင်းတောင်အသတ်ခံရနိုင်တယ်"

စားနယ်မြေ....

ယန်ယွဲ့ သည် ထိုစကားကြားသောအခါ အလွန်ဆိုးရွားသော ပြဿနာတစ်ခုကို ရုတ်တရက် တွေးလိုက်မိသည်။

သူ၏ဘဝသက်တမ်းပါ။ ဓားနယ်မြေကို
အတင်းအကြပ်သုံးထားသောကြောင့်
သူ၏ဘဝသက်တမ်းက
ကုန်ဆုံးလုနီးပါးဖြစ်နေပါပြီ။
ဤအခိုက်အတန့်တွင် သူ၏
ဘဝသက်တမ်းက ၁
နှစ်တောင်မကျန်တော့ပေ။

ဤအတောအတွင်း ဟိုချင် က
ထပ်ပြောခဲ့သည် "မင်း အဲဒီအရာကို

ရှောင်သင့်တယ် ဒါမှမဟုတ် လုံးဝ မသုံးသင့်ဘူး။ မဟုတ်ရင် မင်း တစ်နေ့ သေသွားနိုင်တယ်"

ယန်ယဲ့ က "ငါ ဒါကိုဘယ်လိုကာကွယ်ရမယ်ဆိုတာပဲသိတယ်။ အဲဒါကို သုံးပြီးဘယ်လိုတိုက်ခိုက်ရမလဲငါမသိဘူး။အကြီးအကဲဟို၊ မင်းဒါကိုသိသလား"

ဟိုချင် က သူ့ခေါင်းကို ခါလိုက်ပြီး

"ငါမသိဘူး။ ဒါပေမဲ့ ငါလုပ်ခဲ့ရင်တောင်

မင်းမလုပ်ရင် အကောင်းဆုံးပဲ။

မင်းပေးရမယ့်တန်ကြေးက

အရမ်းကြီးတယ်"

ယန်ယဲ့ က အကူအညီမဲ့စွာ ရယ်မောရင်း

“ဒါဆို အသုံးမဝင်ဘူးလား”

"အသုံးမဝင်ဘူးလား" ဟိုချင်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "မင်း အဲဒါ အသုံးမဝင်ဘူးလို့ ခေါ်သလား။ စားနယ်မြေ ကြောင့်သာမဟုတ်ရင် အခုအချိန်မှာ မင်းက လူသေကောင်ဖြစ်နေလောက်ပြီ။ ဒါဆိုရင်တောင် မင်းပြန်ပေးချေရတဲ့ တန်ကြေးက အရမ်းကြီးလွန်းတယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ဤအခိုက်အတန့်တွင် သူသည်
ဓားနယ်မြေအကြောင်းကို
ဆက်ပြီးမတွေးတော့ပါ။
သူ၏ခွန်အားနှင့်
အဆင့်ချိုးဖျက်မည့်အကြောင်းကိုသာ
စဉ်းစားနေသည်။အထူးသဖြင့် ၁
နှစ်တာဟူသောအချိန်က
သိပ်မကြာသောကြောင့် သူ့အတွက်

သက်တမ်းတိုးဖို့က

အတော်ကိုခဲယဉ်းနေသည်။

သူ၏ဘဝသက်တမ်း

ကုန်ဆုံးသွားသည်နှင့် မူလစေတီပင်

ကယ်တင်နိုင်မည်မဟုတ်ချေ။

ယန်ယွဲ့ သည် သူ့အတွေးကို ထိန်းကာ

ဟိုချင်ကို စိုက်ကြည့်ရင်း

"အကြီးအကဲဟို၊ ငါတို့ အခု ရှာမန်နည်းစနစ်ကို သင်ယူမှာလား"

ဟိုချင်က "ရှာမန်နည်းစနစ်လား။ မင်းရဲ့ ခွန်အားကို ဘယ်လို ထိန်းချုပ်ရမယ်ဆိုတာ သင်ယူလို့တောင် မပြီးသေးဘူး။ မင်းက ရှာမန်နည်းစနစ်တွေကို သင်ယူဖို့အဆင်သင့်ဖြစ်နေပြီထင်လား"

ယန်ယဲက အံ့ဩသွားသည်

"မပြီးသေးဘူးလား"

ဟိုချင် က ခေါင်းညိတ်ပြသည်

“ဟုတ်တယ်။

ဒါဟာအစပဲရှိပါသေးတယ်။ ကဲ၊

အခုလောလောဆယ်

မူလစေတီအပြင်ကိုထွက်လိုက်။ ပြီးရင်

ဂြိုဟ်သေတစ်လုံးကိုရှာလိုက်ရအောင်”

ယန်ယွဲ့ က မတွေးတတ်တော့ပေ

“ဘာလို့လဲ” ဟု မေးလိုက်သည်။

ဟိုချင် က ယန်ယွဲ့ဆီကို ပျံသန်းလာပြီး

"ဟော့ကောင်၊ ငါပြောတဲ့အတိုင်း လုပ်။

မေးခွန်းတွေမေးဖို့ မပြောရင် မမေးနဲ့။

နားလည်လား"

ယန်ယွဲ့ သည်

ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

ထို့နောက်တွင်တော့ ယန်ယဲ့ သည်

မူလစေတီ ထဲမှ ပြန်ထွက်သွားသည်။

အပြင် ပြန်ရောက်လာသည်နှင့်

အမှောင်ဧကရီ က

လှိုဏ်ဂူအပြင်ဖက်ကနေ

စောင့်ကြပ်နေတုန်းကို မြင်လိုက်ရသည်။

ယန်ယဲ့ ကို မြင်သောအခါ

အသံတိုးတိုးပြောပါသည်

"နင်ထွက်သွားမှာလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

"တခြားတစ်နေရာကို

သွားပြီးလေ့ကျင့်ရမယ်။တတိယအစ်မ၊

ဂရုစိုက်ပါ"

အမှောင်ဧကရီ က ယန်ယဲ့၏မျက်နှာကို တည့်တည့်ကြည့်ပြီး "နင်က လက်စားချေဖို့သွားမှာတော့ မဟုတ်ဘူးမလား"ဟုမေးလိုင်သည်။

ယန်ယဲ့က ခေါင်းခါပြသည် "မဟုတ်ဘူး"

“ငါနင်နဲ့လိုက်ခဲ့ဖို့ လိုသေးလား” အမှောင်ဧကရီ က ထပ်မေးပါသည်။

ယန်ယဲ့ က ခေါင်းခါလိုက်သည် "ဒါက အဆင်ပြေပါတယ်။ ငါတစ်ယောက်တည်းသွားပြီးလေ့ကျင့်ချင်တယ်"

အမှောင်ဧကရီ က "ကောင်းပြီ၊ သတိထားပါ" ဟုသာ ပြန်ပြောခဲ့သည်။

ထိုစကားပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။ ဤအချိန်တွင်

ယန်ယဲ့ က ရုတ်တရက်ပြောလိုက်သည်

"တတိယအစ်မ၊

သိပ်တော့ကြာမှာမဟုတ်လောက်ဘူး။

ငါ့ကို ဒုတိယအစ်မ အတွက်

လက်စားချေခွင့်ပြုပါ"

အမှောင်ဧကေရီ က ရပ်တန့်ကာ

အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီး

“ကောင်းပြီ” ဟု ခေါင်းညိတ်သည်။

ထို့နောက်

ဖျတ်ခနဲပျောက်ကွယ်သွားသည်။

အမှောင်ဇကေရီ ထွက်သွားပြီးနောက်တွင်

ယန်ယဲ့ သည်လည်း လှိုဏ်ဂူထဲမှ

ထွက်လာခဲ့သည်။

အပြင်ဖက် ရောက်သည်နှင့်

သူ့ပတ်ဝန်းကျင်ကို

မော့ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် သူသည်

ကောင်းကင်တိုင်တောင်တန်း၏

နယ်နိမိတ်ထဲမှာသာ ရှိနေသေးသည်။

ယန်ယဲ့ သည်

အသက်ပြင်းပြင်းရှူလိုက်ပြီးနောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

အဝေးတစ်နေရာသို့

ပျောက်ကွယ်သွားသည်။

သူ၏ရည်ရွယ်ချက်က
သက်ရှိများမရှိသော
ဂြိုဟ်သေတစ်လုံးကို ရှာဖို့ပါ။

ယန်ယွဲ့ သည်
ကောင်းကင်တိုင်တောင်တန်းမှ
ထွက်လာပြီးနောက် အကန့်အသတ်မဲ့
ကြယ်တာရာကောင်းကင်ပြင်ထဲသို့
ဝင်ရောက်လာခဲ့သည်။
အလယ်စကြာဝဠာသည်

ကြီးမားသောကြောင့်

သက်ရှိများနေထိုင်သော

ဂြိုဟ်အများအပြားရှိခဲ့သည်။ ထို့အတူ

သက်ရှိကင်းမဲ့နေသော

ဂြိုဟ်သေများလည်းရှိနေလေသည်။

၄ နာရီခန့်အကြာတွင်....

ယန်ယွဲ့ သည်

အဆုံးမရှိသောအာကာသပြင်ထဲသို့

ဝင်ရောက်လာရင်း ဂြိုဟ်သေတစ်လုံးကို
ရှာတွေ့သွားခဲ့သည်။

၎င်းသည်
စွန့်ပစ်ခံဂြိုလ်တစ်လုံးဖြစ်သည်။
ဘာဝိညာဉ်စွမ်းအင်မှ မရှိခဲ့ပေ။

ယန်ယွဲ့ သည် မြေပြင်ပေါ်
ဆင်းသက်လာပြီးနောက်
နေရာတွင်ခဏရပ်နေလိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
သူ၏မျက်လုံးမှိတ်ထားကာ
"အကြီးအကဲဟို၊
ငါတို့ဒီမှာဘာလုပ်မှာလဲ"ဟုမေးလိုက်လေ
သည်။

ဟိုချင်က "ဖျက်ဆီးပစ်လိုက်...."

ယန်ယဲ့က အံ့ဩသွားသည်

“ဖျက်ဆီးပစ်မှာလား”

ဟိုချင် က ဆက်ပြောလိုက်သည်

"မင်းရဲ့ရုပ်ခန္ဓာကအပေါ်မှာ

မင်းရဲ့ထိန်းချုပ်နိုင်စွမ်းက

လက်ခံနိုင်လောက်တဲ့အဆင့်ကို

ရောက်နေပြီ။ အခု မင်းရဲ့ ခွန်အားကို

ထိန်းချုပ်ဖို့

နောက်ထပ်နည်းလမ်းတစ်ခုကို

ငါသင်ပေးမယ်။ အဲဒါကို

အကြွင်းမဲ့ခွန်အား လို့ခေါ်တယ်။

ဘယ်နည်းနစ်ကိုမှ

ဂရုမစိုက်စရာမလိုဘူး။

သန့်စင်တဲ့ခွန်အား၊

သာမန်ရိုးရှင်းတဲ့တိုက်ခိုက်မှု

ကိုခေါ်တယ်”

သန့်စင်တဲ့ခွန်အား၊

ရိုးရှင်းတဲ့တိုက်ခိုက်မှု။

ယန်ယဲ့ သွေးများ အနည်းငယ်

ပွက်ပွက်ဆူလာသလိုခံစားရသည်။

တစ်ချိန်တည်းမှာပင် ဟိုချင်က

ထပ်ပြောသည် “အခု မင်းရဲ့ဓားကို

မသုံးဖို့ တားမြစ်ထားတယ်။

မင်းရဲ့လက်သီးကိုပဲသုံးပါ။မင်း

ဒီဂြိုလ်တစ်ခုလုံးကို

အစိတ်စိတ်အမွှာမွှာမပေါက်ကွဲမချင်း

ဒီနေ့ကစပြီး လက်သီးထိုးနေရမယ် ”

ယန်ယဲ့ သည် အတော်လေးကို

အံ့သြသွားသည်။ အချိန်အတော်ကြာမှ

ရုတ်တရက်မေးလိုက်သည်

“အကြီးအကဲပဲပဲဟို၊ မင်းက

တကယ်ပြောနေတာလား။ ငါ့လက်သီးနဲ့

ဒီဂြိုဟ်သေတစ်ခုလုံးကို

ဖျက်ဆီးရမှာလား"

ဟိုချင်က "အရမ်းခက်ခဲနေလား"

ယန်ယဲ့ က အမှန်တိုင်း

ခေါင်းညိတ်လိုက်သည်။ သူသည်

ဓားသုံးနိုင်ရင်တော့

ဂြိုဟ်သေတစ်ခုလုံးအား

ဖျက်ဆီးပစ်နိုင်ကြောင်း

အနည်းငယ်ယုံကြည်ပါသည်။

သို့သော်လည်း သူ၏လက်သီးဖြင့်

ငြိုပြာတ်တစ်ခုလုံးအား

ဖျက်ဆီးရမည်ကိုတော့....

ဤအချိန်တွင် ဟိုချင်က

ရုတ်တရက်ပြောခဲ့သည် " ချုန်းချီ

ဒါမှမဟုတ် ငါ့ပင်မခန္ဓာကိုယ်က

ငြိုပြာတ်တစ်လုံးကို

ဖျက်ဆီးချင်တယ်ဆိုရင်

အခုချက်ချင်းလုပ်နိုင်တယ်။

ခမင်းရဲ့လက်ရှိရုပ်ခန္ဓာခွန်အားက

လွန်ခဲ့တဲ့နှစ်တွေမှာ

ငါပိုင်ဆိုင်ထားတဲ့အရာတွေနဲ့

ဆင်တူတယ်၊ ဒါကြောင့် မင်းဘာလို့

မလုပ်နိုင်တာလဲ"

ယန်ယဲ့ သည်

ခဏကြာထိငြိမ်သက်သွားသည်။

မှန်တယ်။ ဟိုချင် တောင်မှ

လုပ်နိုင်သေးတာ

ငါဘာလို့မလုပ်နိုင်ရမှာလဲ။

ငါဘာလို့ ကိုယ့်ကိုယ်ကို

လျှော့တွက်နေတာလဲ။

မကြိုးစားရင်

ငါလုပ်နိုင်တယ်မလုပ်နိုင်ဘူးဆိုတာ

ဘယ်လိုလုပ်သိမလဲ။

ယန်ယဲ့က ခဏာမျှစဉ်းစားပြီး

မေးလိုက်သည်

"စစ်နတ်ဘုရားရဲ့ညာဖက်လက်မောင်း

တော်ကို သုံးလို့ရမလား"

“ဒါပေါ့” ဟိုချင် က ပြန်ပြောပါသည် “ကဲ၊

မင်း သူ့ရဲ့ ခွန်အားကို အပြည့်အဝ

ကျွမ်းကျင်ရမယ်။ ဒါမှမဟုတ် မင်းသူ့ရဲ့

အလားအလာကို အပြည့်အဝ

ဖော်ထုတ်ရမယ်လို့ ငါပြောသင့်တယ်။

ဒါဆို လက်သီးထိုးလိုက်စမ်း....”

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး

သူ၏လက်သီးများကို မြေပေါ်

ဆောင့်ထိုးချလိုက်လေသည်။

ဘုန်း....

မြေပြင်တစ်ခုလုံး ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်တွင်

ရောမအက်ကွဲကြောင်းကြီး

တစ်ခု ပေါ်လာသည်။

ပထမတစ်ခုပေါ်လာပြီးနောက်၊

ဒုတိယတစ်ခု၊ ထို့နောက် တတိယတစ်ခု...

မူလစေတီထဲတွင်....

ချုန်းချီ က ဟိုချင် ရှေ့မှာရှိနေသည်။

သူက

"ဘာလို့ သူ့ကို

သင်ပေးတာလဲ"ဟုမေးခဲ့သည်။

ဟိုချင်က “နားလည်ဆင်ခြင်နိုင်စွမ်း။

သူကိုယ်တိုင် နားလည်ရမယ်။ ဒီလိုမှပဲ

ဒီလိုခွန်အားကို

သေချာပေါက်ပိုင်ဆိုင်နိုင်မှာ။

သူကိုယ်တိုင် နားလည်နိုင်ရင်

ဘယ်တော့မှ မေ့သွားမှာ မဟုတ်ဘူး”

ချုန်းချီ က ဟိုချင်ကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းက

တခြားသူတွေကို သင်ပေးတာ

အရမ်းကောင်းတယ်"ဟုပြောလိုက်သည်။

ဟိုချင် က ခေါင်းခါလိုက်သည်

"ရှာမန်ကေရာဇ် က ဒါကို

သင်ပေးထားတာ ကြာပြီ"

ရှာမန်ကေရာဇ်....

ထိုနာမည်ကိုကြားလိုက်သောအခါ

ချုန်းချီ၏အကြည့်သည် ချက်ချင်းပင်

စူးရှလာသည်။

May Be:

၂၁၉၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၉၄ - မင်းသန်မာတယ်လို့ငါကြားတယ်။

ဤသို့ပင်. ....

အမည်မသိ ဂြိုဟ်သေကြီးပေါ်မှ
ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာပါတော့သည်။

ယန်ယဲ့၏ခွန်အားက တဖြည်းဖြည်း
တိုးလာသကဲ့သို့ လက်သီးတစ်ချက်
ထိုးလိုက်တိုင်း ၁၀ ကီလိုမီတာကျော်
ပတ်လည်ရှိမြေပြင်သည်
ချက်ချင်းပြိုကျသွားခဲ့လေသည်။

သို့သော် အမည်မသိဂြိုဟ်သေကြီးက

အမှုန်ပင် ကြီးမားလွန်းလှသည်။

လက်သီးတစ်ချက်တိုင်း ၁၀

ကီလိုမီတာကျော်ရေိယာက

ပြိုကျနေသည့်တိုင် ယန်ယဲ့၏အမြင်အရ

ဂြိုဟ်တစ်ခုလုံးအား ဖျက်ဆီးလိုလျှင်

အနည်းဆုံး ဆယ်နှစ်ခန့်

အချိန်ယူရပေလိမ့်မည်။

ဒီအတိုင်းဆက်သွားလို့မရဘူး။

ယန်ယဲ့ သည် လက်သီးဖြင့် ထိုးနေရာမှ

ရုတ်တရက် ရပ်တန့်လိုက်သည်။

ထို့နောက် သူ့စိတ်ထဲ၌

အတွေးနက်နေပါတော့သည် ။

စီနီယာဟိုချင် က ငါ

ဒီဂြိုဟ်သေတစ်ခုလုံးကို

ဖျက်ဆီးပစ်ရမယ်လို့ပြောတယ်။

ဆိုလိုတာက သူ့အမြင်မှာ

ငါ့ရဲ့လက်ရှိခွန်အားက

ဒီဂြိုဟ်တစ်ခုလုံးကို

အပိုင်းပိုင်းချေမွပစ်ဖို့လုံလောက်တယ်ထ

င်တယ်။ ဒါပေမဲ့

ဒီနည်းလမ်းနဲ့တော့မဖြစ်နိုင်သေးဘူး၊

သေချာပေါက်

တခြားနည်းလမ်းတစ်ခုတော့ရှိကိုရှိရမယ်

"

ယန်ယဲ့ သည် ဟိုချင် ပြောသည့်

စကားများကို

နက်နက်ရှိုင်းရှိုင်းတွေးတောနေခဲ့သည်။

ခွန်အား....

ယန်ယဲ့ သည် "ခွန်အား"ဟူသော

စကားကိုသတိရပြီး

သူ့လက်နှစ်ဖက်လုံးကို

စိုက်ကြည့်နေသည်။

ဤအခိုက်အတန့်တွင်

သူ၏လက်နှစ်ဖက်ဟာ

စွမ်းအားများပြည့်နေသလိုပင်။

ကောင်းကင်ဘုံနှင့် မြေကြီးကို ပင်

လုံးလုံးလျားလျားဖျက်ဆီးပစ်နိုင်သလိုပါ

။ သို့သော် ကန့်သတ်ထားခဲ့သည်။

တစ်နည်းအားဖြင့် လက်ရှိသူက

ကောင်းကင်ဘုံနှင့်မြေကြီးကို

ဖြိုခွဲနိုင်စွမ်းမရှိသေးပါ။

အကယ်၍ သူသာ လုပ်ဆောင်နိုင်ခဲ့ပါက

လက်သီးတစ်ချက်ထိုးလိုက်ရုံဖြင့်

ဂြိုဟ်တစ်ခုလုံးအား

ဖောက်ခွဲပစ်နိုင်ပေမည်။

ဤအခိုက်အတန့်မှာကား ထိုအဆင့်ကို
ရောက်ရှိရန်
အလှမ်းဝေးနေပါသေးသည်။

ယန်ယဲ့ သည် သူ၏လက်နှစ်ဖက်ကို
စိုက်ကြည့်နေသည်။ သူ့လက်နှစ်ဖက်က
ခွန်အားသက်သက်ဖြင့်
ဂြိုဟ်တစ်ခုလုံးအား ဖောက်ခွဲပစ်ဖို့ဆိုတာ
လုံးဝကိုမဖြစ်နိုင်သလောက်ပါ။

ငါ့လက်တွေအပြင်… … ယန်ယွဲ့၏

မျက်လုံးများက ရုတ်တရက်

တောက်ပလာသည်။

သူ၏လက်နှစ်ဖက်အပြင်

သူ့ခန္ဓာကိုယ်နှင့်ခြေထောက်နှစ်ဖက်ပါ

ရှိနေသည်မဟုတ်ပါလား။

ယန်ယွဲ့ သည် ဤအချက်ကို

တွေးလိုက်မိသည်နှင့်

သူ၏လက်သီးနှစ်ဖက်ကို ဖြည်းညှင်းစွာ
ဆုပ်လိုက်ပြီး မြေပြင်သို့
ထိုးချလိုက်သည်။

ဘုန်း....

ကီလိုမီတာ ၃၀ ကျော်ရေိယာသည်
တစ်စစီ ပြိုကျလာပါသည်။
သူ့ခြေထောက်အောက်ကနေ

အနက်မသိနိုင်သော

ချောက်နက်ကြီးတစ်ခု ပေါ်လာခဲ့သည်။

ယန်ယဲ့ သည်

အခြေအနေတိုးတက်လာသဖြင့်

ဝမ်းသာသွားသည်။

သူနားလည်ခဲ့သည့်နည်းလမ်းက

လမ်းကြောင်းမှန်ပေါ်ရောက်နေလို့ပါ။

လက်သီးနှစ်ဖက်ကို ထိုးချလိုက်သည်နှင့်

သူ၏ခန္ဓာကိုယ်တစ်ခုလုံးရှိ

ခွန်အားများကို စုစည်းလိုက်သည်။ သူ၏ခွန်အားက နဂိုထက် အနည်းဆုံး သုံးဆတိုးလာခဲ့သည်။

ဤအခိုက်အတန့်တွင် သူ့စိတ်ထဲကနေ ဟိုချင်၏အသံ ရုတ်တရက်ထွက်ပေါ်လာသည်ကို ကြားလိုက်လေသည် "မင်းနောက်ဆုံး တော့ ဒီအဆင့်ကိုရောက်သွားပြီလား"

ယန်ယဲ့ က "အကြီးအကဲဟို၊ ခွန်အားက

ငါ့လက်သီးတွေကနေ

ထွက်လာတာမဟုတ်ဘူး၊

ငါ့တစ်ကိုယ်လုံးကလာတာကို

မင်းနားလည်စေချင်ခဲ့တာမဟုတ်လား"

ဟိုချင် က "မင်းပြောတာ

တစ်စိတ်တစ်ပိုင်း မှန်တယ်။ ခွန်အားက

မင်းရဲ့လက်သီးနဲ့ခန္ဓာကိုယ်က

ထွက်လာတာမဟုတ်ဘူး။ ခွန်အားက

မင်းအောက်မှာရှိတဲ့

မြေပြင်ကနေလာတာပဲ။

မင်းပတ်ဝန်းကျင်မှာလည်း

အာကာသတွေရှိတယ်။ ဒါမှမဟုတ်

ပိုတိကျအောင်ပြောရရင်

အရာအားလုံးက မင်းအတွက်

ခွန်အားရင်းမြစ်ဖြစ်လာနိုင်တယ်”

ယန်ယဲ့ သည် ထိုစကားကြားသောအခါ

အတော်လေး အံ့သြသွားပြီး

"မင်းဘာကိုဆိုလိုတာလဲ"ဟုထပ်မေးလိုက်သည်။

ဟိုချင် က “မင်းရဲ့ခြေဖဝါးအောက်က မြေပြင်နဲ့မင်းပတ်ဝန်းကျင်မှာရှိတဲ့ အာကာသပြင် အသုံးချပါ။ ဒါတွေကို မင်းအတွက် ခွန်အားအရင်းအမြစ်ဖြစ်လာအောင်လုပ်ပါ။ အရာခပ်သိမ်းကို နားလည်ဆင်ခြင်ပါ၊ အရာအားလုံးကို

ပြုပြင်ပါ၊ အရာအားလုံးကို
အသုံးချရမယ်။နားလည်လား"

ယန်ယဲ့ သည် ခဏာမျှစဉ်းစားပြီးနောက်
ခေါင်းညိတ်လိုက်သည်
"ငါစမ်းကြည့်လိုက်မယ်"

ထို့နောက်တွင် သူသည် ၁၀
ကီလိုမီတာအကွာသို့
လွင့်မျောသွားသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့
သည်မျက်လုံးများကိုမှိတ်ထားလျက်
တရားရှုမှတ်နေသော
တာအိုဘုန်းတော်ကြီးတစ်ပါးကဲ့သို့ပင်
ထင်ရလေသည်။

အမှန်တော့ သူသည် ပတ်ဝန်းကျင်ကို
နက်နက်ရှိုင်းရှိုင်း
နားလည်ဆင်ခြင်နေတာပါ။

သူသည် မြေပြင်ပေါ်တွင်

မတ်တပ်ရပ်နေသောကြောင့် မြေပြင်ကို

အာရုံခံနိုင်သည့်အပြင် သူ့ပတ်ဝန်းကျင်ရှိ

အာကာသပြင်ကိုပါ

ကောင်းကောင်းခံစားနိုင်ပါသည်။

အစိကကတော့ သူသည်

အာကာသနိယာမကို နားလည်ထားလို့ပါ။

သို့သော် သူသည် အာကာသနိယာမကို

ဘယ်လိုသုံးရမှန်းမသိခဲ့ပေ။

ဤအချိန်တွင် ဟိုချင်၏အသံက

နောက်တစ်ခါ ထွက်ပေါ်လာပြန်သည်

"မင်း တိုက်ခိုက်တဲ့အခါ မြေပေါ်မှာ

ရပ်နေတာပဲသဘောကျတာများလား။

မင်းဘာလို့ဒီလိုလုပ်တာလဲ"

ယန်ယဲ့ သည် အံ့အားသင့်သွားပြီး

“ငါ့ရဲ့တိုက်ခိုက်မှုတွေကို

ပိုမြန်အောင်လုပ်ဖို့ မြေပြင်က

တန်ပြန်အားကို အားကိုးနိုင်လို့ပါ...”

ထိုစကားပြောပြီးနောက် ယန်ယဲ့ သည်

သူ့ကိုယ်သူ အံ့အားသင့်သွားသည်။

တန်ပြန်ခွန်အား....။

ဟိုချင် ပြောသည့်အတိုင်းဆိုရင် သူသည်

မြေပြင်နှင့် အာကာသမှ တန်ပြန်အားကို

အသုံးချနိုင်သည်။ အရာအားလုံးကို အသုံးချနိုင်၏။

ဤအချက်ကို တွေးမိသည်နှင့် ယန်ယဲ့သည် သူ့အောက်ကမြေပြင်ကို ငုံ့ကြည့်ပြီးနောက် ခြေဖဝါးဖြင့် အနည်းငယ်ပုတ်လိုက်သည်။

ခလွပ်....

သူနင်းချလိုက်သည့် မြေပြင်က

ချက်ချင်း အက်ကွဲသွားသည်။ ထို့အပြင်

သူ့အောက်ရှိ မြေပြင်သည်

လုံးလုံးလျားလျား

ပျောက်ကွယ်သွားသည်။

ဤအခြေအနေကို မြင်သောအခါ ယန်ယဲ့

သည် မျက်မှောင်ကြုတ်ပြီး

“အကြီးအကဲဟို၊ ဒါကဘာဖြစ်နေတာလဲ။

မြေပြင်ကအရှိန်အားနည်းတာလား။

ငါ့ခွန်အားကို မခံနိုင်တာလား။ ငါ...”

"လူမိုက်ပဲ.... " ဟိုချင် က

ငေါက်ငမ်းလိုက်သည် "ကောင်လေး၊

မင်းတိုက်ခိုက်တဲ့အခါ အဖန်တီးထားတဲ့

ပေါက်ကွဲအားကိုသုံးပြီး အဲ့ဒီလို

အင်အားစုဖို့ မကြိုးစားနဲ့။ ဒါကို

မြန်မြန်လုပ်နိုင်ရမယ်၊ အရှိန်မြန်ရမယ်။

လုံး၀ ကိုမြန်နေရမယ်။ နားလည်လား"

ယန်ယဲ့ က ရှက်ကိုးရှက်ကန်းနဲ့ ပြုံးပြီး

"နားလည်ပါတယ်"

ထို့နောက် ညာဖက်ကို ရွေ့ပြီး

ခဏမျှငြိမ်သက်သွားသည်။

ခဏအကြာတွင်

သူ၏ခြေထောက်တစ်ဖက်ကို

ထောက်လျက် လက်သီးနှစ်ဖက်ကို

တင်းတင်းဆုပ်ကာ မြေပြင်သို့

ထိုးချလိုက်သည်

ဂျုန်း....

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက်

ကျောက်တုံးကျောက်ခဲများနှင့်အတူ

လေထဲသို့ လွင့်လာကာ

အာကာသပြင်ထဲ၌

စွမ်းအင်တိမ်တိုက်များ

ဖြစ်ပေါ်လာသည်။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင်

ကီလိုမီတာ ၁၅၀ ကျော် ရေယာသည်

လုံးလုံးလျားလျားပြိုကျသွားခဲ့သည်။

သူ့အောက်မှ ကီလိုမီတာ ၁၅၀ နီးပါး

ကျယ်ဝန်းသော

ရောမတွင်းနက်ကြီးတစ်ခု

ပေါ်လာခဲ့သည်။

ယန်ယဲ့၏မျက်လုံးထဲမှ

စိတ်လှုပ်ရှားမှုများ တောက်ပလာသည်

"ဒါက အရမ်းအစွမ်းထက်တယ်"

အမှန်တော့ လက်သီးတစ်ချက်

ထိုးလိုက်ရုံသာ။ မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူအား

တစ်ချက်တည်းသတ်ပစ်နိုင်ကြောင်းခံ

စားရသည်။

ဤအတောအတွင်း ဟိုချင် က

ရုတ်တရက်မေးခဲ့သည် "မင်း

ကိုယ်မင်းကျေနပ်နေပြီလား"

ယန်ယဲ့က "ဒါ ငါ့ရဲ့

ကန့်သတ်ချက်မဟုတ်ဘူး

ဟုတ်တယ်မလား"

"မင်းဘယ်လိုထင်လဲ" ဟိုချင်က

ဆက်ပြောလိုက်သည် "မင်းရဲ့

ခန္ဓာကိုယ်က သွေးပြန်လည်မွေးဖွားခြင်း

အဆင့်မှာ ရောက်နေပြီ။

မင်းလေ့ကျင့်ထားတဲ့

စွမ်းအားနည်းစနစ်က ငါ့ရှာမန်မျိုးနွယ်ရဲ့

နည်းစနစ်တွေထဲမှာ ထိပ်တန်း အဆင့် ၁၀ ထဲမှာရှိတယ်။ အဲဒါက သူ့ရဲ့ ကန့်သတ်ချက်ပဲ ဆိုရင် ငါ့ရှာမန်မျိုးနွယ်က အသုံးမကျတဲ့မျိုးနွယ်စုဖြစ်သွားမှာမဟုတ်ဘူးလား”

ယန်ယဲ့ သည် ထိုစကားကြားသောအခါ ဘာပြောရမှန်းမသိတော့ပေ။

ဟိုချင် က ဆက်ပြောသည် "မင်းရဲ့

အရှိန်က မမြန်သေးဘူး၊ ပေါက်ကွဲအားက

လုံလောက်အောင် မပြင်းဘူး။

ပိုကောင်းအောင်လုပ်နိုင်တယ်။

အနည်းဆုံးတော့

ပုံမှန်အဆင့်ကိုရောက်ပြီလို့ ယူဆဖို့က

ကီလိုမီတာ ၃၀၀ ကျော်ရှိတဲ့ ဧရိယာကို

ဖျက်ဆီးပစ်နိုင်ရမယ်။ ဆက်လုပ်စမ်း။

ဆက်ပြီးလေ့ကျင့်ရမယ်"

ကီလိုမီတာ ၃၀၀

ကျော်ကျယ်တဲ့မြေပြင်ကို

ဖျက်ဆီးပစ်ရမှာလား။

ယန်ယဲ့ သည် ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။

ကီလိုမီတာ ၃၀၀ ကျော် ဧရိယာက

မည်သို့နည်း။ ဆိုလိုသည်မှာ သူသည်

နတ်ဘုရားနယ်မြေမြို့တော်ကို

ပြန်သွားလျှင် လက်သီးတစ်ချက်ဖြင့်
တစ်မြို့လုံးအား
ဖျက်ဆီးပစ်နိုင်ကြောင်းဆိုလိုပါသည်။

ဟိုချင် က ရုတ်တရက်မေးလိုက်သည်
"ဘာလဲ။ မလုပ်နိုင်ဘူးထင်လား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်
"နည်းနည်းတော့ကြောက်စရာကောင်းမ
နေဘူးလား"

ဟိုချင် က "ကလေး၊ မင်းကိုယ်တိုင်

အဆင့်မြင့်နယ်ပယ်ကို ထိတွေ့လိုက်တာနဲ့

ဒါဟာ ဘာမှမဟုတ်ဘူးဆိုတာကို

မင်းသဘောပေါက်သွားလိမ့်မယ်။

အဲဒီရှေးဟောင်းကျင့်ကြံသူတွေက

လောကသုံးပါး နဲ့

အလယ်စကြာဝဠာကြားမှာ ဘာအတွက်

ချိတ်ပိတ်စည်းဖန်တီးထားလဲသိလား။

ဘာကြောင့်လဲဆိုတော့ သူတို့က

အတားအဆီးကို မဖန်တီးဘူးဆိုရင်

အဲဒီပညာရှင်တွေကြားက

တိုက်ပွဲတစ်ခုကတင်

ဒီအလယ်စကြာဝဠာကို

ဖျက်ဆီးပစ်လိမ့်မယ်”

အလယ်စကြာဝဠာကို

ဖျက်ဆီးပစ်နိုင်တာလား။

ယန်ယဲ့ သည် သူ့အပေါ်မှ

ကြယ်တာရာကောင်းကင်ပြင်ကို

မော့ကြည့်လိုက်သည်။

သူတို့ ဘယ်လောက် သန်မာကြလဲ.....။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး

သူ့လက်နှစ်ဖက်ကို

အချိန်တော်တော်ကြာထိ

စိုက်ကြည့်နေလိုက်သည်။

ဤအခိုက်အတန့်တွင် သူ၏ ခွန်အားကို
မြှင့်တင်ရန်နှင့် သွေးကောရီ
ကိုယ်စားလက်စားချေဖို့သော
တွေးနေသင့်သည်။အခြားအရာအားလုံး
အတွက်မူ အခုလက်ရှိ သူစဉ်းစားရမည့်
အရာမဟုတ်ပေ။

လေ့ကျင့်ရမယ်။

သူက

အရူးတစ်ယောက်လိုလေ့ကျင့်ရပါမယ်။

ခဏအကြာတွင်.....

အမည်မသိဂြိုဟ်သေပေါ်မှ

စွမ်းအင်တိမ်တိုက်များ အဆက်မပြတ်

တက်လာကြသည်။ အစပိုင်းတွင်

အနည်းငယ်သာရှိ၏။ သို့သော်လည်း

သိပ်မကြာခင်မှာတော့

ကြယ်တာရာကောင်းကင်ပြင်ထက်မှ

ရပ်နေလျှင်ပင် ဂြိုဟ်သေပေါ်ရှိ

စွမ်းအင်တိမ်တိုက်များကို

တိုက်ရိုက်မြင်နိုင်ပေသည်။

စွမ်းအင်တိမ်တိုက်များ

မျက်စိတစ်ဆုံးအထိကို

များပြားနေတာပါ။

ရုပ်ခန္ဓာခွန်အားကို အသုံးချရုံမျှဖြင့်
ဆန်းကြယ်ချီစွမ်းအင်ကို
ကုန်ဆုံးစေမည်မဟုတ်ချေ။ သို့ရာတွင်
ရုပ်ခန္ဓာစွမ်းအင်ကို အကန့်အသတ်ထိ
ထုတ်ဖော်ရင်တော့ လူကို
ပင်ပန်းစေပါသည်။

သို့သော် ယန်ယဲ့အတွက်ကား ယာယီသာ။
သူ့တွင် မူလခရမ်းရောင်စွမ်းအင်
ပိုင်ဆိုင်ထားလို့ပါ။

ဤအတိုင်းပင်၊ ယန်ယွဲ့ သည်

အရူးတစ်ယောက်ကဲ့သို့

သူ၏လက်သီးနှစ်ဖက်ကို မြေပြင်ဆီ

အဆက်မပြတ်ထိုးချနေခဲ့သည်။

၃ ရက်ခန့်အကြာတွင်....

ဤအတောအတွင်း ယန်ယဲ့၏

ကြိုးစားအားထုတ်မှုသည်

အချည်းနှီးမဟုတ်ခဲ့ပေ။

သူ၏လက်သီးချက်တိုင်းက

လုံးဝကိုကြောက်စရာအတိပါ။

လက်သီးတစ်ချက်ထိုးလိုက်သည့်အခါတို

င်း ကီလိုမီတာ ၂၁၀ ကျော် ရေိယာက

ပြိုကျသွားသည်ချည်းသာ။

နောက်ထပ် ၁၀ ရက်ခန့်အကြာတွင်.....

ဤအခိုက်အတန့်တွင်

သူ၏လက်သီးတစ်ချက်ဟာ ကီလိုမီတာ

၂၇၀ ခန့်ရှိရေယာကို

ဖြိုချပစ်နိုင်လေသည်။ ယန်ယဲ့သည်

ဆက်ပြီး လေ့ကျင့်လိုသော်လည်း

ဟိုချင်က ရုတ်တရက်တားလိုက်သည်

"ရပ်လိုက်။ မင်းက

ဆက်မလုပ်နိုင်တော့ဘူး"

ယန်ယဲ့ က ရပ်လိုက်ပြီး "ဘာလို့လဲ။ငါ
နည်းနည်းတိုးတက်နေနိုင်သေးတယ်လို့
ထင်ပါတယ်”

ဤအတောအတွင်း
သူ၏လက်သီးချက်မှ
စွမ်းအားများကိုခံစားမိသဖြင့်အတော်
လေးအားရကျေနပ်နေခဲ့သည်။

ဟိုချင် က "ဒီဂြိုဟ်သေကြီးက
လုံးလုံးပြိုကျလုနီးပါးဖြစ်နေပြီ။
မင်းဆက်ထိုးနေရင် မင်းလည်း
ဒီဂြိုဟ်နဲ့အတူ ဖျက်ဆီးခံရလိမ့်မယ်"

ယန်ယဲ့ သည် အနည်းငယ်
ထိတ်လန့်သွားပြီး ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ အမှန်ပင်
ဂြိုဟ်တစ်ခုလုံး ပျောက်ကွယ်လုနီးပါးပင်
ဖြစ်နေပါပြီ။ နေရာအနှံ့ ပြိုကျနေတာပါ။

သူသည် ဂြိုဟ်၏ မြေပြင်တစ်လျှောက်
ခွဲထုတ်ပစ်လိုက်သောကြောင့်ပင်။

ဟိုချင် က ထပ်ပြောလိုက်သည်
"တခြားဂြိုဟ်သေတစ်လုံးကို ဆက်ရှာပါ"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
ညာခြေကို မြေပေါ်
တစ်ချက်ပုတ်လိုက်သည်။

ဘုန်း....

သူ့အောက် ကီလိုမီတာ ၂၇၀ ရှိရေယာဉ်က ချက်ချင်းပြိုကျခဲ့သည်။ ဤအတောအတွင်း ယန်ယွဲ့၏ပုံရိပ်က ကီလိုမီတာ ၃၀ ကျော်အကွာ၌ ပေါ်လာသည်။

ထို့နောက်တွင်တော့ ယန်ယွဲ့ သည် အကန့်အသတ်မဲ့ကြယ်တာရာကောင်းက

င်ထဲသို့ တိုးဝင်သွားသည်။ သူသည်

နောက်ထပ် ဂြိုဟ်သေတစ်လုံး

စတင်ရှာဖွေခဲ့သည်။

၁ နာရီခန့်အကြာတွင်....

ယန်ယွဲ့ သည် အခြားဂြိုဟ်တစ်လုံး

အထက်၌ ပေါ်လာသည်။

ဤနေရာတွင်လည်း သက်ရှိသတ္တဝါများ မရှိခဲ့ချေ။ ထို့အပြင် သေဆုံးခြင်းအငွေ့အသက်များနှင့်ပင် ပြည့်နှက်နေခဲ့သည်။

သို့သော် ယန်ယွဲ့ သည် ဂရုမစိုက်ဘဲ အရှူးတစ်ယောက်လိုသာ သူ၏လက်သီးများကို မြေပြင်သို့ အဆက်မပြတ်ထိုးချလိုက်ပါတော့သည်။

၃ ရက်ခန့်အကြာတွင်တော့ ယန်ယဲ့၏

လက်သီးတစ်ချက်က ဂြိုလ်တစ်ခုလုံးကို

အစိတ်စိတ်အမြွှာမြွှာ

ဖောက်ခွဲပစ်လိုက်သည်။

ဤအခိုက်အတန့်တွင်

သူ၏လက်သီးတစ်ချက်တိုင်းက

ကီလိုမီတာ ၃၀၀ ခန့်ရှိရေဲယာကို

ဖြိုချပစ်လိုက်သည်။

ယန်ယဲ့ သည် ရုပ်တန့်ဖို့
ရည်ရွယ်ထားပုံမရချေ။ သူသည်
အကန့်အသတ်မဲ့ကြယ်တာရာကောင်းက
င်ထံသို့ ဝင်ရောက်လာသည်။
ထို့နောက်တွင် နောက်ထပ်
ဂြိုဟ်သေတစ်လုံးကို
ဆက်ပြီးရှာဖွေလိုက်သည်။

အကြောင်းကတော့
လက်ရှိသူ့ခန္ဓာကိုယ်ဟာ

အကန့်အသတ်မဟုတ်သေးကြောင်း

ခံစားမိလို့ပါ။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

လိုက်ရှာရန်ပြင်လိုက်၏။သို့သော်

ရုတ်တရက်

မျက်မှောင်ကြုတ်လိုက်သည်။

သူ့နောက်ဖက်ကို

ချက်ချင်းလှည့်ကြည့်လိုက်သည်။

သူ့နောက်ကွယ်ရှိ အာကာသပြင်က
တုန်ခါသွားပြီး
အနက်ရောင်ဝတ်ရုံလူတစ်ယောက်
ပေါ်လာသည်ကို မြင်လိုက်ရသည်။

အနက်ရောင်ဝတ်ရုံက “မင်းက ယန်ယဲ
မဟုတ်လား” သူ့အသံက
တော်တော်လေးကြမ်းတမ်းလှသည်။

ယန်ယဲ့ က ဂရုမစိုက်ဘဲ

အနက်ရောင်ဝတ်ရုံကို စိုက်ကြည့်ပြီး

"မင်းက ဘယ်သူလဲ"

“ကောင်းကင်ဘုံဌာန”

အနက်ရောင်ဝတ်ရုံက

“ကောင်းကင်တိုင်တောင်တန်းရဲ့

စုံစမ်းစစ်ဆေးရေးအဖွဲ့။

တစ်ယောက်ယောက်က ငါတို့ကို

တန်ကြေးတစ်ခုပေးပြီးတော့

မင်းကိုရှာခိုင်းတယ်။ အခု
မင်းကိုရှာတွေ့ပြီဆိုတော့လည်း
ငါတို့တော်တော်လေး ပင်ပန်းသွားပြီ"

ယန်ယဲ့က မထူးခြားသလိုဘဲ
"ပြီးတော့...."

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
သူ၏လက်သီးများကို ဖြည်းညှင်းစွာ
ဆုပ်လိုက်ပြီး “မင်း

အရမ်းသန်မာတယ်လို့ ငါကြားတယ်။

ငါမယုံဘူး၊ မင်းရဲ့ခွန်အားကို

ငါကိုယ်တိုင်ခံစားကြည့်ချင်တယ်"

May Be:

၂၁၉၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၉၅ -
ငါခြိမ်းခြောက်နေတာဆိုရင် ဘာဖြစ်မလဲ

ငါနဲ့လက်တွေ့ယှဉ်ပြိုင်ချင်တာလား ။

ယန်ယွဲ့က အနက်ရောင်ဝတ်ရုံကို
ငုံ့ကြည့်လိုက်သည်။
အနက်ရောင်ဝတ်ရုံက
“ဒီကမ္ဘာကလူတွေဟာ
ကောလဟာလတွေကို ဖြန့်ရတာ

ကြိုက်တယ်ထင်တယ်...”ဟုထပ်ပြောပါသည်။

ယန်ယဲ့ က စကားမပြောဘဲ သူ၏လက်သီးကို ရှေ့သို့ ရုတ်တရက်လှမ်းထိုးလိုက်သည်။

သာမန်ရိုးရှင်းသော လက်သီးတစ်ချက်သာ။ ဘာထူးခြားမှုမှမရှိခဲ့ချေ။

သို့သော်လည်း

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏ခ

န္ဓာကိုယ်ဟာ တောင့်တင်း လာသည်။

သူသည်

မျက်လုံးထဲမှာထိတ်လန့်နေသောအကြည့်

များဖြင့် ယန်ယဲ့ကို စိုက်ကြည့်လိုက်ပြီး

"မင်း..."

သို့သော်လည်း ယန်ယဲ့ သည် ထိုလူကို လစ်လျူရှုကာ အကန့်အသတ်မဲ့ကြယ်တာရာကောင်းကင်ပြင်ထဲသို့ ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် အနက်ရောင်ဝတ်ရုံ၏ လက်ထဲမှ အနက်ရောင်တံဆိပ်ပြားတစ်ခု ရုတ်တရက် လွင့်ပျံလာသည် "သူ့ကို မရှာပါနဲ့၊ ဘယ်တော့မှ မလုပ်နဲ့..."

ထိုစကားပြောပြီးသည်နှင့်.....

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏

ခန္ဓာကိုယ်က ကြည်လင်လာသည်။

ထိုခဏလေးမှာပဲ

တစ်ခါမှမရှိဖူးသလိုပင်ပျောက်ကွယ်သွား

လေတော့သည်။

အသက်ရှူချိန် ၃

ရှိုက်စာခန့်အကြာတွင်တော့

လက်ထဲမှာစုတ်တံတစ်ချောင်းကိုင်ထား

သော သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာခဲ့သည်။

သက်လတ်ပိုင်းအဘိုးအိုက သူ့အပေါ်မှာ

လွင့်မျောနေသော

အနက်ရောင်တံဆိပ်ပြားကို မော့ကြည့်ပြီး

တစ်ချက်ပုတ်လိုက်သည်။ခဏအကြာတွ

င် အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏

အသံ ထွက်ပေါ်လာသည်။

သက်လတ်ပိုင်းအဘိုးအိုက
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
“ဘာဖြစ်သွားတာများလဲ”

ခဏအကြာတွင်
သက်လတ်ပိုင်းအဘိုးအိုက
တံတိပ်ပြားတစ်ခုကို ထုတ်ယူပြီး
လေထဲသို့ ပစ်တင်လိုက်သည်။

၁၅ မိနစ်လောက်အကြာတွင်တော့

သူ့ရှေ့ရှိ အာကာသပြင်ဟာ အနည်းငယ်

တုန်လှုပ်သွားသည်။ ထိုနေရာမှ

"ညမှုဆိုးတွေကို အသုံးပြုပြီး သူ့ကို

ဆက်ရှာပါ" ဟူသော အသံတစ်သံ

ထွက်လာသည်။

သက်လတ်ပိုင်းအဘိုးအိုက

တံဆိပ်ပြားကို အနည်းငယ်ဖိလိုက်သည်

"သူက သာမန်မဟုတ်ဘူး"

အချိန်အနည်းငယ်ကြာပြီးနောက်

“ငါတို့ကောင်းကင်ဘုံဌာနက

ဘယ်သူ့ကိုမှ

မကြောက်ဖူးဘူးမဟုတ်လား” ဟူသော

အသံတစ်သံ ထွက်လာသည်။

သက်လတ်ပိုင်းအဘိုးအို က

ခဏကြာသည်အထိ

ငြိမ်သက်သွားသည်။

ဤအတောအတွင်း "အကြံပေးပုဂ္ဂိုလ်၊
သဘောတူညီချက်ကို ငြင်းပယ်ရင်
ငါတို့ယူထားတဲ့ တန်ကြေးထက် ၂
ဆပြန်ပေးရမယ်။ ဒါဟာ
ငါတို့ရဲ့ဂုဏ်သိက္ခာကိုပါ
ထိခိုက်စေလိမ့်မယ်"

သက်လတ်ပိုင်းအဘိုးအိုက အနည်းငယ်ခေါင်းညိတ်ပြပြီး
“ညမုဆိုးသုံးယောက်ကို ငါ့ဆီ ပို့ပေးပါ”

အသံက “မင်းကိုယ်တိုင်လုပ်မှာလား” ဟူ၍မေးခဲ့သည်။

အကြံပေးပုဂ္ဂိုလ်က "အမှောင်ခန်းမရဲ့ လုပ်ကြံသတ်ဖြတ်သူတွေကို သတ်ရဲတဲ့ ဒီညဏ်ကြီးရှင်က

ဘယ်လောက်သန်မာနေလဲ

ငါကိုယ်တိုင်မြင်ချင်တယ်"

“ကောင်းပြီ။ ၁၅ မိနစ်အတွင်း သူတို့

အဲဒီကို ရောက်လိမ့်မယ်” ဟု အသံက

ဆက်ပြောသည်။

ထို့နောက် ပတ်ဝန်းကျင်က တစ်ဖန်ပြန်ပြီး

တိတ်ဆိတ်သွားသည်။

အကြံပေးပုဂ္ဂိုလ်က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

လက်ထဲကစုတ်တံဖြင့် သူ့ရှေ့ရှိ

အာကာကသပြင်ကို ဝှေ့ယမ်းလိုက်သည်။

အောင်း....

ထိုနေရာသည် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် အနည်းငယ်

တောက်ပလာသည်။တစ်ချိန်တည်းမှာပင်

အကန့်အသတ်မဲ့ကြယ်တာရာကောင်းက
င်ပြင်ထဲသို့ တိုးဝင်သွားသော မှုန်ဝါးဝါး
အမှတ်အသားများ
ပေါ်လာသည်။

အမှတ်အသားများကို
စိုက်ကြည့်လိုက်သောအခါ
အကြံပေးပုဂ္ဂိုလ် က အနည်းငယ်
မျက်မှောင်ကြုတ်ကာ “ဒီလိုအင်အား....”

...

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည် နောက်ထပ် ဂြိုဟ်သေတစ်လုံးကို လိုက်ရှာနေခဲ့သည်။ ကောင်းကင်ဘုံဌာန နှင့်ပတ်သက်၍တော့ သူ့စိတ်ထဲ အာရုံမခံပေ။

အမှန်တော့ သူသည် မူလစေတီထဲမှာ လေ့ကျင့်လိုခဲ့သည်။ သို့သော်လည်း

မူလစေတီထဲမှ

ကမ္ဘာကိုဖျက်ဆီးလိုက်ပါက

သေချာပေါက် ရိုက်နှက်ခံရပေမည်။

.....

အချိန်တော်တော်ကြာပြီးနောက် ယန်ယဲ့

သည် ဂြိုဟ်သေတစ်လုံးကို

ရှာတွေ့သွားသည်။

ထို့နောက်တွင်တော့......

ဂျုန်း....

လက်သီးဖြင့်
တရကြမ်းထိုးချပါတော့သည်။

သက်ရှိများ ကင်းမဲ့နေသော
ဂြိုဟ်သေဖြစ်ရာ သူ့အတွက်
ပြဿနာဖြစ်မည်ကို စိတ်ပူစရာမလိုဘဲ

ခွန်အားအပြည့် ထုတ်သုံးနိုင်ပါသည်။

သို့သော်လည်း သူ့ပတ်ဝန်းကျင်ရှိ

အာကာသပြင်ဟာ ပျက်စီးမသွားပေ၊

အောက်မြေပြင် သာ ပြိုကျသွား၏။

လက်သီးတစ်ချက်ထိုးချလိုက်တိုင်း

ကြောက်မက်ဖွယ်ရာ

စွမ်းအင်တိမ်တိုက်များ အထက်သို့

တက်လာခဲ့သည်။

တစ်ချိန်တည်းတွင် အောက်မြေပြင်သည်
အဆုံးမရှိ ပြိုကျသွားသည်။

ပေါက်ကွဲနိုင်သောစွမ်းအား။

အစပိုင်းတွင်တော့ သူသည်
ထိန်းချုပ်ခြင်းစွမ်းရည် ကို
လေ့ကျင့်ခဲ့တာပါ။ အာကာသနှင့်
ပစ်မှတ်ကို ဖျက်ဆီးပစ်ရန်
သူ၏စွမ်းအင်ကို စုစည်းရပေမည်။

ဤအခိုက်အတန့်မှာ သူသည်

ပေါက်ကွဲစွမ်းအားကို

လေ့ကျင့်နေခဲ့သည်။ အရာခပ်သိမ်းကို

အကြွင်းမဲ့ခွန်အားဖြင့် ဖျက်ဆီးခြင်း။

ခွန်အားက

အဆင့်တစ်ခုသို့ရောက်သောအခါ

နည်းစနစ်အားလုံး အသုံးမဝင်တော့ပေ။

သို့သော် ထိုအဆင့်ရောက်ဖို့က
ခက်ခဲသလို
အကြွင်းမဲ့ခွန်အား လိုအပ်ပါသည်။

ယန်ယဲ့ သည် လက်သီးနှစ်ဖက်ကို
ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး
မြေပြင်ပေါ်တွင် ရပ်နေကာ
သူ၏ညာလက်ကို ငုံ့ကြည့်လိုက်သည်။
ဤအခိုက်အတန့်တွင် သူသည်

စစ်နတ်ဘုရား၏ညာဖက်လက်မောင်း

တော်မှ ခွန်အားကို

အပြည့်အဝထိန်းချုပ်နိုင်ပါပြီ။

ချိတ်ပိတ်ထားဖို့မလိုတော့ပေ။

သိပ်မကြာလိုက်ဘဲ

သူ၏ညာဖက်လက်မောင်းပေါ်၌

ရှေးဟောင်းစပါးအုံးဝိညာဉ်

ပေါ်လာသည်။

ယန်ယဲ့သည် ရှေးဟောင်းစပါးအုံးကို

စိုက်ကြည့်ရင်း ခဏမျှ

တိတ်ဆိတ်သွားပြီးနောက် သူ၏

ညာဖက်လက်သီးကို ထိုးချလိုက်သည်။

ဂျုန်း....

ကီလိုမီတာ ၃၀၀ ခန့်ရှိ ဧရိယာက

ပြိုကျသွားသည်။ သူ့အောက်တွင်

အနက်မသိနိုင်သော

တွင်းနက်ကြီးဖြစ်ပေါ်လာသည်။

ယန်ယဲ့ သည်

ရှေးဟောင်းစပါးအုံးဝိညာဉ်ကို

တစ်ချက်ကြည့်လိုက်သည်။

ပြောစရာမလိုအောင်ပါ၊

ရှေးဟောင်းစပါးအုံး၏ ခွန်အားက

တော်တော်ကို အသုံးဝင်ပါသည်။

အကြောင်းမှာ သူ၏လက်သီးချက်က

ယခင်ထက် ပိုအားကောင်းနေလို့ပါ။

ဟိုချင် က ရုတ်တရက် ပြောခဲ့သည်

"မင်းလေ့ကျင့်တာ ပြီးဆုံးသွားပြီ"

ယန်ယဲ့က "ငါတို့

ဆက်ပြီးမလေ့ကျင့်တော့ဘူးလား"

ဟိုချင် က "အခုလက်ရှိ မင်းက

မင်းခန္ဓာကိုယ်ရဲ့ ကန့်သတ်ချက်ထဲမှာ

ရှိတယ်။ လေ့ကျင့်တာက

ခွန်အားမြှင့်တင်နိုင်ပေမယ်လို့ ဒါဟာ

ကိုယ်ပိုင်အကန့်အသတ်ကိုကျော်လွန်

သွားလိမ့်မယ်။ ဒီတော့

မင်းရဲ့ခန္ဓာကိုယ်ကို

တန်ပြန်ထိခိုက်စေနိုင်တယ်။ ဒါကြောင့်

ခန္ဓာကိုယ် လေ့ကျင့်မှု မပြီးခင်မှာ

ကျင့်ကြံမှုအဆင့်

တိုးတက်လာဖို့စောင့်ဆိုင်းရမယ်။

ရုပ်ခန္ဓာကိုယ်အပြင် လူတစ်ယောက်ရဲ့

ကျင့်ကြံမှုအဆင့်က

အခြေခံအုတ်မြစ်ဆိုတာ သတိရပါ။

မင်းရဲ့ ကျင့်ကြံမှုအဆင့်က

မင်းကိုတိုးတက်အောင်လုပ်ပေးနိုင်တယ်

။ အဲဒီအခါမှာ မင်းရဲ့ခွန်အားကို

ပိုလို့တောင် ဖော်ထုတ်နိုင်စေလိမ့်မယ်”

"ငါနားလည်ပါတယ်" ယန်ယွဲ့က ခေါင်းညိတ်ပြီး "အခုလက်ရှိ ငါ့အနေအထားက အမှောင်ဧကရာဇ်ကို အနိုင်ယူနိုင်မလား"ဟု မေးလိုက်ပါသည်။

"တော်တော်လေးခက်လိမ့်မယ်" ဟိုချင်က "သူက အခု မင်းကို သတ်ဖို့လည်း တော်တော် ခက်နေလိမ့်မယ်။ ဒါပေမဲ့ သူ့ကို အနိုင်ယူဖို့တော့ ခက်ခဲနေသေးလို့ အခုလောလောဆယ် သူ့ကိုသတ်ဖို့

မစဉ်းစားပါနဲ့။ နောက်ဆုံးတော့

မင်းတို့နှစ်ယောက်ကြားမှာ

ကျင့်ကြံမှုအဆင့်က

တော်တော်လေးကွာဟတယ်။ မင်းက

အဆင့်ကျော်တိုက်ခိုက်နိုင်တယ်ဆိုတာ

ငါသိပါတယ်။

ဒါပေမဲ့ သူလည်း အရင်တုန်းက

ဉာဏ်ကြီးရှင်တစ်ယောက် ဖြစ်ခဲ့တာပဲ၊

ဒါဆို အတူတူပဲမဟုတ်ဘူးလား။
ငါပြောနေတာကို နားလည်လား"

ယန်ယဲ့က "ငါနားလည်ပါတယ်။
စိတ်မပူပါနဲ့၊ ငါသူ့ကို အခုချက်ချင်း
သွားပြီးတိုက်ခိုက်မှာမဟုတ်ဘူး"

အမှောင်ဧကရာဇ်
တစ်ယောက်တည်းမဟုတ်လို့ပါ။
အမှောင်ခန်းမတစ်ခုလုံးရှိနေ၏။

ထို့အပြင် အခုလက်ရှိအခြေအနေက

သူသည်

ကောင်းကင်တိုင်တောင်တန်းတစ်ခုလုံး၏

ပစ်မှတ်ဖြစ်နေခဲ့သည်။ အဓိကကတော့

သစ်သားဓား ကြောင့်ပါ။ အကယ်၍

အမှောင်ဧကရာဇ်ကို တိုက်ခိုက်လျှင်

နှစ်ဖက်စလုံး ဒဏ်ရာအပြင်းအထန်

ရသွားပါက တတိယလူဟာ

အကျိုးအမြတ်ဝင်ယူသွားပေမည်။

နောက်ဆုံးတွင် အမှောင်ကေရာဇ် သည်

ကောင်းကင်တိုင်တောင်တန်း၏

တစ်ယောက်တည်းသော

ကနဦးညဏ်အလင်းသခင် မဟုတ်ချေ။

ယန်ယဲ့ သည် သူ့အတွေးများကို

ထိန်းထားပြီး ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည် "ငါ

ဒီကိုရောက်နေမှတော့ ပြန်မသွားခင်

ဒီနေရာကို နည်းနည်းတော့

ဖြို့ချပစ်လိုက်မယ်"

စကားပြောပြီးနောက် သူ၏ညာလက်သီး

မြေပြင်သို့ ထိုးချလိုက်သည်။

ဂျုန်း... ဂျုန်း.... ဂျုန်း .....

ကျယ်လောင်သော ပေါက်ကွဲသံများ

အဆက်မပြတ် ပွဲတင်ထပ်လာသည်။

တစ်ချိန်တည်းမှာပင်

စွမ်းအင်တိမ်တိုက်များ အထက်သို့

တက်လာခဲ့သည်။

၁ ရက်ခန့်အကြာ လေ့ကျင့်ပြီးနောက်တွင်

ယန်ယဲ့ သည် ဂြိုဟ်သေပေါ်မှ

ပြန်ထွက်ရန်ပြင်လိုက်သည်။

ဤအတောအတွင်း သူရပ်နေသော

ဂြိုဟ်သေက လုံးလုံးလျားလျား

ပြိုကျသွားတာပါ။

ယန်ယဲ့ သော် ထွက်သွားရန်ပြင်လိုက်ပြီးမှ ပတ်ဝန်းကျင် တစ်နေရာကို စိုက်ကြည့်လိုက်ကာ "ကိုယ့်ကိုယ်ကို ပြုပါ"ဟုပြောလိုက်သည်။

စကားပြောပြီးသည်နှင့် မရှေးမနှောင်းပင် ခပ်လှမ်းလှမ်းရှိ အာကာသပြင်က တုန်လှုပ်သွားသည်။ သိပ်မကြာလိုက်ပေ၊

စုတ်တံကိုင်ထားသောလူတစ်ယောက်

သူ့ရှေ့တွင် ပေါ်လာသည်။

၎င်းက ကောင်းကင်ဘုံဗျာန၏

အကြံပေးပုဂ္ဂိုလ် ပါ။

ဤအချိန်တွင် အကြံပေးပုဂ္ဂိုလ်၏

နောက်ကွယ်၌ အနက်ရောင်အရိပ် ၃ ခု

ရှိနေသည်။ သုံးယောက်စလုံး ခါးတွင်

ဓားပျော့များ ရစ်ပတ်ထားသည်။

ထို့အပြင် တစ်ယောက်စီက

လေးကိုင်းများကိုကိုင်ထားကြသည်။

အနက်ရောင်ဝတ်ရုံများက

တဖျပ်ဖျပ်ဖျပ်ခတ်နေလေရာ

ကြည့်ရသည်ကား

အတော်လေးထူးဆန်းနေပုံရသည်။

သို့သော် ဘာအငွေ့အသက်မှ

ထွက်ပေါ်နေခြင်းမရှိပေ။

ယန်ယဲ့ က အကြံပေးပုဂ္ဂိုလ်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းတစ်ခုခုလိုသေးလား"ဟုသာမေးလိုက်သည်။

အကြံပေးပုဂ္ဂိုလ်က ယန်ယဲ့အား ခဏကြာစိုက်ကြည့်နေပြီးနောက် ခေါင်းခါလိုက်ပြီး "မဟုတ်ဘူး၊ ငါတို့ ဖြတ်သွားနေတာပါ"ဟုပြန်ဖြေသည်။ အမှန်တော့ သူ့မျက်စိရှေ့မှ

ဂြိုဟ်တစ်ခုလုံး

ပျောက်ကွယ်သွားသည်ကို

တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တာပါ။

ထိုအချိန်မှာပဲ ယန်ယဲ့က ရုတ်တရက်

ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် ခေါင်းညိတ်ပြီး

နောက်လှည့်ကာ

ထွက်သွားရန်ပြင်လိုက်၏။

သို့သော်လည်း သူ့စိတ်ထဲမှာ တစ်ခုခုကို တွေးမိပြီး ရပ်သွားသည်။

ဤမြင်ကွင်းအား မြင်လိုက်သဖြင့် အကြံပေးပုဂ္ဂိုလ်ဟာ မျက်လုံးထောင့်များလှုပ်ယမ်းသွားလေသည်။

သူ၏လက်ထဲကအနက်ရောင်စုတ်တံကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်သည်။

ယန်ယဲ့က နောက်လှည့်လာရင်း

အကြံပေးပုဂ္ဂိုလ်ကို စိုက်ကြည့်ကာ

"ငါထင်တာမမှားရင် မင်းဟာ အဲဒီအဖွဲ့ထဲ

ကောင်းကင်ဘုံဌာန က မဟုတ်လား"

ဟုတ်ပါတယ်.....။

အကြံပေးပုဂ္ဂိုလ်က ခေါင်းညိတ်ပြသည်

ယန်ယွဲ့က ဆက်မေးလိုက်ပါသည်

"ကောင်းကင်ဘုံဗှာနက

ငါ့ကိုလိုက်ရှာနေတာလား"

အကြံပေးပုဂ္ဂိုလ်က ခေါင်းညိတ်ပြီး

"မင်းကိုရှာဖို့အတွက်

ငါတို့ရဲ့အင်အားအပြည့်သုံးပေးဖို့

အမှောင်ဧကရာဇ် က

တောင်းဆိုထားတယ်"

ယန်ယဲ့ က  "ဒါဆို မင်းငါ့ကိုရှာတွေ့ပြီ။

အခုဘာလုပ်ဖို့စီစဉ်ထားလဲ"

အကြံပေးပုဂ္ဂိုလ်က ယန်ယဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ပြီး

"အခုချက်ချင်းပြန်သွားပြီးတော့

အဖွဲ့အစည်းကို

တန်ကြေးနှစ်ဆပြန်ပေးခိုင်းလိုက်တာ

အကောင်းဆုံးပဲထင်တယ်" ဟု

ပြန်ပြောခဲ့သည်။

ယန်ယဲ့က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး "ငါတို့ အတူတူ

လုပ်လို့ရမလား"

အကြံပေးပုဂ္ဂိုလ်က ခဏမျှစဉ်းစားပြီး

ခေါင်းခါလိုက်သည်

“လောလောဆယ်တော့ မဟုတ်ဘူး။

တန်ကြေးကို ပြန်မပေးရသေးဘူး၊

အဲဒါပြီးတဲ့အထိ ရန်သူဖြစ်နေတုန်းပဲ”

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး ထပ်ပြောပါသည် “မင်းရဲ့ခေါင်းဆောင်ကို သတင်းပို့ပေးပါဦး။ ဒါဟာ ငါနဲ့ အမှောင်ခန်းမကြားက ပဋိပက္ခဆိုတော့ ကောင်းကင်ဘုံဌာနအနေနဲ့ ဝင်မစွက်ဖက်ရင် အကောင်းဆုံးပဲ”

ဤအချိန်တွင် အကြံပေးပုဂ္ဂိုလ်၏ နောက်ကွယ်မှ

အနက်ရောင်အရိပ်တစ်ခုကအေးစက်စ
က်လေသံဖြင့် “မင်း ငါတို့ကို
ခြိမ်းခြောက်နေတာလား” ဟု
မေးခဲ့သည်။

ယန်ယွဲ့ က အနက်ရောင် အရိပ်ကို
ကြည့်ပြီး "ငါဟုတ်တယ်ဆိုရင်
မင်းဘာလုပ်မှာလဲ"

အကြံပေးပုဂ္ဂိုလ်က

ထိုအနက်ရောင်အရိပ်ကို လှည့်ကြည့်ကာ

အေးစက်စက်အော်ငေါက်လိုက်သည်

“မင်းရဲ့ပါးစပ်ကိုပိတ်ထားလိုက်"

အနက်ရောင်အရိပ်က ချက်ချင်း

တိတ်ဆိတ်သွားသည်။

အကြံပေးပုဂ္ဂိုလ်က ယန်ယွဲ့ကို

စိုက်ကြည့်ရင်း “ကောင်းပြီ။

မင်းပြောတဲ့စကားကို
ငါပြန်ပို့ပေးမယ်”ဟုပြောလိုက်သည်။

ယန်ယဲ့ သည် ခေါင်းညိတ်ပြပြီး
တစ်ချိန်တည်းမှာပဲ အဝေးဆီသို့
ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့်
အကြံပေးပုဂ္ဂိုလ်ဟာ သိသိသာသာပင်
ငြိမ်သက်သွားခဲ့သည်။

ဖိအား.....

ယန်ယဲ့ ရှေ့တွင် ရပ်နေစဉ်

မမြင်နိုင်သောဖိအားကို ခံစားရသည်။

လုံးဝကိုကြောက်စရာကောင်းသောဖိအား

တစ်ခုပါ။

"သူက ဘယ်လောက်တောင် သန်မာလဲ"

အကြံပေးပုဂ္ဂိုလ်က မျက်နှာပေါ်တွင်

လေးနက်သောအမူအရာဖြင့်
ပြောလိုက်လေသည် “ငါတို့မှားခဲ့တာ။
သူ့ရဲ့အစွမ်းအစကို
အသေးစိတ်မစုံစမ်းခင် ဒါကိုလုပ်ဖို့
သဘောတူခဲ့တယ်...” ထို့နောက်
အဝေးဆီသို့ လှမ်းကြည့်ကာ
“ခေါင်းမာတဲ့ လူအိုကြီးတွေသာ
ပြန်ပေးဖို့ငြင်းနေရင် ငါတို့က

သေချာပေါက်

တစ်ခုခုတော့ဆုံးရှုံးရလိမ့်မယ်”

ထိုစကားပြောပြီးသည်နှင့်

အနက်ရောင်အရိပ် ၃ ခု နှင့်အတူ

ပျောက်ကွယ်သွားသည်။

အကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့

ပျောက်ကွယ်သွားသည့်နောက်တွင်

သူတို့ရပ်နေခဲ့သည့် နေရာမှာပဲ

ပုံရိပ်တစ်ခု ပေါ်လာသည်။

အခြားမဟုတ်ဘဲ ယန်ယွဲ့ပါ။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ သည်

အကြံပေးပုဂ္ဂိုလ် ပျောက်ကွယ်သွားသော

ဦးတည်ရာကို စိုက်ကြည့်နေသည်။

သူသည် ခဏမျှ စဉ်းစားပြီးနောက်

သူတို့နောက်သို့ လိုက်ပါသွားခဲ့သည်။

ကောင်းကင်ဘုံဗျာန သည် သူ့ကိုပင်

ချက်ချင်း ရှာဖွေနိုင်လေရာ

အမှောင်ဧကရီ နှင့်အခြားသူများကို

ရှာဖွေနိုင်ကြောင်း ဆိုလိုပါသည်။

ထို့ကြောင့် ပြဿနာကြီးမလာခင်

အရင်ဦးဆုံး ကိုင်တယ်ဖြေရှင်းထားရန်

ဆုံးဖြတ်လိုက်သည်။

ထို့နောက်တွင်တော့ ယန်ယဲ့ သည်

အသံတစ်ချက်မထွက်ဘဲ

နောက်ကနေလိုက်ပါသွားသည်။

သိပ်မကြာလိုက်ဘဲ

တောင်တန်းတစ်ခုဆီသို့

ရောက်လာခဲ့သည်။

May Be:

၂၁၉၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၉၆ - ဒါဟာ

ပျက်စီးလွယ်တယ်

တောင်တန်းကြီးသည်

အလွန်ပင်ထူးဆန်းနေခဲ့သည်။

အကြောင်းမှာ အထက်ကောင်းကင်မှ

ငုံ့ကြည့်လျှင်

လုံးဝမရှိပေ။တောင်တန်းကြီးအစား

အဆုံးအစမဲ့သော

လွင်ပြင်ကျယ်ကြီးကိုသာ

မြင်ရလေသည်။သို့သော်လည်း မြေပြင်မှ

လှမ်းကြည့်လျှင် မျက်စိတစ်ဆုံး

တည်ရှိနေသော တောင်တန်းကြီးတစ်ခုကို

သတိပြုမိပေမည်။

ပုံရိပ်အယောင်အစီအရင်....

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

တောင်တန်းတစ်ဝိုက် အဆင့်မြင့်

ဖုံးကွယ်ခြင်းအစီအရင်တစ်ခုရှိနေကြော
င်း သဘောပေါက်လိုက်သည်။

တောင်ကုန်းအနည်းငယ်ကို
ဖြတ်သန်းလာပြီးနောက်တွင် ယန်ယဲ့
သည် အကြံပေးပုဂ္ဂိုလ် နှင့်အဖွဲ့၏
နောက်ကနေ နန်းတော်တစ်ခုထဲသို့
လိုက်ဝင်သွားခဲ့သည်။နန်းတော်သည် ၁
ကီလိုမီတာကျော် ကျယ်ဝန်းသည်။
ထူးခြားသည်မှာ နန်းတော်တစ်ခုလုံးက

ထူးဆန်းသောအနက်ရောင်ကျောက်တုံး

များဖြင့်တည်ဆောက်ထားတာပါ။

ပတ်ပတ်လည်တွင်လည်း ထူးဆန်းသော

မှော်သတ်ော်များရှိနေသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေပြီး

ဤနေရာတွင် ဘာအော်ရာမှ မရှိကြောင်း

သတိပြုမိလိုက်သည်။

ဘာအငွေ့အသက်မှ အာရုံမနိုင်ပေ။

အကယ်၍ သူသည် ဓားနယ်မြေကို
အသက်သွင်းလိုက်ရင်တော့
ပတ်ဝန်းကျင်အခြေအနေကို
မြင်တွေ့နိုင်၏။ သို့သော်လည်း
တစ်ဖက်လူက သူရောက်နေသည်ကို
သတိပြုမိသွားပေမည်။

ဤအခိုက်အတန့်တွင် သဘာဝအတိုင်း
စိတ်ထင်ရာလျှောက်မလုပ်ဝံ့ပေ။

ဤအချိန်တွင် နန်းတော်တံအတွင်းခါး
ပွင့်လာသည်။

အကြံပေးပုဂ္ဂိုလ်က
လျှောက်ဝင်သွားသည်။ သို့သော်လည်း
သူ့နောက်ကွယ်ရှိ အနက်ရောင်အရိပ် ၃

ခုက ဦးညွှတ်ပြီး နေရာမှာတင်
ပျောက်သွားကြသည်။

ယန်ယဲ့ သည်လည်း
နန်းတော်အတွင်းတံခါးမပိတ်ခင်မှာ
အထဲသို့အမြန်လိုက်ဝင်လာသည်။

နန်းတော်အတွင်းပိုင်းသည် အလင်းရောင်
လုံးဝမရှိပေ။
အမှောင်အတိကျနေခဲ့သည်။

အကြံပေးပုဂ္ဂိုလ်က နန်းတော်အလယ်သို့ လျှောက်သွားပြီး ထိုနေရာတွင် ရပ်လိုက်သည်။ ခဏအကြာတွင် သူ့ရှေ့မလှမ်းမကမ်း၌ အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်ဦး ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက
စကားမပြောသေးဘဲ အကြံပေးပုဂ္ဂိုလ်ကို
ကျောခိုင်းထားလျက် တိတ်ဆိတ်နေ၏။

အကြံပေးပုဂ္ဂိုလ်က အနည်းငယ်
ဦးညွှတ်ကာ "တတိယခေါင်းဆောင်"ဟု
နှုတ်ဆက်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသား က
အကြံပေးပုဂ္ဂိုလ်ကို

လှည့်ကြည့်လိုက်သည်။

ဤအတောအတွင်း

သက်လတ်ပိုင်းအမျိုးသားက

မျက်နှာလှည့်လာသည်။ သို့သော်လည်း

သားရေမျက်နှာဖုံးတစ်ခုတပ်ဆင်ထားသ

ဖြင့် ၎င်း၏မျက်နှာကို မမြင်နိုင်ပေ။

တတိယခေါင်းဆောင်က “

အမှောင်စေကရာဇ်က ငါတို့ကို

ဘာကတိပေးထားတယ်ဆိုတာ

မင်းသိလား” ဟုမေးခဲ့သည်။

အကြံပေးပုဂ္ဂိုလ်က ခေါင်းကို

အနည်းငယ်ခါယမ်းသည်။

တတိယခေါင်းဆောင်က “ဘ၀သစ်သီး

အလုံး ၂၀၊ အရိုးနဲ့သွေးအဆိပ်ကို

ဖြေနိုင်တဲ့ နတ်ဝိညာဉ်ဆေးပြား ၃၀ နဲ့

မူလအထက်ဆင့်ရတနာတစ်ခု။ ငါတို့ရဲ့

ကောင်းကင်ဘုံဌာနက

သူ့အကူအညီလိုရင် တစ်ကြိမ်လောက်

ကူညီမှာပါလို့ ထပ်ပြီး

ကတိပေးထားသေးတယ်"

ကနဦးဉာဏ်အလင်းသခင် ရဲ့အကူအညီ။

အကြံပေးပုဂ္ဂိုလ် လည်း

မျက်နှာပျက်သွားသည်။

အမှောင်ဧကရာဇ် ကမ်းလှမ်းထားသော

တန်ကြေးက အလွန်တန်ဖိုးရှိကြောင်း

ပြောရန်မလိုပေ။ အထူးသဖြင့်

နောက်ဆုံးအခြေအနေဖြစ်သည့်

ကနဦးညဏ်အလင်းသခင်၏

အကူအညီပါ။ လုံးဝကို

မငြင်းပယ်သင့်သော

ကမ်းလှမ်းချက်တစ်ခုပင်။

ဤအတောအတွင်း

တတိယခေါင်းဆောင်က

ဆက်ပြောလိုက်သည် "ဒါတွေအားလုံးက အရေးမကြီးပါဘူး။ အရေးကြီးဆုံးကတော့ သူက ယန်ယွဲ့ကိုသတ်နိုင်ရင် သစ်သားဓားကို အတူတူသုံးဖို့ သဘောတူခဲ့တာပဲ"

အကြံပေးပုဂ္ဂိုလ်က မျက်မှောင်ကြုတ်ကာ "မင်းဉာဏ်ကောင်းတယ်ဆိုရင်တော့ ဒါတွေအားလုံးမှာ

ပြဿနာတစ်ခုရှိတယ်ဆိုတာ မင်းသိလောက်မယ်ထင်တယ်”ဟုပြောလိုက်သည်။

"ဒါပေါ့၊ သဘာဝအတိုင်း ငါသိတာပေါ့" တတိယခေါင်းဆောင်က ပြောပါသည် "ဒီအမှောင်ဧကရာဇ်က လူကောင်းမဟုတ်ဘူး။ မရေမတွက်နိုင်တဲ့ ဆုလာဘ်တွေနဲ့ကမ်းလှမ်းတာက အကြောင်းရှိလို့ဆိုတာ သေချာပါတယ်။

သစ်သားဓားကို သူရသွားတာနဲ့

တခြားလူတွေရဲ့ လက်ကနေ

ကာကွယ်ပေးဖို့ ငါ့ကောင်းကင်ဘုံဌာနကို

လှည့်စားနေတာလေ”

အကြံပေးပုဂ္ဂိုလ်က ခဏမျှ

တုံ့ဆိုင်းသွားပြီး "ဒါကို ငါတို့

ဝင်မစွက်ဖက်ဖို့

အကြံပေးချင်တယ်"ဟုပြောခဲ့သည်။

တတိယခေါင်းဆောင်က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

"ငါတို့က သဘာဝအတိုင်း

သစ်သားဓားနဲ့ပတ်သက်တဲ့ ရေဝဲထဲကို

ဝင်လို့မရဘူး၊

အကျိုးဆက်တွေကိုမခံနိုင်လို့။ ဒါပေမဲ့

ငါတို့က ယန်ယွဲ့ကို ရှာတွေ့အောင်

ကူညီပေးလိုက်ရုံလည်း

အဆင်ပြေပါတယ်။ သူနဲ့

မဟာမိတ်လုပ်ပြီးတော့

သစ်သားကို မတောင်းဆိုပါဘူး။ ဒီတော့

လိုရင်းကိုပြောရရင်

ယန်ယဲ့ကိုရှာတွေ့အောင်ကူညီတာပ

ငါတို့ဘာမှမဆုံးရှုံးဘူး"

အကြံပေးပုဂ္ဂိုလ်က

ရုတ်တရက်ပြောလိုက်သည်

“တတိယခေါင်းဆောင်၊ ယန်ယဲ့က သာမန်မဟုတ်ဘူး။ အမှောင်ဇကေရာဇ်ကို ငါတို့ကူညီရင် သူက ငါတို့ကို လက်စားချေမှာ သေချာတယ်။ အရင်တုန်းကဆိုရင်တော့ ငါတို့ကောင်းကင်ဘုံဌာနကသူ့ကို ကြောက်စရာ မလိုတာပါ၊ ဒါပေမဲ့ အခုက...”

အစောပိုင်းက သူမြင်ခဲ့သမျှကို
သက်လတ်ပိုင်းအမျိုးသားအား
ပြန်ပြောပြသည်။

အသက်ရှူချိန် ၅
ရှိုက်စာလောက်အကြာတွင် ခန်းမသည်
လုံးလုံး တိတ်ဆိတ်သွားသည်။

တတိယခေါင်းဆောင်က
အချိန်တော်တော်ကြာမှ

ထပ်ပြီးပြောပါသည် “ အမှောင်ဧကရာဇ်

က သစ်သားဓားအတွက်နဲ့တင် ငါတို့ကို

ဒီလောက်ကြီးမားတဲ့

အဖိုးအခပေးချေတာမဟုတ်ဘူး။

အဓိကပစ်မှတ်က ယန်ယဲ့ပဲ။ သူ့ကို

နောက်ထပ်နှစ်အနည်းငယ်လောက်အချိန်

ပေးလိုက်ရင် အမှောင်ဧကရာဇ်ကို

ခြိမ်းခြောက်နိုင်လိမ့်မယ်”

အကြံပေးပုဂ္ဂိုလ်က

ရုတ်တရက်ပြောလိုက်သည် "ပြီးတော့

သူက ငါတို့ကိုပါ

ခြိမ်းခြောက်လာနိုင်တယ်"

တတိယခေါင်းဆောင်က

ခေါင်းညိတ်လိုက်သည် “အမှန်ပဲ။

ဒါကြောင့် အမှောင်ဧကရာဇ်

နဲ့တစ်ဖက်တည်းပေါင်းပြီး

သူ့ကိုသေစေရမယ်။ မဟုတ်ရင် ငါတို့ဟာ

အနာဂတ်မှာ မဆုံးနိုင်တဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်”

အကြံပေးပုဂ္ဂိုလ်က "တတိယခေါင်းဆောင်၊ သေချာလား"ဟုထပ်မေးလိုက်သည်။

တတိယခေါင်းဆောင်က “ငါတို့က သဘောတူညီချက်ကို ငြင်းပယ်လိုက်ရင် ကောင်းကင်တိုင်တောင်တန်းတစ်ခုလုံးရဲ့

ရယ်မောစရာတွေဖြစ်လာလိမ့်မယ်။

မင်းအမြင်မှာ ငါတို့က

ယန်ယွဲ့ကိုကြောက်နေတယ်လို့အပြောမခံ

ချင်ဘူးမဟုတ်လား”

အကြံပေးပုဂ္ဂိုလ်က စကားပြန်မပြောဘဲ

ငြိမ်သက်သွားသည်။

ဤအချိန်တွင် တတိယခေါင်းဆောင်၏
ရှေ့မှ အာကာသည် တုန်လှုပ်သွားပြီး
သူ့ရှေ့မှာ စာလိပ်တစ်ခုပေါ်လာသည်။

တတိယခေါင်းဆောင်က စာလိပ်ကို
နှိပ်လိုက်သည်။ စာလိပ်က
အဖြူရောင်အလင်းတန်းတစ်ခုအဖြစ်
ပြောင်းကာ
သူ၏နဖူးအလယ်တည့်တည့်သို့ဝင်သွား
သည်။

အသက်ရှူချိန် ၃ ရှိုက်စာခန့်အကြာတွင်

တတိယခေါင်းဆောင်က

အကြံပေးပုဂ္ဂိုလ်ကို စိုက်ကြည့်ကာ

“တခြားသူတွေကို အကြောင်းကြားပါ။

ယန်ယွဲ့ နဲ့အတူရှိခဲ့တဲ့အမျိုးသမီးကို

လိုက်ရှာပါ။ ၁ ရက်အတွင်း

သူတို့ဘယ်ရောက်နေလဲငါသိချင်တယ်။

ငါ....”

ဤအခိုက်အတန့်တွင်

တတိယခေါင်းဆောင်နှင့်

အကြံပေးပုဂ္ဂိုလ်၏ အမူအရာများ

သိသိသာသာ ပြောင်းလဲသွားသည်။

တစ်ချိန်တည်းတွင်

အေးစက်စက်အလင်းတန်းတစ်ခုက

တတိယခေါင်းဆောင်၏

နဖူးရှေ့ရောက်လာခဲ့သည်။

သို့သော်လည်း တတိယခေါင်းဆောင်က

မြန်မြန်ဆန်ဆန် တုံ့ပြန်လိုက်သည်။

သူ၏လက်ဝါးကိုမြှောက်ကာ

ဓားကိုတားဆီးလိုက်သည်။

သို့သော် ဓားက

အနည်းငယ်လည်ထွက်ကာ

သူ၏လက်ဝါးကိုထုတ်ချင်းဖောက်သွားခဲ့

သည်။ ထို့နောက်

တတိယခေါင်းဆောင်၏

နဖူးအလယ်သို့ဖိကပ်သွားသည်။

ပတ်ဝန်းကျင်သည် ချက်ချင်းပင်

တိတ်ဆိတ်သွားသည်။

ထိုခဏလေးမှာပဲ

တတိယခေါင်းဆောင်ရှေ့တွင်

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ဦး ပေါ်လာသည်။ ၎င်းက

တတိယခေါင်းဆောင် ပြောနေသော

ယန်ယဲ့ပါ။

တတိယခေါင်းဆောင်က ယန်ယဲ့ကို

စိုက်ကြည့်ပြီး “မင်းဟာ ငါတို့

သတိမထားဘဲ ခိုးဝင်လာဖို့

မမျှော်လင့်ထားတော့ဘူး။ မင်းရဲ့

ဖုံးကွယ်မှုစွမ်းရည်က

ငါ့ကောင်းကင်ဘုံဩာနထက်တောင်မှ

သာလွန်နေပုံပဲ”

ယန်ယဲ့ က

အေးစက်စက်သာပြောလိုက်သည်

“မင်းရဲ့

သောက်အဓိပ္ပါယ်မရှိတဲ့စကားတွေကိုမ

ပြောနဲ့၊ ငါမေးတာပဲ ဖြေ။

ကောင်းကင်ဘုံဗျာနက

ငါနဲ့ရန်သူဖြစ်လာဖို့

ရည်ရွယ်ထားသလား"

ငါသူ့ကိုဘယ်လိုဖြေရမလဲ....။

တတိယခေါင်းဆောင်က ခဏမျှ

နှုတ်ဆိတ်သွားပြီး

အေးစက်စက်ပြန်ပြောလိုက်သည်

“မင်းငါ့ကိုသတ်ရင် ထွက်သွားလို့မရဘူး။

နန်းတော်တစ်ဝိုက်မှာ

အစီအရင်ကိုအသက်သွင်းထားလိုက်ပြီ။

ဒါ့အပြင် .... မင်း....”

ဆူး....

ဓားက

တတိယခေါင်းဆောင်၏နဖူးအရေပြားကို

လှီးဖြတ်သွားသည်။

နဖူးမှ သွေးများ စီးကျလာသည်။

ကံကောင်းထောက်မစွာ၊ ဓားက

အသားထဲကိုနစ်ဝင်သွားခြင်းတော့မရှိပေ

။

ယန်ယဲ့ က တတိယခေါင်းဆောင်ကို

အေးစက်စက်စိုက်ကြည့်ကာ

ပြောလိုက်သည် "မင်းရဲ့ အသိဉာဏ်မရှိ

မိုက်မဲတဲ့စကားတွေကို

ငါနားမထောင်ချင်ဘူး။ ဟုတ်လား၊

မဟုတ်လားလို့ပဲ မင်းဖြေရမှာ"

တတိယခေါင်းဆောင်က "ငါ

ဒီဆုံးဖြတ်ချက်ကို မချနိုင်ဘူး"

ဆူး....

အလင်းတန်းတစ်ခု လင်းလက်လာပြီး

တတိယခေါင်းဆောင်၏ခေါင်းက

လေထဲသို့ ပျံတက်သွားသည်။

သူ၏လည်ပင်းမှ စမ်းရေတွင်းကဲ့သို့

သွေးများ ပန်းထွက်လာသည်။

မြင်ရသည်မှာ အတော်လေး

ကြောက်စရာကောင်းလှသည်။

ဤအချိန်တွင် အကြံပေးပုဂ္ဂိုလ်က

လုံးလုံး

အံ့အားသင့်သွားသည်။ သူ့စိတ်ထဲ၌

ယန်ယဲ့ သည် ကောင်းကင်ဘုံဌာနကို

ခိုးဝင်လာပြီး လူသတ်ရဲမည်ဟု

မမျှော်လင့်ထားခဲ့ပေ။

ယန်ယဲ့ က အကြံပေးပုဂ္ဂိုလ်ကိုက

လှည့်ကြည့်လိုက်ပြီး

“ဆုံးဖြတ်ချက်ချနိုင်တဲ့သူကို ခေါ်လာပါ။

တစ်ခုတော့ရှိတယ်၊

သေမှာမကြောက်ရင်တော့ မင်းနဲ့

အရိပ်ထဲမှာ ပုန်းနေတဲ့ တခြားသူတွေက

ငါ့ကို တိုက်ခိုက်ဖို့ ရွေးချယ်နိုင်တယ်”

အကြံပေးပုဂ္ဂိုလ်က

ယန်ယဲ့ကိုတိတ်ဆိတ်စွာ

စိုက်ကြည့်နေသည်။

တစ်ချိန်တည်းမှာပင်

မရေမတွက်နိုင်သော အလင်းတန်းများက

ယန်ယဲ့ပေါ်သို့ ကျဆင်းလာပါသည်။

ယန်ယဲ့ သည် ဂရုမစိုက်ဘဲ

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း

“ဒီမှာ အစွမ်းထက်ကျင့်ကြံသူ

နည်းနည်းတော့ရှိတယ်ထင်တယ်။

လာပါ။ မင်းတို့အားလုံး တစ်ယောက်ချင်း

တိုက်ခိုက်မှာလား ဒါမှမဟုတ်
အုပ်စုဖွဲ့မှာလား။
နည်းနည်းလေးမောက်မာတဲ့စကားတစ်ခွ
န်းလောက် ပြောပါရစေ။ အားလုံး
ပူးပေါင်းပါလို့အကြံပေးချင်တယ်”

ပတ်ဝန်းကျင်သည်
လုံးဝတိတ်ဆိတ်နေခဲ့သည်။
သို့သော်လည်း ယန်ယဲ့အပေါ်
ကျရောက်နေသော အလင်းတန်းများက

အနည်းငယ် စူးရှလာသည်။

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏မျက်လုံးများက

မှေးကျဉ်းသွားကာ ဓားကို

ဆတ်ခနဲထိုးသွင်းလိုက်သည်။

ဖုန်း....

သတ္တုချင်း တိုက်မိသောအသံ

ကျယ်လောင်စွာထွက်ပေါ်လာသည်။

ထို့နောက်တွင်တော့ ယန်ယွဲ့ရှေ့တွင်

ငွေရောင်မျက်နှာဖုံး ဝတ်ဆင်ထားသည့်

အမျိုးသားတစ်ဦး ရုတ်တရက်

ပေါ်လာသည်။ ထိုလူက

ဆူးချွန်တစ်ချောင်းကိုကိုင်ဆောင်ထားသ

ည်။ သူ့လက်ထဲမှဆူးချွန်က

ယန်ယဲ့၏ခြေထိပ်ဖျားကို

တားဆီးထားသည်။

ယန်ယဲ့က သစ်သားခြေးကို

အနည်းငယ်လိမ်လိုက်သည်။

ဘုန်း...

ငွေရောင်မျက်နှာဖုံးစွပ်အမျိုးသားက

မီတာ ၃၀၀ အကွာသို့

လွင့်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ရှေ့ကနေ

မီတာ ၃၀၀ ရှည်လျားသော

စွမ်းအင်လှိုင်းတစ်ခု

ပြေးထွက်သွားသည်။

၎င်းသည်မျက်နှာဖုံးစွပ်အမျိုးသားက

အာကာသထဲသို့ လွင့်ထွက်သွားလို့ပါ။

အာကာသပြင်ကွဲထွက်သွားခြင်းမဟုတ်

ပေ။

မျက်နှာဖုံးစွပ်အမျိုးသားက

သူ၏လက်ထဲက ဆူးချွန်ကို

တစ်ချက်ကြည့်လိုက်ရာ ထိပ်ဖျားပိုင်း

ကွဲအက်သွားသည်ကို သတိပြုမိသည်။

ဆူးချွန်ထိပ်ဖျားပင်မဟုတ်ဘဲ

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ

အက်ကြောင်းများ ပြေးလွှားနေသည်။

မျက်နှာဖုံးစွပ်အမျိုးသားက

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

ယန်ယဲ့ကို မော့ကြည့်ကာ

“ပြီးပြည့်စုံတိုက်ခိုက်မှုဖြစ်သလို

တကယ့်ကိုကောင်းတဲ့သစ်သားဓားတစ်

လက်ပါ။ ဓားက အရမ်းကောင်းပေမယ့်

နည်းစနစ်လည်း

ကောင်းတယ်”ဟုပြောပါသည်။

ယန်ယဲ့က မျက်နှာဖုံးစွပ်အမျိုးသား

ရှေ့သို့ လျှောက်လာရင်း

မထူးခြားသလိုပြောလိုက်သည်

"မင်းငါ့ကို ဘယ်လိုရှာတွေ့ခဲ့တယ်ဆိုတာ ငါဂရုမစိုက်ဘူး။ ဒါပေမဲ့ မင်းဒါကို နောက်ဆုံးအကြိမ်ဖြစ်မယ်လို့ ငါမျှော်လင့်ပါတယ်"

မျက်နှာဖုံးစွပ်အမျိုးသားက “ငါတို့မင်းကို နောက်ဆုံးတွေ့တာမဟုတ်ရင် ဘယ်လိုလုပ်မလဲ”ဟူ၍ ပြန်မေးခဲ့သည်။

ယန်ယဲ့ က ရပ်လိုက်ပြီး

မျက်နှာဖုံးစွပ်အမျိုးသားကို

စိုက်ကြည့်ကာ "သေချာရဲ့လား။ ဒါ

မင်းရဲ့ နောက်ဆုံးအဖြေပဲလား"

မျက်နှာဖုံးစွပ်အမျိုးသားက

“အမှန်တိုင်းပြောရရင် ငါက ဒီလိုမျိုး

အရှုံးမပေးချင်တာမဟုတ်ဘူး၊

ငါတို့အဖွဲ့အစည်းတစ်ခုလုံးက လူတိုင်း

ဒီလိုမျိုး စွန့်လွှတ်ဖို့ ဆန္ဒမရှိဘူး။

ငါတို့တိုက်ခိုက်ကြည့်ရင်

ဘယ်လိုလဲ။တကယ်လို့ ငါရှုံးခဲ့ရင်

ငါ့ကောင်းကင်ဘုံဗျာနက

မင်းနဲ့သက်ဆိုင်တဲ့လူတွေကို

ဘာပြဿနာမှမဖြစ်စေရဘူး။ ဒါ့အပြင်

တခြားဘယ်လိုတောင်းဆိုချက်မဆို

ငါတို့လက်ခံတော့မှာမဟုတ်ဘူး"

ယန်ယဲ့ က "မင်းက ဒီလိုဆုံးဖြတ်ချက်ကို

ချနိုင်မလား"

"ဒါက ငါတို့ရဲ့ ဒုတိယခေါင်းဆောင်ပါ" တစ်ချိန်တည်းတွင် အကြံပေးပုဂ္ဂိုလ်က ရုတ်တရက် ဝင်ပြောလိုက်သည် “ငါတို့ရဲ့ ခေါင်းဆောင်က အဖွဲ့အစည်းကို စီမံခန့်ခွဲတာမရှိဘူး။ ဒါ့ကြောင့် ဒုတိယခေါင်းဆောင်နဲ့ တတိယခေါင်းဆောင်က အဖွဲ့ရဲ့ကိစ္စအားလုံးကို စီမံခန့်ခွဲကြတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဒါဆို မင်း
လှုပ်ရှားလိုက်ပါ"

ထိုစကားပြောပြီးနောက်တွင်
သူ့အပေါ်ကျရောက်နေသော
အလင်းတန်းများ
ပျောက်ကွယ်သွားသည်။

ဒုတိယခေါင်းဆောင်၏လက်က
အနည်းငယ်ရွေ့လျားသွားသည်။

သူ၏လက်ထဲမှ ဆူးချွန်အစား

ပုစဉ်းရင်ကွဲအတောင်များကဲ့သို့

ပါးလွှသော ဓားပျော့တစ်ချောင်းနှင့်

ချက်ချင်းလဲလှယ်လိုက်သည်။ ထို့နောက်

သူပ ယန်ယွဲ့ကို လှမ်းကြည့်ကာ "ငါ့ရဲ့

ကျင့်ကြံမှုအဆင့်က မင်းထက် မြင့်တယ်။

မင်းက အရင်ဦးဆုံး

လှုပ်ရှားသင့်တယ်ထင်တယ်"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"ငါ့အထင်တော့

မင်းအရင်ဆုံးလှူပ်ရှားသင့်တယ်"ဟုပြန်

ပြောလိုက်သည်။

ဒုတိယခေါင်းဆောင်က အံ့သြသွားပုံပါ

“ဘာဖြစ်လို့လဲ” ဟု မေးပါသည်။

ယန်ယဲ့ က "ငါအရင်တိုက်ခိုက်ရင်

မင်းတိုက်ခိုက်ဖို့အခွင့်အရေးမရှိနိုင်လို့"

ယန်ယွဲ့ ပြောလိုက်သည့်စကားကြောင့်
ပတ်ဝန်းကျင်တစ်ခုလုံး
တိတ်ဆိတ်သွားသည်။

သေမင်းတမန်အလား
တိတ်ဆိတ်နေခဲ့သည်။

ဒုတိယခေါင်းဆောင်က ယန်ယွဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီး

ခေါင်းညိတ်ပြသည် “ဒါဆိုလည်း ကောင်းပြီ”

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားသည်။ ထိုခဏလေးမှာပဲ ယန်ယွဲ့၏ ပတ်ဝန်းကျင်မှ အေးစက်စက်အလင်းတန်း ၄ ခု ရုတ်တရက် ထွက်ပေါ်လာတယ်။ အလင်းတန်း ၄ ခုဟာ

အမွေးအမျှင်များကဲ့သို့ ပါးလွှသည်၊
မျက်စိဖြင့် မမြင်ရသလောက်ပင်။
၎င်းသည် အဓိကအချက်မဟုတ်ပေ၊
အဓိကကတော့ အလင်းတန်း ၄ ခုစလုံးက
သေကွင်းသေကွက်များကို
ဦးတည်ဝင်လာခြင်းပင်။

ဤအခိုက်အတန့်တွင်
ယန်ယဲ့၏လက်ထဲမှ သစ်သားဓားက
ဖျတ်ခနဲပျောက်ကွယ်သွားသည်။

ထို့နောက် ယန်ယဲ့ သည်

သူ၏ညာဖက်လက်သီးကို ဆုပ်ကာ

ရှေ့လှမ်းထိုးလိုက်လေသည်။

အုန်း....

ဆန်းကြယ်သောတောင်တန်းတစ်လျှော

က်

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ပွဲ့တင်ထပ်သွားသည်။

အသက်ရှူချိန် ၂

ရှိုက်စာခန့်ကြာပြီးနောက်တွင်တော့

အရာအားလုံး တိတ်ဆိတ်သွားခဲ့သည်။

ဒုတိယခေါင်းဆောင်က ယန်ယဲ့ နှင့် ၁

မီတာအကွာတွင် ရပ်နေခဲ့သည်။

ယန်ယဲ့ သည် ဂရုမစိုက်ဘဲ နန်းတော်ထဲမှ

ဖြည်းညှင်းစွာ လျှောက်ထွက်လာခဲ့သည်။

ဤအချိန်အထိ ဒုတိယခေါင်းဆောင်က

နေရာတွင်ပင် မလှုပ်မယှက်

ဖြစ်နေခဲ့သည်။

ယန်ယဲ့ ထွက်လာပြီး

ခဏအကြာတွင်တော့....

ဘောင်း....

၁ ကီလိုမီတာကျော် ကြီးမားသော
နန်းတော်ကြီးတစ်ခုလုံး
ပြိုကျသွားသည်။

ဤအချိန်တွင်ပင် ယန်ယဲ့သည်
နောက်လှည့်မကြည့်ဘဲ ရှေ့ကိုသာ
ဆက်လျှောက်သွားနေခဲ့သည်။
တစ်ချိန်တည်းမှာပင် သူ့အသံက
အဝေးကနေ ပျံ့လွင့်လာခဲ့သည်
"ဒီနန်းတော်က

နည်းနည်းညံ့လွန်းတယ်။နောက်တစ်ခါ

ကျ ပိုကောင်းတဲ့ပစ္စည်းတွေသုံးဖို့

မမေ့သင့်ဘူး”

May Be:

၂၁၉၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၉၇ - ရှေးဟောင်းကျင့်ကြံသူ ၃ ဦး

ဖူး....

ဒုတိယခေါင်းဆောင်၏ ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်ရသည်။ သူ့မျက်နှာဖုံးက အက်ကွဲသွားသည်။

ပတ်ဝန်းကျင်သည် သေမင်းတမန်အလား

တိတ်ဆိတ်နေ၏။

အချိန်တော်တော်ကြာ

တိတ်ဆိတ်နေပြီးနောက်မှ

“ဒီအချိန်ကစလို့ သူ့နေရာကို

ဘယ်သူကမှ စုံစမ်းခွင့်မပေးဘူး”ဟူ၍

ရှုတ်တရက် ပြောလိုက်သည်။

အကြံပေးပုဂ္ဂိုလ်၊

သူ့တောင်းဆိုချက်အတိုင်း ဆက်လုပ်ဖို့

ငြင်းပယ်တယ်ဆိုတာ

အမှောင်ဧကရာဇ် ကို

ပြန်ပြောလိုက်တော့။

စည်းမျဉ်းတွေအတိုင်း လျော်ကြေး ၂ ဆ

ပြန်ပေးပါ့မယ်”

ထိုစကားပြောပြီးသည်နှင့် အနက်ရောင်

အရိပ်တစ်ခုအဖြစ် ပြောင်းလဲကာ

ပျောက်ကွယ်သွားသည်။

...

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

ကောင်းကင်ဘုံဌာနမှ

ထွက်လာပြီးနောက်တွင် ယန်လျန်ရှမ်း

နှင့် အခြားလူများထံသို့

ပြန်သွားရန်ပြင်လိုက်သည်။ သူသည်
ရုတ်တရက် မျက်မှောင်ကြုတ်ကာ ရှေ့ကို
လက်သီးဖြင့် လှမ်းထိုးလိုက်သည်။

ဘုန်း...

သူ့ရှေ့ရှိ အာကာသပြင်သည်
အပိုင်းအစများဖြစ် ကွဲထွက်သွားသည်။
အနည်းငယ်ကြီးမားသော

စွမ်းအင်လှိုင်းကြီးတစ်ခုက ကျော့သို့ ပြေးထွက်သွားသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည် ရှေ့တည့်တည့်ကို စူးစိုက်ကြည့်လိုက်သည်။

သူ့ရှေ့ ၁၀ မီတာအကွာ၌ ရွှေရောင်မျက်နှာဖုံးစွပ်အမျိုးသားတစ်ဦး ရှိနေသည်။

ထိုလူက လေထဲကနေ
ရုတ်တရက်ပေါ်လာတာပါ။

ကနဦးညဏ်အလင်းသခင်....

ယန်ယဲ့ သည်
ရွှေရောင်မျက်နှာဖုံးစွပ်လူကို
တစ်ချက်ကြည့်လိုက်ပြီး
"ငါထင်တာမမှားရင် မင်းဟာ

ကောင်းကင်ဘုံဌာနရဲ့ခေါင်းဆောင်ပဲမဟုတ်လား"

ထိုလူက အနည်းငယ်
ခေါင်းညိတ်လိုက်သည် “မင်းမှန်ပါတယ်”

ယန်ယွဲ့ က “မင်းက
ဒီသဘောတူညီချက်ကို
ချိုးဖောက်တာလား ဒါမှမဟုတ်

ငါ့ကိုသတ်ဖို့လား” ဟု
ထပ်မေးလိုက်သည်။

ထိုလူက ခေါင်းခါပြသည်
“တစ်ခုမှမဟုတ်ဘူး”

ယန်ယဲ့ က "ဒါဆို ဘာဖြစ်လဲ"

ထိုလူက “ အမှောင်ဧကရာဇ်
လိုလူကိုတောင်

အကြောက်တရားဖြစ်စေနိုင်တဲ့လူတစ်ယောက်က ဘယ်လိုရှိသလဲဆိုတာတွေ့ချင်ရုံပဲ”ဟု ပြန်ဖြေပါသည်။

ယန်ယဲ့က "အခုမင်းမြင်ချင်တာကိုမြင်လိုက်ပြီလား"

ထိုလူက “ငါထပ်ကြည့်ချင်မိတယ်”ဟုထပ်ပြောပါသည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်

"ကောင်းပြီ။ ကနဦးဉာဏ်အလင်းသခင်

တစ်ယောက်က

ဘယ်လောက်အားကောင်းမလဲ

ငါသိချင်မိတယ်"

ထိုစကားပြောပြီးနောက် သစ်သားဓားကို

ဆတ်ခနဲဖမ်းဆုပ်လိုက်သည် ။ ထို့နောက်

ဓားဖျားဖြင့် မြေပြင်တစ်နေရာကို

ညွှန်ပြလိုက်သည်။ အဓိပ္ပါယ်က

ထိုလူကိုတိုက်ခိုက်ဖို့

အချက်ပြလိုက်တာပါ။

ထိုလူက

စကားထပ်မပြောတော့ပေ။သူ၏ညာလ

က်ကို အနည်းငယ်လိမ်လိုက်သည်။

သူ၏လက်ညိုးနှင့် လက်ခလယ်ကြားမှ

အနက်ရောင် အပ်တစ်ချောင်း

ပေါ်လာသည်။

ရှီး....

ထိုခဏလေးမှာပဲ ယန်ယဲ့ သည် ရွှေရောင်မျက်နှာဖုံးစွပ်အမျိုးသား၏နောက်ကွယ်မှ ရုတ်တရက်ပေါ်လာခဲ့သည်။

မျက်နှာဖုံးစွပ်အမျိုးသားက တုန်လှုပ်မသွားပေ။

သူ့လက်ချောင်းကြားတွင် နောက်ထပ်
ငွေအပ်တစ်ချောင်း ပေါ်လာသည်။

ဘမ်း....

ထို့နောက်တွင်တော့ ယန်ယွဲ့ သည်
သူ့နောက် ၃ ကီလိုမီတာအကွာ၌
ရုတ်တရက် ပေါ်လာခဲ့ပြန်သည်။

ရွှေရောင်မျက်နှာဖုံးစွပ်အမျိုးသား၏

လက်ချောင်းကြား၌

နောက်ထပ်ရွှေအပ်တစ်ချောင်းပေါ်လာသ

ည်။ ရွှေအပ်က ယခင်အပ် ၂

ချောင်းထက် နှစ်ဆနီးပါးရှည်သည်။

ထိုခဏလေးမှာပဲ ရွှေအပ်က

သူ့လက်ဝါးပေါ်ကနေ

ပျောက်ကွယ်သွားသည်။

ဘမ်း...

ယန်ယဲ့ သည် ၁၀ ကီလိုမီတာအကွာသို့ ပြန်ဆုတ်သွားခဲ့သည်။

သူရပ်လိုက်သည်နှင့် တပြိုင်နက် သူ့ပတ်ဝန်းကျင်ရှိ အာကာသသည် ပြင်းထန်စွာ တုန်ခါသွားသည် ။ သူ၏ခန္ဓာကိုယ်ပင်လျှင် ပြင်းထန်စွာ တုန်လှုပ်နေခဲ့သည်။

ဤအချိန်တွင် ယန်ယွဲ့သည်
သစ်သားဓားကို သူ့နှဖူးအလယ်သို့
ဖိကပ်ထားသည်။ ထို့နောက်
လက်ကိုဆတ်ခနဲလှုပ်ကာ
သူ့ရှေ့ရောက်လာသော
ရွှေအပ်ကိုပိုင်းချလိုက်သည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ သည်
မျက်နှာပေါ်တွင် အလွန်လေးနက်သော

အမှုအရာတစ်ခု ရှိနေသည်။
သူ၏မျက်နှာကချွေးအေးများပင်စီးကျ
နေခဲ့သည်။

အသက်ရှူ ၃ ရှိုက်စာအကြာတွင်
သူ၏မျက်လုံးများက
ရက်စက်သောအမှုအရာများ
ပေါ်လာသည်။ ထို့နောက်

သစ်သားဓားကို လက်နှစ်ဖက်ဖြင့်
ဖမ်းဆုပ်ကာ ရှေ့သို့ပိုင်းချလိုက်သည်။

ဖန်း....

ရှေ့အပ်က ထွက်ပေါ်လာသည့်နေရာကို
ပြန်ကန်ထွက်သွားသည်။ သို့သော်လည်း
ခဏမကြာလိုက်ဘဲ သူ့ဆီကို
ပျံသန်းလာပြန်သည်။

ယန်ယဲ့၏ အမူအရာက

အနည်းငယ်ပြောင်းသွားသည်။

သစ်သားဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်ကာ ရှေ့သို့ ထိုးလိုက်သည်။

ဖုန်း...

နားကွဲမတတ် ပေါက်ကွဲသံ

ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည် ၃
ကီလိုမီတာအကွာသို့
လွင့်ထွက်သွားခဲ့သည်။

ဤအချိန်တွင်
ယန်ယဲ့၏လက်များကအနည်းငယ်တုန်ရီ
နေသည်။ သူ့ရှေ့မလှမ်းမကမ်းက
မျက်နှာဖုံးစွပ်အမျိုးသားကို
မော့ကြည့်လိုက်ရင်း "မင်းက

တကယ်သန်မာတယ်"ဟုပြောလိုက်လေသည်။

ရွှေရောင်မျက်နှာဖုံးစွပ်အမျိုးသားက ယန်ယဲ့ ကို အချိန်အကြာကြီး စိုက်ကြည့်ကာ " အမှောင်ဧကရာဇ် ကမင်းကို ကြောက်နေတာ အံ့သြစရာ မရှိပါဘူး။ ဒီလိုအသက်အရွယ်မှာတင် ဒီလောက်ကြောက်စရာကောင်းတဲ့ခွန်အားကို ပိုင်ဆိုင်ထားပြီ။

ကြောက်စရာကောင်းတဲ့ ဓားတာအို၊

တကယ့်ကို ထူးခြားလိုက်တာ။

တကယ်လို့ မင်းသာ

မူလနတ်ဘုရားအဆင့် ၆ ကို

ရောက်သွားရင်

ကနဦးဉာဏ်အလင်းသခင်တွေတောင်မှ

မင်းကိုယှဉ်ဖို့မလွယ်လောက်ဘူး"

ယန်ယဲ့ က ခေါင်းခါရင်း ပြန်ပြောခဲ့သည်

“ကနဦးညဏ်အလင်းသခင်တွေက
ငါထင်ထားတာထက် အများကြီး
အားကောင်းတယ်။ ငါတို့ရဲ့
ခွန်အားတွေကြားမှာ
ကွာဟချက်ရှိသေးတယ်”

ထိုလူက အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။ ထို့နောက်

ရွှေရောင်ကတ်ပြားတစ်ခုကို ယန်ယဲ့ ထံပစ်ပေးလိုက်သည်။

ယန်ယဲ့က ရွှေရောင်ကတ်ပြားကို စိုက်ကြည့်ရင်း အံ့ဩသွားသည် "ဒါက ဘာလဲ"

ထိုလူက “ငါတို့ ခွန်အားကို ဘယ်လိုမြှင့်တင်ရမလဲဆိုတာ မင်းသိလား” ဟု ပြန်ဖြေသည်။

ယန်ယဲ့ က

"ကျင့်ကြံတာနဲ့ပဲမဟုတ်ဘူးလား"

ထိုလူက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“လောကသုံးပါးက ထွက်ပြေးလာတဲ့

နတ်ဆိုးသားရဲတွေကို ဖမ်းချုပ်ပြီးတော့

သူတို့ရဲ့သွေးသားနဲ့

အတွင်းအမြုတေတွေကိုဝါးမျိုတာ။

ဒါမှမဟုတ် သူတို့နဲ့ ငါတို့ကြားမှာ

ဝိညာဉ်သဘောတူညီချက်

အတင်းအကြပ်လုပ်ယူတာပဲ။ ဒါ့အပြင်

တခြားနည်းလမ်းတစ်ခုက

လောကသုံးပါးက ဆင်းပြေးလာတဲ့

ကျင့်ကြံသူတွေကိုဖမ်းဆီးတာ၊ ပြီးတော့

သူတို့ရဲ့စွမ်းအားနည်းစနစ်တွေ

အဖိုးတန်ရတနာတွေကို လုယက်တာပဲ"

စကားပြောနေရင်း သူ၏ညာလက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။ ၃၀ စင်တီမီတာခန့် ရှည်လျားသော အပ်သုံးချောင်းက သူ့ရှေ့တွင် ပေါ်လာသည်။ ယခင်က အနက်ရောင်အပ်၊ ငွေအပ်၊ ရွှေအပ်များပင်။

ထိုလူက ဆက်ပြောလိုက်သည် "ဒါတွေကို လောကသုံးပါးက

ဆင်းပြေးလာတဲ့ ပညာရှင်ဆီက

ငါကိုယ်တိုင်လုယက်ထားတာ။

ငါ့ကိုယ်ပိုင်ခွန်အားက မင်းကို

အခုလိုမျိုးရိုက်ထုတ်နိုင်တာတော့မဟုတ်

ဘူး၊ ဒီအပ် ၃ ချောင်းလည်းပါတယ်။

ဒါ့ထက်၊ အဲဒါက သူတို့ရဲ့ စစ်မှန်တဲ့

စွမ်းရည်တောင် မဟုတ်သေးဘူး”

ယန်ယဲ့ က “ဒါဆို မင်းတို့တွေက

လောကသုံးပါး က

ဆင်းပြေးလာတဲ့သူတွေကို
ဝိုင်းဖမ်းနေကြတာလား”

ထိုလူက “သူတို့အားလုံးက
ငါတို့ထက်သန်မာတယ်ဆိုပေမယ်လို့
လောကသုံးပါးကဆင်းလာချင်ရင်
ချိတ်ပိတ်စည်းကိုအရင်ဖြတ်ရတယ်။
ဒီတော့ သူတို့ဒီကိုရောက်လာတဲ့အချိန်မှာ
အားအနည်းဆုံးဖြစ်နေပြီ။ တချို့ဆိုရင်
မူလစိတ်ဝိညာဉ်သက်သက်နဲ့တင်

ဆင်းလာကြတာများတယ်။
ဒီလိုအခြေအနေတွေက ငါတို့အတွက်
အခွင့်အရေးကောင်းတစ်ခုပဲ”

သူက ခဏရပ်ပြီး ဆက်ပြောလိုက်သည်
“မှန်တယ်၊ အားနည်းနေတဲ့
အခြေအနေမှာတောင် ငါတို့
ဘာမှမလုပ်နိုင်တဲ့ ကျင့်ကြံသူတွေ
ရှိသေးတယ်။ ဥပမာအနေနဲ့ မင်းရဲ့
သစ်သားဓားနဲ့အတူ ပြုတ်ကျလာတဲ့

ခေါင်းတစ်လုံး။ အားနည်းတဲ့

အနေအထားမှာ မရှိသလို

ဒဏ်ရာပြင်းပြင်းထန်ထန် ရနေတာ

လူတိုင်းအသိပဲ။ ဒါပေမဲ့

ရာချီတဲ့ကျင့်ကြံသူတွေ

ပေါင်းထားတာတောင် ဘာမှမတတ်

နိုင်ဘဲ

ထွက်ပြေးသွားတာကိုကြည့်နေရတယ်”

အကြီးအကဲဟိုချင်....

ထိုလူပြောသော ခေါင်းတစ်လုံးက ဟိုချင်ပါ။

ယန်ယဲ့က သူ့ရှေ့ရှိ ရွှေရောင်ကတ်ပြားကို တစ်ချက်ကြည့်လိုက်ပြီး "မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

ထိုလူက “မင်းကို ငါတို့နဲ့ ပူးပေါင်းပြီး လောကသုံးပါး က ဆင်းပြေးလာတဲ့

နတ်ဆိုးတွေ၊ လူတွေကို ဖမ်းဖို့
ကောင်းကင်တိုင်တောင်တန်းရဲ့
အတွင်းပိုင်းကို ဖိတ်ခေါ်တယ်” ဟူ၍
ပြန်ဖြေသည်။

ယန်ယဲ့ က ထိုလူကို စိုက်ကြည့်ရင်း
"အန္တရာယ်ရှိသလား"

"အရမ်းအန္တရာယ်များတယ်" ထိုလူက
ဆက်ပြောသည် “ဒီအန္တရာယ်က

လောကသုံးပါးကဆင်းလာတဲ့သူတွေဆီ

ကမဟုတ်ဘူး၊ ငါတို့အလယ်စကြာဝဠာရဲ့

တခြားကျင့်ကြံသူတွေဆီက လာတာပါ။

မင်း အဲဒီကို

မသွားချင်ဘူးလားသွားမလားဆိုတာ

မင်းပဲဆုံးဖြတ်ပါ"

"ငါသွားမယ်" ယန်ယွဲ့က

ရွှေရောင်ကတ်ကို

သိမ်းယူထားလိုက်သည်။

အခုအချိန်မှာ သူ့ခွန်အားကို

မြှင့်တင်ရပါမယ်။

ထိုလူက အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး “ဒီကတ်က

ကောင်းကင်တိုင်တောင်တန်းရဲ့

အတွင်းပိုင်းကို ဝင်ဖို့

အထောက်အထားတစ်ခုပါ။

တောင်ပေါ်မှာရှိတဲ့ ချိတ်ပိတ်စည်းက

မတည်မငြိမ်ဖြစ်လာနေပြီ။ ဒါဟာ အစွမ်းထက်ကျင့်ကြံသူတွေ ဖြတ်ကျော်ဖို့ကြိုးစားနေတာဖြစ်နိုင်တယ် ။ ဒါ ငါတို့အတွက် အခွင့်အလမ်းတစ်ခုပဲ။ ငါမင်းကိုဒီအချိန်နှစ်ရက်အတွင်းစောင့်နေမယ်"

ယန်ယဲ့ က ရုတ်တရက်မေးလိုက်သည်

"ဘာလို့လဲ"

ထိုလူက “မင်းရဲ့ ခွန်အားက

ရှေးဟောင်းကျင့်ကြံသူ ၃ ယောက်

ဒါမှမဟုတ် ကောင်းကင်အရှင် ၄ ပါးနဲ့

မယှဉ်နိုင်ဘူးဆိုရင် အဲဒီနေရာကို

သွားတဲ့အခါ

အစွမ်းထက်တဲ့အကူအညီတွေ ရှိထားတာ

အကောင်းဆုံးပဲ”

“ရှေးဟောင်းကျင့်ကြံသူ ၃ ယောက်၊

ကောင်းကင်အရှင် ၄ ပါး..." ယန်ယဲ့ က

မျက်မှောင်ကြုတ်ကာ "သူတို့က ဘယ်သူလဲ"

ထိုလူက "ရှေးဟောင်းကျင့်ကြံသူ ၃ ယောက်က သူတို့ရဲ့နာမည်အရ ရှေးဟောင်းမျိုးနွယ်ဝင်တွေ။ ကောင်းကင်အရှင် ၄ ပါးက ငါတို့အလယ်စကြာဝဠာရဲ့ အထွတ်အမြတ်ကျင့်ကြံသူတွေပဲ။ ဒါ့အပြင် သူတို့က

ကနဦးညာဏ်အလင်းသခင်တွေ

မဟုတ်ဘူး"

ယန်ယဲ့ က အံ့သြသွားခဲ့သည် "သူတို့က

ညာဏ်အလင်းသခင်တွေလား"ဟုမေးလို

က်သည်။

ထိုလူက ခေါင်းခါကာ “မဟုတ်ဘူး၊

ဒါပေမဲ့ သူတို့က

ညာဏအလင်းသခင်အဆင့် ထက်ကျော်လွန်နေတယ်”

ယန်ယဲ့၏မျက်နှာက ချက်ချင်းပင်တင်းမာလာသည်။

ထိုလူက “အခုကစလို့ နောက် ၂ ရက်လောက်ကြာရင်အရောက်လာခဲ့ပါ”ဟုသာ ထပ်ပြောပါသည်။

ထိုစကားပြောပြီးနောက်

နေရာမှာပင်ပျောက်သွားသည်။

ညဏ်အလင်းသခင် မဟုတ်ဘဲနဲ့

အထက်ဆင့်တွေလား....။

ယန်ယဲ့ သည်

အသက်ပြင်းပြင်းရှုလိုက်သည်။

လောကသုံးပါး ကို အသာထား၊

အလယ်စကြာဝဠာမှာပင်

သူ၏ခွန်အားက

အတော်ကိုနိမ့်ကျနေသေး၏။

သို့သော်လည်း သူသည်

စိတ်ဓာတ်ကျမသွားပေ၊

ယှဉ်ပြိုင်မှုမရှိသော လမ်းကြောင်းဟာ

အဓိပ္ပါယ်မရှိပေ။

ယန်ယဲ့ က သူ့အတွေးများကို

ထိန်းထားပြီး ယန်လျန်ရှမ်း ကို

ဆက်သွယ်ရန်ပြင်လိုက်သည်။

သို့သော်လည်း တစ်ခုခုကို

ရုတ်တရက်တွေးမိပြီး ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

ခဏအကြာတွင်တော့ နေရာမှာပင်

ပျောက်သွားခဲ့သည်။

ကြက်သွေးရောင်လွင်ပြင်ကျယ်.....

ယာယီတည်ဆောက်ထားသည့်
အဆောက်အဦးတစ်ခုထဲ၌ လူပေါင်း
ဒါဇင်အနည်းငယ်ရှိနေခဲ့သည်။
အားလုံးက လျှို့ဝှက်ဂိုဏ်း၏
အဖွဲ့ဝင်များပါ။ ထိပ်ဆုံးထိုင်ခုံပေါ်တွင်
ထိုင်နေသူက အခြားမဟုတ်ဘဲ
လျှို့ဝှက်ဂိုဏ်းသခင်စုမူ ။

ဤအချိန်တွင် စုမူ အပါအဝင် အားလုံး၏

မျက်နှာက လေးနက်သော အမူအရာများ

ရှိနေကြသည်။

အဘိုးအိုတစ်ယောက်က ရုတ်တရက်

မေးလိုက်သည် "ဂိုဏ်းသခင်၊ ယန်ယွဲ့

ရောက်လာမှာကိုတွေးပြီးစိတ်ပူနေတာ

လား"

ယန်ယွဲ့....

ထိုနာမည်ကိုကြားလိုက်တိုင်း

လူတိုင်း၏နှလုံးသားများ

တုန်လှုပ်သွားကြသည်။

နတ်ဘုရားနယ်မြေမြို့တော်မှ

ယန်ယွဲ့၏လုပ်ရပ်အကြောင်း

သူတို့ကောင်းကောင်းကြားထားသည်မ

ဟုတ်ပါလား။

စုမှု က အဘိုးအိုကို တိတ်ဆိတ်စွာ
ကြည့်လိုက်သော်လည်း
သူ၏မျက်လုံးထဲမှ စိုးရိမ်မှု
အရိပ်အယောင်များ ရှိနေသည်။

ဤအချိန်တွင် ခေါင်းက
ယန်ယဲ့၏ခန္ဓာကိုယ်အား
မသိမ်းပိုက်နိုင်ကြောင်း
သူသဘာဝကျကျသိလိုက်ရလို့ပါ။

အကြောင်းမှာ ယန်ယဲ့ သည်

ယခင်အတိုင်းသာရှိနေသောကြောင့်ပင်။

အဓိကကတော့

ယန်ယဲ့၏အကျင့်စရိုက်အရ

လျှို့ဝှက်ဂိုဏ်းကို

ခွင့်လွှတ်ပေးမည်မဟုတ်ချေ။

ယန်ယဲ့ နှင့် ဆွေးနွေးရမလား ။

မဖြစ်နိုင်သလောက်ပါ။

ဤအတောအတွင်းမှာပဲ အဘိုးအိုက

ထပ်ပြောလိုက်သည်

“ကောင်းကင်ဘုံဌာနက ယန်ယွဲ့ကို

စပြီးလိုက်ရှာနေပြီလို့သတင်းရထားတယ်

။ ငါထင်တာမမှားရင် သူတို့က

အမှောင်ခန်းမ ဆီကနေ

အကျိုးအမြတ်ယူထားတာဖြစ်ရမယ်။

မထင်မှတ်ဘဲ ဘာမှမဖြစ်ခဲ့ရင်တော့

သူတို့က ယန်ယွဲ့ကို

ရှာတွေ့သွားလောက်ပြီ။ ဒါကြောင့်
အမှောင်ဧကရာဇ် က သူ့ကို
သေချာပေါက် သတ်ပစ်မှာပဲ။ ဒါမှမဟုတ်
ငါတို့က ယန်ယဲ့သေတဲ့သတင်းကို
ကြားရဖို့သိပ်မလိုတော့ဘူးထင်တယ်”

စုမူ က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "ယန်ယဲ့က
သာမန်မဟုတ်ဘူး။ သူ့ကိုရှာဖို့

ငါ့လှျို့ဝှက်ဂိုဏ်းရဲ့

အစောင့်အရှောက်တွေကို ပို့ပေးလိုက်"

အဘိုးအိုက ခေါင်းညိတ်လိုက်၏

“ကောင်းပါပြီ”

ဤအချိန်တွင် ခန်းမထဲ၌ အနက်ရောင်

အရိပ်တစ်ခု ပေါ်လာပြီး "ဂိုဏ်းသခင်၊

ယန်မျိုးနွယ်ကို ရှာတွေ့ခဲ့ပြီ။

ရှေးဟောင်းမြို့တစ်မြို့ထဲမှာ

ပုန်းအောင်းနေကြတယ်။ ငါတို့က သူတို့ကိုသတိပေးခဲ့သေးဘူး "

စုမူ က မတ်တပ်ထရပ်ပြီး "ကောင်းတယ်၊ သိပ်ကောင်းတယ်"

ထို့နောက် သူက အသက်ပြင်းပြင်းရှူရင်း ဆက်ပြောလိုက်သည် "ယန်ယွဲ့ဟာ လုံးဝကိုသစ္စာစောင့်သိတဲ့လူတစ်ယောက်ပဲ။

ဒါကြောင့် ယန်ကလန်မှာရှိတဲ့

သူ့မိသားစုက ငါတို့ရဲ့ နောက်ဆုံး

ဝှက်ဖဲဖြစ်လာလိမ့်မယ်"

အဘိုးအိုက ချက်ချင်းပင်

“ငါကိုယ်တိုင်သွားလိုက်မယ်၊

အဲဒီအမျိုးသမီးတွေနဲ့ ယန်ကလန်ရဲ့

အဖွဲ့ဝင်တွေအားလုံးကို

ဖမ်းလာလိုက်တာ...”

သို့သော် အဘိုးအို၏အသံက ရုတ်တရက် ရပ်သွားပြီးနောက် ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။

အကြောင်းမှာ အဘိုးကြီးရှေ့တွင် အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားတစ်ဦးရုတ်တရက်ပေါ်လာလို့ပါ။

တစ်ချိန်တည်းမှာပဲ

သူ၏လက်တစ်ဖက်က

အဘိုးကြီး၏လည်ချောင်းကို ဖမ်းဆုပ်ထားသည်။

ယန်ယဲ့...

စုမူ လည်း မျက်နှာပျက်သွားသည်
"ယန်ယဲ့၊ သူ့ကိုလွှတ်လိုက်ပါ"

ဤအချိန်တွင် ယန်ယဲ့က အဘိုးကြီးအား

လည်ပင်းကနေ ဆွဲကိုင်ကာ

မြေပြင်နှင့်ကိုင်ရိုက်ချလိုက်သည်။

အုန်း....

မြေပြင်က အက်ကွဲသွားသော်လည်း

အဘိုးကြီး၏ခေါင်းက

အကောင်းပကတိအတိုင်းပါ။

ယန်ယဲ့က

ခြေထောက်တစ်ဖက်မြှောက်ကာ

အဘိုးကြီး၏ခေါင်းကို ရှုတ်တရက်

နင်းချလိုက်သည်။

ဖောင်း....

လူတိုင်းရှေ့မှာပဲ

အဘိုးကြီး၏ခေါင်းတစ်ခုလုံး

ပေါက်ကွဲသွားသည်။ ပတ်ဝန်းကျင်တစ်

ခုလုံးဟာ သွေးနှင့် ဦးနှောက်

အပိုင်းအစများ ပြန့်ကျဲသွားသည်။

ယန်ယဲ့ က စုမူ ဖက်ကို

လှည့်ကြည့်လိုက်ပြီး

"မင်း အခုလေးတင်

ဘာပြောလိုက်တာလဲ။ ငါ မင်းပြောတာကို

မကြားမိဘူး။ နောက်တစ်ခေါက်

ထပ်ပြောနိုင်မလား"

May Be:

၂၁၉၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၉၈ - တိတ်ဆိတ်နေသည်

ခန်းမသည် တိတ်ဆိတ်သွားသည်။

လူတိုင်း မျက်တောင်မခတ်ဘဲ ယန်ယဲ့ကို

စိုက်ကြည့်နေကြသည်။ ဤအချိန်မှာ
အားလုံး၏ မျက်လုံးထဲမှ
ကြောက်ရွံ့မှုများရှိနေခဲ့သည်။
သို့သော်လည်း ပို၍ပင်
အံ့သြသွားကြသည်။

ယန်ယဲ့က လျှို့ဝှက်ဂိုဏ်းကို
ဘာလို့တိုက်ခိုက်နေတာလဲ။

လူအတော်များများက သိချင်နေခဲ့သည်။

လှျို့ဝှက်ဂိုဏ်း၏အဖွဲ့ဝင်တော်တော်များ

များက စုမူ၊ လင်းရှဲ့ နှင့် လင်းဝေယန်

တို့လုပ်ခဲ့သည့်အရာများကို

မသိခဲ့ကြပေ။

ယန်ယဲ့က လှျို့ဝှက်ဂိုဏ်းကို

ရုတ်တရက်တိုက်ခိုက်လာသဖြင့်

အလွန်အံ့သြတုန်လှုပ်နေခဲ့သည်။

စုမူ က ယန်ယွဲ့ကို

စိုက်ကြည့်နေသည်။ခဏကြာမှ

တိုးတိုးလေးပြောခဲ့သည်

“မင်းရဲ့ခန္ဓာကိုယ်

အပိုင်သိမ်းမခံရဘူးဆိုတာ

သိလိုက်ကတည်းက

ဒီနေ့ရောက်လာမယ်ဆိုတာ ငါသိတယ်။

ဒါပေမဲ့ ဒီလောက်မြန်လာမယ်လို့ မမျှော်

လင့်ဘူး"

ယန်ယွဲ့က "ဒါဆို ငါက မင်း
အံ့သြသွားအောင်လို့
လုပ်ပေးလိုက်တာပဲမဟုတ်ဘူးလား"

စုမူက
တိုးညှင်းသောအသံဖြင့်ဆက်ပြောပါသ
ည် "ယန်ယွဲ့၊ မင်းကို
အဲဒီနေ့ကလုပ်ခဲ့သမျှနောက်ကွယ်မှာ
ငါပဲရှိနေခဲ့တယ်။ လျှို့ဝှက်ဂိုဏ်းက
တခြားသူတွေ ဘာမှမသိကြသလို

မပါဝင်ခဲ့ကြပါဘူး။ ကျေးဇူးပြုပြီး

သူတို့ကို အသက်ရှင်ခွင့်ပေးပါ”

ယန်ယဲ့ က ပြုံးပြီး "ငါဘာလို့

လုပ်ရမှာလဲ"ဟုသာပြန်မေးလိုက်သည်။

စုမူက “သူတို့က မင်းကို

ခြိမ်းခြောက်နိုင်တာမဟုတ်ဘူး။ ဒါ့ပြင်

သူတို့က မင်းကို ဒုက္ခပေးဖို့ ဘာမှ

မလုပ်ခဲ့ဘူး”

"ငါ မင်းကိုယ်စား တိုက်ခိုက်ဖို့

ဆန္ဒရှိတယ် ဂိုဏ်းသခင်" လူငယ်တစ်

ယောက်က ရုတ်တရက် ရှေ့တိုးလာပြီး

ပြောခဲ့သည် "ဂိုဏ်းသခင်၊

ငါတို့အကုန်ပေါင်းထားရင် သူ့ကို ဘာလို့

ကြောက်ရမှာလဲ။ ငါတို့…”

လူငယ်၏အသံက ရုတ်တရက် ရပ်

သွားသည်။

လူတိုင်း ဘာမှမတတ်နိုင်ဘဲ လူငယ်၏

ခေါင်း

ပြတ်ထွက်သွားသည်ကိုသာကြည့်နေခဲ့သ

ည်။

သူ၏လည်ပင်းက စမ်းရေတွင်းကဲ့သို့

သွေးများ စီးကျလာသည်။

အားလုံး တုန်လှုပ်သွားကြသည်။

ယန်ယဲ့ က စုမူကို စိုက်ကြည့်ကာ

တိုက်ခိုက်ရန်ပြင်လိုက်သည်။ သို့သော်

စုမူ၏ ပါးစပ်ထောင့်မှ

သွေးများစီးကျလာသဖြင့်

အနည်းငယ်အံ့အားသင့်သွားသည်။

တစ်ချိန်တည်းမှာပင် စုမူ၏ခန္ဓာကိုယ်မှ

အသက်စွမ်းအင်ဟာ

မြန်မြန်ဆန်ဆန်ပျောက်ကွယ်နေသည်ကို

သတိထားမိလိုက်လေသည်။

ဤအခြေအနေကြောင့် ယန်ယဲ့ သည် မျက်မှောင်ကြုတ်လိုက်သည်။

ဤအတောအတွင်း စုမူ က ယန်ယဲ့ကို စိုက်ကြည့်ရင်း ပြောခဲ့သည် "ငါစုမူက မင်းကိုသစ္စာဖောက်တာပဲ။ လျှို့ဝှက်ဂိုဏ်းက တခြားသူတွေနဲ့ ဘာမှ မဆိုင်ဘူး။ကျေးဇူးပြုပြီး သူတို့ကို သနားညှာတာပါ"

ထိုစကားပြောပြီးသည်နှင့် မျက်လုံးထဲမှ

အလင်းရောင်များ

ပျောက်ဆုံးသွားသည်။

"ဂိုဏ်းသခင်" အားလုံးက

ဝမ်းနည်းအားငယ်နေသံများဖြင့် အော်

ဟစ်လိုက်သည်။

ယန်ယဲ့ သည် လူအုပ်ကို
လှည့်ကြည့်လိုက်သည်။ သူ့အကြည့်ကို
သတိထားမိသောအခါ
လူတိုင်း၏အမူအရာများသည်
သိသိသာသာ ပြောင်းလဲသွားသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏ရှေ့မှာ
အမျိုးသမီးတစ်ဦး ရုတ်တရက်
ပေါ်လာသည်။

ယွန်ချန်း လား။

သူမက ယန်ယဲ့ကိုကြည့်ကာ ပြောလိုက်သည် “နင်နဲ့ ဂိုဏ်းသခင်ကြားမှာ ဘာဖြစ်သွားလဲ ငါမသိဘူး၊ ဒါပေမဲ့ သူပြောတာမှန်တယ်။ ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ အဖွဲ့ဝင်အများစုက နင်နဲ့ဘယ်လိုရန်ငြိုးရှိမှန်းတောင်မသိကြဘူး။ ငါတောင်မှ။ ဒီတော့ သူတို့နဲ့ ဘာမှမဆိုင်ဘူး။ သူတို့ကို မသတ်ပါနဲ့"

ယန်ယဲ့က စကားမပြောဘဲ ယွန်ချန်းကို

စိုက်ကြည့်လိုက်သည်။ ထို့နောက်

စုမှူ၏အလောင်းကို

လှည့်ကြည့်လိုက်သည်။ထိုနေရာမှ

အဖြူရောင်အလင်းတန်းတစ်ခု

လွင့်ပျံလာပြီး လူတိုင်းရှေ့တွင်

ပုံရိပ်တစ်ခု ပေါ်လာသည်။

ထိုပုံရိပ်ကို မြင်သည်နှင့် ယန်ယဲ့ သည် ချက်ချင်း မှတ်မိလိုက်သည်။

အခြားမဟုတ်ပေ၊ လင်းဝေယန် ပါ။

သို့သော် လက်ရှိလူရိပ်က သူမ၏ ပင်မခန္ဓာကိုယ်မဟုတ်ကြောင်း သိသာပါသည်။

လင်းဝေယန် က ယန်ယဲ့ကို ခဏမျှစိုက်ကြည့်နေသည်။ သူမက

"နင်ဟာ အချိန်တိုလေးအတွင်းမှာပဲ
ဒီလောက်အထိ ကြီးပြင်းလာခဲ့တာ"

ယန်ယဲ့ က လင်းဝေယန်ကို
တည့်တည့်စိုက်ကြည့်ကာ
"လောကသုံးပါး ကို တက်လာတာနဲ့
ငါမင်းဆီကိုအရင်ဆုံးလာမယ်"

"နင် အဲဒီကို မရောက်နိုင်တော့ဘူး"
လင်းဝေယန် က

ဂရုမစိုက်သောလေသံဖြင့်
ဆက်ပြောသည် “နင် အခုထိ
သတိမထားမိသေးတာ ဖြစ်နိုင်တယ်။
အခုအချိန်မှာ လူသားအင်ပါယာအရှင်ရဲ့
ဒဏ္ဍာရီနုတ်ဓားက နင့်လက်ထဲမှာ
ရှိနေတယ်။ ဒီတော့ လောကသုံးပါး က
ကျင့်ကြံသူတွေ ဆင်းလာနေကြပြီ”

ယန်ယဲ့ က "ဒါဟာ

သတင်းဖြန့်ပေးတဲ့အတွက် မင်းကို

ကျေးဇူးတင်ရမှာပဲ မဟုတ်လား"

လင်းဝေယန် က အနည်းငယ်

ခေါင်းညိတ်ပြပြီး “ဒီလိုပါပဲ။ ဟုတ်တယ်၊

ဒီဓားရဲ့ နောက်ခံသမိုင်းကြောင်းက

ဘယ်လောက်ထိ ထူးခြားတယ်ဆိုတာ

နင်သိလား"

လင်းဝေယန်က ယန်ယဲ့၏ အဖြေကိုပင်

မစောင့်ဘဲ ထပ်ပြောပါသည်

“တကယ်တော့ ငါ့ကိုယ်ငါ

ကောင်းကောင်းသိနေလို့

ဒီဓားကိုမယူလိုက်တာ။ ငါယူရင်

အဆုံးမရှိတဲ့ ပြဿနာတွေကို

ရင်ဆိုင်ရလိမ့်မယ်။ နင်အတွက်ဆို

အခုနင်က ပိုဆိုးတဲ့ ပြဿနာတွေ

ကြုံလိမ့်မယ်။ ဘာလို့လဲဆိုတော့ နင်က

ကြင်နာတတ်တဲ့သူတစ်ယောက်ဆိုရင်

ပြဿနာတွေက

ဒီလောက်ကြီးမှာ်ဟုတ်ပါဘူး။

ဘာလို့လဲဆိုတော့

လူသားအင်ပါယာအရှင်က နင့်ကို

မသတ်ဘဲနဲ့ဓားကိုပဲပြန်ယူလိမ့်မယ်။

ဒါပေမဲ့ နင်ဟာ

ကြင်နာတတ်တဲ့သူမဟုတ်တဲ့အတွက်

သူ့စရိုက်ကိုအခြေခံရရင် နင်တော့

သေချာပေါက်အသတ်ခံရမှာပဲ။နင်...”

"ပါးစပ်ပိတ်ထားလိုက်တော့..." ယန်ယွဲ့က

အေးစက်စက်အော်ငေါက်ပြီး

သူ၏လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။

လင်းဝေယန်၏ အသံက

တစ်ပိုင်းတစ်စနှင့် ရုတ်တရက်

ရပ်တန့်သွားသည်။

အချိန်အတော်ကြာပြီးနောက် သူမက

ယန်ယဲ့ကို စိုက်ကြည့်ရင်း

"ကံကောင်းပါစေ..ယ"

စကားပြောပြီးသည်နှင့် လင်းဝေယန်၏
ပုံရိပ် ကြည်လင်လာပြီး နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်
လျို့ဝှက်ဂိုဏ်း၏ ခန်းမထဲမှ
ပျောက်ကွယ်သွားသည်။

ဤနေရာရှိလူတိုင်း စုမူ၏အလောင်းကို
စိုက်ကြည့်နေကြသည်။ အားလုံးက

ရွှေတောင်ကြီး ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။

လျှို့ဝှက်ဂိုဏ်းက အခု ဘာလုပ်သင့်လဲ။

...

ယန်ယဲ့ သည် ခန်းမထဲကနေ ထွက်လာပြီးနောက် ယန်လျန်ရှမ်း ကို ဆက်သွယ်ရင်း

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့သည်။

ကောင်းကင်တိုင်တောင်တန်း....။

တောင်တန်းအတွင်းပိုင်းရှိ

အမည်မသိတောအုပ်တစ်ခုထဲတွင် ....။

ရှေးဟောင်းသစ်ပင်ကြီးများ

အပြည့်ဖုံးလွှမ်းထားသည်။

အကိုင်းအခက်များနှင့် အရွက်များသည်

နေရောင်ခြည်ကို

အပြည့်အဝပိတ်ဆို့ထားသော စွမ်းအင်

ကုလားကာနှင့်တူသည်။

ဤအခိုက်အတန့်တွင်

ကောင်းကင်ထက်မှ အလင်းတန်းတစ်ခု

လင်းလက်လာပြီး တောအုပ်ထဲသို့

ထိုးဆင်းသွားခဲ့သည်။

အလင်းတန်းက မြေပြင်ပေါ်သို့

ဆင်းလာသည်နှင့်

ယန်ယဲ့၏ပုံရိပ်ပေါ်လာသည်။

ထိုခဏလေးမှာပဲ ယန်လျန်ရှမ်းက

ယန်ယဲ့ရှေ့တွင် ပေါ်လာခဲ့သည်။

သူမက ယန်ယဲ့ကို ခဏကြာစိုက်ကြည့်ပြီး

"နင်တော်တော်လေး

တိုးတက်သွားပြီ"ဟုပြောပါသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
"ကောင်းကင်တိုင်တောင်ရဲ့
အတွင်းပိုင်းကို ငါသွားရလိမ့်မယ်။
ဘယ်လိုနေရာမျိုးလဲဆိုတာ စုံစမ်းပေးဖို့
မင်းကိုပြောခဲ့တယ်။အခြေအနေဘာထူး
လဲ"

ယန်လျန်ရှမ်း၏ အမူအရာက
ချက်ချင်းပင် လေးနက်လာသည်။

သူမက "ဒါက ဘယ်လိုနေရာမျိုးလဲ သိလား"ဟုပြန်မေးခဲ့သည်။

ယန်ယဲ့က ခေါင်းခါလိုက်သည် "တကယ်ငါမသိဘူး"

ယန်လျန်ရှမ်း က ခဏမျှစဉ်းစားကာ ရှင်းပြလိုက်သည် “ဒါက ကောင်းကင်တိုင်တောင်တန်းမှာ အဆင့် (၃) အန္တရာယ်နယ်မြေတစ်ခုပဲ”

"အန္တရာယ်ရှိတဲ့နေရာတွေထဲမှာ အဆင့် ၃ ချိတ်တာလား" ယန်ယွဲ့က ဆက်မေးလိုက်သည် "အဆင့် (၁) နဲ့ အဆင့် (၂) က ဘယ်လိုအခြေအနေရှိမလဲ"

ယန်လျန်ရှမ်း က "အဆင့် ၁ နဲ့ ၂ က ရှေးဟောင်းကျင့်ကြံသူ ၃ ယောက်၊ ကောင်းကင်အရှင် ၄ ပါး နေတဲ့နေရာပါ။

နင် သူတို့အကြောင်း

ကြားဖူးတယ်မဟုတ်လား”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ယန်လျန်ရှမ်း က ဆက်ပြောသည်

“ကောင်းကင်တိုင်တောင်တန်းရဲ့အတွင်း

ပိုင်းနယ်မြေက

စွမ်းအားရှင်တွေနေထိုင်တဲ့

နေရာတွေထက်တောင်

ပိုအန္တရာယ်များတယ်လို့ ပြောနိုင်တယ်။

ဘာကြောင့်လဲဆိုတော့ လောကသုံးပါးက

ကျင့်ကြံသူတွေ

ဆင်းလာနေကျနေရာဖြစ်လို့ပဲ။ သူတို့က

အရမ်းကြီးမသန်မာရင်တောင်မှ

ရှေးဟောင်းကျင့်ကြံသူ ၃ ယောက်နဲ့

ကောင်းကင်အရှင် ၄ ပါး ထက်တောင်

အများကြီးပိုသန်မာတယ်။"

ယန်ယဲ့က ရုတ်တရက် မေးလိုက်သည်

"ဒါပေမဲ့ ကံကောင်းခြင်းနဲ့

အခွင့်အလမ်းတွေ ပြည့်နေတယ်

မဟုတ်လား"

“နင် ဆုံးဖြတ်ချက်ချပြီးပြီ မဟုတ်လား”

ယန်လျန်ရှမ်းက

ထိုစကားသာပြန်မေးပါသည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်။

သူမက "ဒါဆို သတိထားပါ."

ယန်ယဲ့ က “မင်းနဲ့ တခြားသူတွေလည်း သတိထားရမယ်။ တစ်ခုခုဖြစ်ရင် ချက်ချင်းအကြောင်းကြားပါ"

ယန်လျန်ရှမ်းက ပြုံးကာ “စိတ်မပူပါနဲ့။ ငါတို့ အန္တရာယ်ကြုံလာရင် နင့်ကိုမေ့မှာမဟုတ်ဘူး”

ယန်ယဲ့က ပြုံးပြီး ကောင်းကင်ပေါ်မှာပဲ

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ ထွက်သွားပြီးနောက်တွင်

ယန်လျန်ရှမ်း၏ နံဘေး၌

အမျိုးသမီးတစ်ယောက် ရုတ်တရက်

ပေါ်လာသည်။

ယန်လျန်ရှမ်း က "နင်ဘာလို့

သူ့ကိုထွက်မတွေ့တာလဲ"

သူမက ခေါင်းယမ်းကာ
ငြိမ်နေလိုက်သည်။

ယန်လျန်ရှမ်း က အမျိုးသမီးကို
စူးစိုက်ကြည့်ပြီး ပြောလိုက်သည်
"တကယ်တော့ နင်က အရမ်းပျော့ညံ့ပြီး
နူးညံ့တယ်ထင်ရပေမယ့်
အရမ်းအန္တရာယ်များတယ်လို့
ငါခံစားမိတယ်"

အမျိုးသမီးက ကောင်းကင်ကို

မော့ကြည့်ရင်း “ဟိုးအရင်တုန်းက

ငါ့စိတ်ထဲမှာ အသံတစ်ခု

မကြာခဏပေါ်လာတယ်။ အဲဒီတုန်းက

စိတ်ထဲမှာ တစ်စုံတစ်ယောက် ရှိတယ်လို့

ထင်ခဲ့တယ်။ နောက်ဆုံးတော့

ငါမှားနေပြီဆိုတာ သိလိုက်ရတယ်။

အဲဒီအသံက

ငါကိုယ်တိုင်ပဲဖြစ်နေတယ်"ဟုပြန်ပြောခဲ့
သည်။

ထို့နောက် သူမ၏အကြည့်ကို
ဆုတ်လိုက်ပြီး "ဖြစ်နိုင်ရင် သူ့ကို
လောကသုံးပါး
တက်မလာဖို့မျှော်လင့်မိတယ်။ ဘာလို့လဲ
ဆိုတော့ အဲဒီမှာရှိတလူတွေက သူ့ထက်
ပိုလက်တွေ့ဆန်ပြီး ရက်စက်တယ်။
ကံမကောင်းစွာပဲ၊

ငါရှေ့ထွက်တားရင်တောင်
မဖြစ်နိုင်ဘူးဆိုတာ သိပါတယ်”

ယန်လျန်ရှမ်း က ထိုအမျိုးသမီးကို
ကြည့်ပြီး "နင်က ဘယ်သူလဲ"

အမျိုးသမီးက ယန်လျန်ရှမ်း
ကိုကြည့်ကာ
"ကံကြမ္မာတာအိုလူဝင်စား.... "ဟူ၍
ပြောပြီး ပျောက်ကွယ်သွားသည်။

...

၂ ရက်ခန့်အကြာတွင်....

ယန်ယွဲ့ သည်

ကောင်းကင်ဘုံဌာန၏ခေါင်းဆောင်နှင့်

တွေ့ဆုံခဲ့သည်။

ယန်ယွဲ့ သည်

ရွှေရောင်မျက်နှာဖုံးစွပ်အမျိုးသားကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ မင်းကို ဘယ်လိုခေါ်ရမလဲ"

ထိုလူက “ငါ့ကို 'အမှောင်' လို့ခေါ်"ဟုပြန်ဖြေသည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး "အစ်ကို အမှောင်၊ မင်းက ရှေးဟောင်းကျင့်ကြံသူတစ်ယောက်ကို တကယ်ပဲတိုက်ခိုက်ခဲ့တာလား"

အမှောင်က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

“မဟုတ်ဘူး၊ ဒါပေမဲ့

ငါလက်တွေ့မြင်ဖူးတယ်။ သူတို့ရဲ့

ခွန်အားက မင်းထင်ထားတာထက်ကို

အများကြီးကျော်နေတယ်။ တကယ်ပဲ

ကမ္ဘာကြီးကို

ချေမှုန်းပစ်နိုင်စွမ်းရှိတယ်လို့ပြောရမယ်”

ယန်ယဲ့ က "ဒါဆိုရင် သူတို့ရဲ့အင်အားက လောကသုံးပါး ကိုတက်ဖို့တောင် မလုံလောက်ဘူးလား"ဟုမေးလိုက်သည်။

အမျောင်က ပြန်ပြောသည် “ချိတ်ပိတ်စည်းကို လျှော့မတွက်နဲ့။ ရှေးဟောင်းကျင့်ကြံသူတွေလိုပဲ ကြောက်စရာကောင်းတယ်။လူအနည်းစု လောက်ပဲ လောကသုံးပါးကို တက်နိုင်ကြတယ်ဆိုပေမယ်လို့

အရင်ကနဲ့ယှဉ်ရင်တော့

ပိုပြီးအားပျော့လာတယ်။ ဒီတော့

ပညာရှင်တွေက ဒါကို သိပ်ဂရုမစိုက်ဘူး။

ဒါပေမဲ့ နှစ်တွေကြာလာတော့

ရုတ်တရက်ကြီးတိုးလာတယ်။

အခုလောလောဆယ်မှာ လွန်ခဲ့တဲ့

နှစ်တွေထက် အများကြီး

ပိုအားကောင်းလာတယ်”

အမောင်က ခဏရပ်ပြီး ကောင်းကင်တိုင်တောင်တန်းကို စိုက်ကြည့်ရင်း “ဒါ့အပြင် ပိုပြီးကြောက်စရာကောင်းတဲ့ တည်ရှိမှုတစ်ခုပါရှိနေသေးတယ်”ဟုဆက်ပြောခဲ့သည်။

ယန်ယဲ့က "ဘာလဲ"

"အဲ့ဒီနဂါးနက်ကြီး...." အမှောင် က လေးနက်သောလေသံဖြင့် “ဒီကမ္ဘာနဲ့ မသက်ဆိုင်တဲ့ နဂါးတစ်ကောင်”

နဂါးနက်ကြီးလား။

ယန်ယဲ့က ချက်ချင်းသတိရသွားသည်။

အမှောင် ပြောနေသည့် နဂါးနက်ကြီးဟာ ရှောင်ချီနှင့်ပေါင်းပြီး

မူလစေတီကိုခိုးယူပေးခဲ့သော
နဂါးကြီးပါ။

ဤအချိန်တွင် အမှောင်က ရုတ်တရက်
ပြောလိုက်သည် "သွားကြရအောင်"

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

"မင်း ပုံစံပြောင်းရမယ်" အမှောင်က
ထပ်ပြောလိုက်သည် "အခုအချိန်မှာ

မရေမတွက်နိုင်တဲ့လူတွေက မင်းကို

လိုက်ရှာနေတာ"

စကားပြောပြီးနောက်

အနက်ရောင်ဝတ်ရုံတစ်ထည်ကို

ထုတ်ကာ ယန်ယွဲ့ထံ ပစ်ပေးလိုက်သည်။

ယန်ယွဲ့ သည် မငြင်းဆန်ဘ

အနက်ရောင်ဝတ်ရုံကို

ဝတ်ဆင်လိုက်သည်။ ထို့နောက်တွင်တော့

အမျှောင် နှင့်အတူ

ကောင်းကင်တိုင်တောင်ခြေသို့

လိုက်ပါသွားခဲ့သည်။

……

May Be:

၂၁၉၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၉၉ - လုယက်ကြခြင်း

ကောင်းကောင်တိုင်တောင် ဂိတ်တံခါး၀။

.

တောင်ခြေရင်းသို့ ရောက်လာသည့်အခါ

ရောမဂိတ်တံခါးကြီးတစ်ခုရှိနေကြောင်း

မြင်လိုက်ရသည်။

ခဏအကြာတွင် သူတို့ရှေ့၌
ဆံပင်ဖြူအဘိုးကြီးတစ်ယောက်
ရုတ်တရက်ပေါ်လာသည်။

အဘိုးကြီးက စကားတစ်ခွန်းမှ မပြောဘဲ
အမှောင်ကို စိုက်ကြည့်နေသည်။

ယန်ယွဲ့ သည် အနည်းငယ်
အံ့သြသွားသည်။ ဤအတောအတွင်း
အမှောင်က အဘိုးကြီးထံသို့

လက်သီးစုပ်အရွယ်

ခရမ်းရောင်သလင်းကျောက်နှစ်လုံးနှင့်

ရွှေရောင်ကတ်ပြားတစ်ခု

ကမ်းပေးလိုက်သည်။

အဘိုးကြီးက သူ၏ညာလက်ကို

ဝှေ့ယမ်းကာ သလင်းကျောက်များကို

ယူလိုက်သည်။ ထို့နောက် ယန်ယွဲ့ကို

ကြည့်နေသည်။

အမှောင်က "သူ့ကို ကတ်ပြားပေးလိုက်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

သူ့လက်ကိုအသာလှုပ်လိုက်သည်။

ရွှေရောင်ကတ်ပြားတစ်ခုက

ဆံပင်ဖြူအဘိုးကြီးဆီကို

ပျံသန်းသွားသည်။

အဘိုးကြီးက ရွှေရောင်ကတ်ပြားကို

တစ်ချက်ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြကာ နေရာမှာပင် ပျောက်သွားခဲ့သည်။

ယန်ယဲ့ က အမှောင်ကို စိုက်ကြည့်ရင်း "ဝင်ကြေးရှိသလား"ဟုမေးလိုက်သည်။

အမှောင်က "ကနဦးညဏ်အလင်းသခင် တစ်ယောက် တစ်ကြိမ်ဝင်လာတုန်းကမပေးခဲ့ဘူး။ ဘာဖြစ်သွားလဲသိလား"

ယန်ယဲ့ က "ဘာလဲ"

အမှောင်က ညာဖက်ကို

ညွှန်ပြလိုက်သည်။ထိုနေရာတွင်

ကျောက်တိုင်တစ်လုံးရှိနေသည်။

ထိုကျောက်တိုင်ထိပ်ဖျား၌

ခေါင်းပြတ်တစ်လုံး

တွဲလောင်းကျနေသည်။

အမှောင်က “အဲဒါပဲ ဖြစ်ခဲ့တာ"

ထို့နောက် စကားထပ်မပြောတော့ဘဲ
ရှေ့ကို ဆက်လျှောက်သွားခဲ့သည်။

ယန်ယဲ့ သည် ခေါင်းပြတ်ကို
ငုံ့ကြည့်လိုက်သည်။ ခဏအကြာတွင်
သူ့အလိုလိုပခုံးတွန့်ပြလိုက်သည်
“ဘယ်လောက်တောင်
ကြောက်စရာကောင်းလဲ”

ထိုစကားပြောပြီးသည်နှင့် အမှောင်၏
နောက်ကနေလိုက်ပါသွားသည်။

လမ်းတစ်လျှောက်တွင် အမှောင် က
ဖြည်းညှင်းစွာ ရှင်းပြသည်
"ကောင်းကင်တိုင်ရဲ့ အတွင်းပိုင်းကို
အဆင့် (၁၂) ဆင့် ခွဲထားတယ်။ အ
ဆင့်မြင့်လာလေလေ
အန္တရာယ်ပိုများလေလေပဲ။

ချိတ်ပိတ်စည်းက အဆင့် ၁၂ ရဲ့

အထက်မှာရှိတယ်။

ချိတ်ပိတ်ထားတာကို

ဖြတ်ကျော်ရမယ့်အပြင်

ဖရိုဖရဲအာကာသလမ်းကြောင်းကို

ဖြတ်ကျော်ပြီးမှပဲ လောကသုံးပါးကို

တက်နိုင်လိမ့်မယ်"

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြပြီး

ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

ဘယ်လောက်တောင်

ကျယ်ပြန့်လိုက်တဲ့နေရာလဲ။

ဤအရာက ပတ်ဝန်းကျင်

နှင့်ပတ်သက်ပြီး ယခုလက်ရှိ

သူခံစားမိနေတာပါ။

နေရာတစ်ခုလုံးသည်

ကျယ်ပြန့်ရှိသာမကဘဲ

သူတို့၏ခြေသံများကိုပင်

ပြန်ကြားနိုင်သည်အထိ

အလွန်တိတ်ဆိတ်နေခဲ့သည်။

အမှောင် က

"သတိထားပါ"ဟုရုတ်တရက်ပြောခဲ့သည်

။

ယန်ယဲ့ က "ဒီမှာ အန္တရာယ်ရှိသလား"

အမျောင် က ခေါင်းညိတ်ပြီး “ဒီမှာရှိတဲ့

လူတချို့က

ဒေါသအရမ်းကြီးတယ်။အထူးသဖြင့်

တော့ ဒီနေရာမှာ တစ်နှစ်ပတ်လုံးနေနေတဲ့

အပေါင်းအပါတွေ။ သူတို့က

ပိုကောင်းတဲ့ရတနာတွေ၊

ကံကြမ္မာကောင်းချီးတွေကိုလိုချင်လို့

ကောင်းကင်တိုင်ကနေ

တစ်ခါမှကိုအပြင်ထွက်မသွားကြဘူး။
ဒါကြောင့် သူတို့ဒီမှာ
နေ့တိုင်းနေနေတယ်။ ဒါ့အပြင် သူတို့ကို
သာမန်လူတွေအဖြစ်
မသတ်မှတ်နိုင်တော့ဘူး”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
"မင်းရဲ့မျှော်လင့်ချက်အားလုံးကို
ဘယ်လိုဖြစ်ပြီး

ပြင်ပအရင်းအမြစ်တွေဆီပုံအပ်နိုင်မှာလဲ
"

"မင်းမှားနေပြီ" အမှောင် က ဆက်ပြောလိုက်သည် “သူတို့က ကနဦးညဏ်အလင်းသခင် မဟုတ်ရင်တောင် ကနဦးညဏ်အလင်းသခင်တွေကို တိုက်ခိုက်ဖို့ ဒီနေရာကို ဝင်လာနိုင်တာ၊ ဒီလိုလူတွေက သာမန်ခွန်အားရှိပါ့မလား။

သူတို့ အဲဒါကို ပြီးမြောက်အောင်

လုပ်နိုင်တဲ့အတွက် ဒီသဘောတရားကို

သူတို့ နားမလည်ဘူးလို့ မင်းထင်လား”

ယန်ယဲ့ က ပြန်မေးလိုက်သည်  "ဒါဆို

သူတို့က ဘာလို့ ဒီလိုလုပ်နေကြတာလဲ"

အမျောင် က "တကယ်တော့ အများစုက

အကန့်အသတ်ကိုရောက်နေကြပြီ။

ပိုမိုတိုးတက်လာဖို့ဆိုရင်

နည်းလမ်းတစ်ခုပဲရှိတယ်။ အဲဒါက

ပိုအဆင့်မြင့်တဲ့နည်းစနစ်ဒါမှမဟုတ်တို

က်ခိုက်ရေးနည်းစနစ်တွေပိုင်ဆိုင်တာပဲ။

ချိတ်ပိတ်စည်းကို ဖြတ်ကျော်လာတဲ့

လူတွေက အဲဒါတွေအားလုံးကို

ပိုင်ဆိုင်ထားတယ်။ ရတနာတွေက

အသက်ရှင်ဖို့ ကူညီပေးနိုင်လို့ လူတိုင်းက

ရတနာတွေ စုဆောင်းကြတယ်”

ဟုတ်လား။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

သူလည်း ထိုအခြေအနေကို

မမျှော်လင့်ထားပေ။

ဤအခိုက်အတန့်တွင်

ကောင်းကင်တိုင်တောင်တန်းအပြင်ဖက်

စည်းတွင် ကနဦးညဏ်အလင်းသခင်များ

မရှိသည့်အကြောင်းအရင်းအား

နားလည်သွားခဲ့သည်။ အကြောင်းမှာ

ကနဦးဉာဏ်အလင်းသခင် များဟာ

မော်တယ်လောကတိုက်ပွဲများကို

စိတ်မဝင်စားကြလို့ပါ။

အားလုံးက အလယ်စကြာဝဠာကို

အာရုံမထားကြတော့ပေ။

သူတို့မြင်နေမှုအရာရာတိုင်းဟာ

လောကသုံးပါး သာလျှင်။

ဝုန်း....

ဤအချိန်တွင် တောင်တန်းတစ်ခုလုံး

ရုတ်တရက် ပြင်းထန်စွာ

တုန်ခါသွားသည်။ထို့နောက်တွင်

ယန်ယဲ့သည် မရေမတွက်နိုင်သော

အစွမ်းထက်အော်ရာများကို

ခံစားလိုက်ရသည်။ သို့သော် အားလုံးက

တောင်ထိပ်ဆီသို့ ဦးတည်နေခဲ့သည်။

ယန်ယဲ့ က သူ့ဘေးနားရှိ အမှောင်ကို

စိုက်ကြည့်လိုက်သည်။ အမှောင် က

ခဏကြာစဉ်းစားပြီး ရှင်းပြခဲ့သည်

"နောက်ထပ် ကျင့်ကြံသူတစ်ယောက်က

ချိတ်ပိတ်စည်းကို ဖြတ်ကျော်လာပြီ။

သွားကြည့်ရအောင်"

စကားပြောပြီးနောက် အမှောင်သခင်က

အနက်ရောင်အလင်းတန်းအဖြစ်ပြောင်း

လဲကာ လေထဲသို့ လွင့်မျောသွားသည်။

ယန်ယဲ့ သည် တံ့ဆိုင်းမနေဘဲ

နောက်ကနေ

ချက်ချင်းလိုက်ပါသွားသည်။

အမှောင် က ယန်ယဲ့ကို

ကောင်းကင်တိုင်တောင်တန်း၏ အဆင့်

၉ နယ်မြေသို့ ဦးဆောင်ခေါ်လာသည်။

ဤအခိုက်အတန့်တွင်

လူအချို့ရှိနေကြောင်း မြင်လိုက်ရသည်။

သိပ်တော့မများပေ၊ အားလုံးပေါင်း လူ ၁၅ ယောက်လောက်သာရှိခဲ့သည်။

သို့သော်လည်း အားလုံးက ကနဦးညဏ်အလင်းသခင်များချည်းသာ ။

လူတိုင်းက အထက်ကို မျှော်ကြည့်နေကြသည်။ အပေါ်တည့်တည့်တွက်

ရောမအပြာရောင် လျှောက်လမ်းတစ်ခု

ရှိနေသည်။ ၎င်းမှ

မှိတ်တုတ်မှိတ်တုတ်လက်နေခဲ့သည်။

ယန်ယွဲ့ သည်

အပေါ်မော့ကြည့်လိုက်သည်။

သို့သော်လည်း ဘာမှမတွေ့ခဲ့ပေ။

ယန်ယွဲ့ က

"ငါတို့ဘာလို့ထပ်မတက်တာလဲ"

အမှောင်က ခေါင်းယမ်းလိုက်ပြီး

“ဒီမှာပဲရပ်လိုက်တာကောင်းမယ်။

ဒီအဆင့်ထက်ပိုတက်သွားရင်တော့

ငါတို့သေသွားနိုင်တယ်”

ယန်ယဲ့ သည်

တစ်ခုခုပြောရန်ပြင်လိုက်စဉ်

အပေါ်ဖက်ရှိ

အပြာရောင်လျှောက်လမ်းက

ရုတ်တရက် တုန်ခါသွားပါတော့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်
ပတ်ဝန်းကျင်ရှိ ကျင့်ကြံသူအုပ်စုဟာ
သတိအပြည့်ဖြစ်နေကြောင်း
သတိပြုမိလိုက်သည်။
တစ်ချိန်တည်းမှာပင် ဤနေရာတွင်
မမြင်နိုင်သော ဖိအားလှိုင်းတစ်ခု
ပေါ်လာသည်။

ကနဦးညဏ်အလင်းသခင်များ ထံမှ

မဟုတ်ဘဲ

အပေါ်ဖက်လျှောက်လှမ်းကနေထွက်ပေါ်

လာတာပါ။

"အခုမတိုက်ခိုက်နဲ့ဦး" အမောင်က

တိုက်ခိုက်ရန်ပြင်နေသည့်

ယန်ယဲ့ကိုသတိပေးလိုက်သည် “ဒါက

ငါတို့ရဲ့ အဓိကပစ်မှတ်မဟုတ်ဘူး။

မင်းရဲ့ခွန်အားကို ထိန်းထား..."

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

အပြာရောင်လျှောက်လမ်းကို

မော့ကြည့်လိုက်သည်။

လျှောက်လမ်းက

တဖြည်းဖြည်းပို၍တုန်ခါလာသည်။

သိပ်မကြာလိုက်ပေ၊ အထဲမှအရိပ်တစ်ခု

လွင့်ထွက်လာသည်။

အရိပ် လွင့်ထွက်လာသည်နှင့်
ဒါဇင်ချီသောအနက်ရောင်အရိပ်များ
ကောင်းကင်ပေါ်သို့ ပျံတက်သွားကာ
ချက်ချင်းဝိုင်းရံလိုက်ကြသည်။

ဤအချိန်တွင် အရိပ်က
ဒေါသတကြီးအော်ငေါက်လိုက်သည်
"မင်းတို့ လုပ်ဝံ့သလား"

တစ်ချိန်တည်းမှာပင်

အဘိုးကြီးတစ်ယောက်က လက်ကို

ဆန့်လိုက်သည်။ ထိုခဏလေးမှာပဲ

အရိပ်အထက်တွင်

ရောမလက်ဝါးကြီးတစ်ဖက် ပေါ်လာကာ

ဖိချလိုက်သည်။ အာကာသပြင်သည်

တုန်ခါသွားခြင်းတော့မရှိပေ၊

ရောမလက်ဝါးကြီးမှ အလင်းတန်းတစ်ခု

လင်းလက်လာပြီးအရိပ်အပေါ်သို့

ဆင်းသက်လာသည်။

"မင်း.... ပုရွက်ဆိတ်။ မင်းငါ့ကို

ဘယ်လိုတောင် တိုက်ခိုက်ရဲတာလဲ"

အရိပ်က

ဒေါသတကြီးအော်ငေါက်လိုက်သည်။

သူ၏လက်ထဲမှ

အနက်ရောင်ဓားတစ်ချောင်း ပေါ်လာ ပြီး

ရောမလက်ဝါးကြီးကို

ထိုးသွင်းလိုက်သည်။

ဘမ်း....

ထိုးသွင်းလိုက်သည်နှင့် တပြိုင်နက်

ရောမလက်ဝါးကြီးက

ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပင်

အဘိုးကြီးဟာ

နောက်ပြန်ဆုတ်သွားလိုက်ရသည်။

အဘိုးကြီး နောက်ပြန်ဆုတ်သွားတိုင်း
အာကာသပြင်တစ်လျှောက်ဟာ
တုန်လှုပ်သွားပါတော့သည်။

ဤအတောအတွင်း အခြားသော
ကျင့်ကြံသူများက  အရိပ်ကို
ချက်ချင်းတိုက်ခိုက်လိုက်ကြသည်။

သို့သော်လည်း အရိပ်က
အလွန်သန်မာနေပုံပါ။

ကျင့်ကြံသူအများအပြားကို တပြိုင်နက်တိုက်ခိုက်နေသည်။

အမောင်က ခေါင်းခါလိုက်ပြီး "သူချက်ချင်းထွက်ပြေးရင် အသက်ရှင်ဖို့အခွင့်အလမ်းရှိလိမ့်မယ်။ အခုတော့ သူလွတ်ချင်ရင်တောင် ပြေးနိုင်မှာမဟုတ်ဘူး"

ယန်ယဲ့ က "ဒီလူတွေက သူ့အတွက် ဘာမှလုပ်နိုင်စွမ်းမရှိဘူးထင်တယ်"

အမျောင် က ခေါင်းခါရင်း "ပွဲကအခုမှစတာ"ဟုပြန်ပြောလိုက်သည် ။ အပြာရောင်လမ်းကြားကို လှမ်းကြည့်လိုက်ရင်း “အဲဒီလူတွေက ငါတို့ကို လုံးလုံးလျော့တွက်ထားတယ်။ မင်းဟာ ရန်သူကို လျော့တွက်လိုက်ရင် အမြန်အသတ်ခံရလိမ့်မယ်"

"မထိန်းထားကြနဲ့" ဤအချိန်တွင်
ကောင်းကင်ထက်မှ အသံတစ်သံ
ရုတ်တရက်ထွက်ပေါ်လာသည်။
ထို့နောက်တွင် ကနဦးညဏ်အလင်းသခင်
၁၅ ယောက်၏ အငွေ့အသက်များ
ပေါက်ကွဲထွက်လာသည်။
တစ်ချိန်တည်းမှာပင် အရိပ်ကို ချက်ချင်း
ပိတ်လှောင်ထားလိုက်သည်။

သူတို့က သန်မာတယ်။

ယန်ယဲ့ သည် သူ့ရှေ့က လူစုကို
စိုက်ကြည့်နေစဉ် မျက်နှာပေါ်၌
အလွန်လေးနက်သော
အမူအရာရှိနေခဲ့သည်။
တစ်ယောက်ချင်းစီက အမှောင်ဧကရာဇ်
ထက်ပင် အားမနည်းပေ။ သို့သော်
သူ့စိတ်ထဲမှာကား ဤလောကတွင်

ထိုအဆင့်ကျင့်ကြံသူများ ရှိနေမည်ဟုပင်

မထင်ထားခဲ့ပေ။

မင်းတို့က သေလမ်းရှာနေကြတာပဲ"

အရိပ်က

ဒေါသတကြီးအော်ဟစ်လိုက်သည်။

ထို့နောက် သူ့အပေါ်တွင်

လက်ဝါးအရွယ်ခန့် တံတိပ်အပြားတစ်ခု

ပေါ်လာသည်။

တံဆိပ်ပြားကို မြင်သောအခါ အမှောင်၏

အမူအရာက

သိသိသာသာပြောင်းလဲသွားသည်

"ပြန်ဆုတ်မယ်....."

စကားပြောပြီးသည်နှင့် အမှောင်က

ချက်ချင်း

နောက်ပြန်ဆုတ်သွားသည်။ယန်ယွဲ့၏

တုံ့ပြန်မှုကလည်း မနှေးကွေးပါ။

တစ်ခါတည်း သူပါ
နောက်ပြန်ဆုတ်သွားသည်။

သူတို့နှစ်ယောက် အပြင် အရိပ်ကို
ဝိုင်းထားသည့် ကျင့်ကြံသူများပါ
ကမန်းကတန်းပြန်ဆုတ်လာခဲ့သည်။

ဤအချိန်တွင် အနက်ရောင်အပြားက
တုန်ခါသွားပြီး…

ဆူး… ဆူး… ဆူး…ဆူး…ဆူး…

မှုန်တိုင်းတစ်ခုကဲ့သို့ မရေမတွက်နိုင်သော အနက်ရောင်အလင်းတန်းများ ဖြာထွက်လာခဲ့သည်။

….

ယန်ယဲ့ သည် နောက်ပြန်ဆုတ်နေရင်း မျက်လုံးများ

အနည်းငယ်ကျဉ်းမြောင်းသွားသည်။ အကြောင်းမှာ ကနဦးညဏ်အလင်းသခင် ၂ ယောက်ဟာ အသံမထွက်ဘဲ အသတ်ခံလိုက်ရလို့ပါ။ ခန္ဓာကိုယ်များ ဖျက်ဆီးခံရပြီး မူလစိတ်ဝိညာဉ်များသာ လွတ်မြောက်နိုင်ခဲ့သည်။

အနက်ရောင်အလင်းတန်းများက မရပ်တန့်လဲ ပတ်ဝန်းကျင်ဆီသို့ ဆက်လက်ပျံ့လွင့်လာသည်။

အရှိန်က

မျက်စိဖြင့်မမြင်နိုင်လောက်အောင်ကို

မြန်ဆန်လှသည်။ အမှောင်၏ လက်ထဲ၌

ရွှေရောင်အပ်တစ်ချောင်း ပေါ်လာသည်။

ရွှေအပ်မှ အလင်းတန်းတစ်ချက်

လင်းလက်ကာ

ရှေ့သို့ပြေးထွက်သွားသည်။

ထိုခဏလေးမှာပဲ သူ့ရှေ့ ရောက်လာသော

အနက်ရောင်အလင်းတန်းဟာ

အပိုင်းပိုင်းပြတ်တောက်သွားသည်။

ယန်ယဲ့ သည် သူ့ရှေ့မှ

အနက်ရောင်အလင်းတန်းကို

စိုက်ကြည့်နေရင်း မျက်နှာပေါ်တွင်

အလွန်လေးနက်သော အမူအရာ

ပေါ်လာသည်။ သူသည်

သွေးပြန်လည်မွေးဖွားခြင်းအဆင့်

မှာရှိနေသော်လည်း

အနက်ရောင်အလင်းတန်းက

ကြောက်စရာကောင်းသည်ဟု

ခံစားရသည်။ အကယ်၍

ထိပ်တိုက်ရင်ဆိုင်လျှင်

ဖျက်ဆီးနိုင်သည့်တိုင်

ဒဏ်ရာအပြင်းအထန်ရနိုင်ကြောင်းသိနေ

ပါသည်။

ထို့ကြောင့် ယန်ယဲ့ သည် ပေါ့ပေါ့ဆဆ

ပြုမူဝံ့ခြင်း မရှိပေ။ သစ်သားဓားက

သူ့လက်ထဲမှာ ပေါ်လာပြီး

ချက်ချင်းဆိုသလို

ပျော့ယမ်းလိုက်လေတော့သည်။

သစ်သားဓား ပိုင်းချလိုက်တိုင်း

အနက်ရောင်အလင်းတန်းများ ချက်ချင်း

ပျောက်ကွယ်သွားသည် ။

အချိန်တော်တော်ကြာပြီးနောက်မှသာ

ပတ်ဝန်းကျင်သည် တဖြည်းဖြည်းနှင့်

ငြိမ်သက်သွားခဲ့်သည်။

May Be:

၂၂၀၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၀၀ - လုယက်ပါ

ဤအချိန်တွင် ကောင်းကင်ထက်မှ

အေးစက်စက်အသံ

ရုတ်တရက်ထွက်ပေါ်လာသည်

"အောက်စကြဝဠာက ပုရွက်ဆိတ်တွေ၊

မင်းတို့ ငါ့ကိုတိုက်ခိုက်ဝံ့သလား။

ကိုယ့်သေတွင်းကို တူးနေကြတာလား"

ယန်ယဲ့ နှင့် အမှောင်က

မော့ကြည့်လိုက်သည်။ ကောင်းကင်မှ

အရိပ်က

သက်လတ်ပိုင်းအဘိုးအိုတစ်ဦးအဖြစ်
ပြောင်းလဲသွားသည်။ သို့သော် အရိပ်က
ရုပ်ခန္ဓာကိုယ် မဟုတ်ပေ၊
ဝိညာဉ်ခန္ဓာကိုယ်တစ်ခုသာ။ ဒီအချိန်မှာ
သူ့လက်ဝါးပေါ်မှ
အနက်ရောင်တံဆိပ်ပြားတစ်ခု
လွင့်မျောနေသည်။

အမှောင်က ရုတ်တရက်ပြောလိုက်သည်
"ဒီလူက မိုက်မဲတယ်"

ယန်ယဲ့က "မင်းဘာကိုဆိုလိုတာလဲ"

အမှောင်က ခေါင်းယမ်းလိုက်ပြီး

“သူ့လက်ပေါ်မှာ ရှိတဲ့ အရာက

နတ်ဘုရားရတနာပဲ။

ကနဦးညဏ်အလင်းသခင် သုံးရင်

ခွန်အားက ၃၀ ရာခိုင်နှုန်း ဒါမှမဟုတ်

ပိုတိုးလာနိုင်တယ်။

ရိုးရိုးရှင်းရှင်းပြောရရင်

သူပိုင်ဆိုင်ထားတဲ့ ရတနာတစ်ခုကို ဖော်ထုတ်လိုက်ပြီဆိုတော့ တော်တော်များများက သူ့ကို အခုပဲ ဝိုင်းသတ်တော့မယ်”

ဤအချိန်တွင်....

နဝမမြောက်ကောင်းကင်ဘုံက ပုရွက်ဆိတ်ဟာ အမြဲဆမ်း ပုရွက်ဆိတ်ပဲ ဖြစ်နေလိမ့်မယ်။

စကားသံ နှင့်အတူ

အေးစက်စက်အလင်းတန်းတစ်ခု

ပေါ်လာပြီးနောက် ဓားတစ်ချောင်းက

ထိုလူရှေ့တွင် ပေါ်လာသည်။

ဓားပျံ ပါ။ မည်သည့်နေရာမှ

ထွက်ပေါ်လာမှန်းမသိသလို

သက်လတ်ပိုင်းအဘိုးအိုက

တုံ့ပြန်နိုင်စွမ်းမရှိတော့ပေ။

ထိုခဏလေးမှာပဲ ဓားပျံက လှည့်ပတ်ကာ

ထိုလူ၏ခေါင်းနောက်ကနေ

ထိုးဖောက်သွားသည်။

သက်လတ်ပိုင်းအဘိုးအို၏

ခန္ဓာကိုယ်ကတင်းမာလာသည်။

ဤအချိန်တွင် အမျောင်က "နောက်ထပ်

ဓားပျံ...

ကောင်းကင်ဆောဘာသူတော်စင်.."

"ကောင်းကင်ဘုံဆောဘာသူတော်စင်လား

" ယန်ယဲ့က အမျောင်ကို စိုက်ကြည့်ရင်း

"ကောင်းကင်အရှင် ၄ ပါးထဲက

တစ်ပါးလား"

အမျောင်က ခေါင်းညိတ်လိုက်သည်

"သူဟာ အလယ်စကြာဝဠာရဲ့

ဆောဘာတာအိုမှာ နံပါတ်တစ်လို့

ပြောလို့ရပါတယ်။

သူ့ရဲ့ဆောဘာတာအိုက

သူတော်စင်တာအိုပါ"

သူတော်စင်တာအို...

ယန်ယဲ့၏ မျက်နှာပေါ်တွင်

လေးနက်သောအမူအရာပေါ်လာသည်။

ဓားတာအို ကဲ့သို့ပင်၊ ဓားတာအိုတွင်

အဆင့်တစ်ခုသို့ ရောက်သည်နှင့်

အလွန်ကြောက်စရာကောင်းပေမည်။

ဥပမာအားဖြင့် အနှောင်အဖွဲ့ကင်းမဲ့သူ။

ထိုလူက ဓားတရား၏အဆုံးသတ်ကိုပင်

ခြေတစ်လှမ်း ဝင်ရောက်နေလေပြီ။

ယန်ယဲ့ သည် ကောင်းကင်ထက်ကို

မော့ကြည့်လိုက်သည်။

သက်လတ်ပိုင်းအဘိုးအို၏

မျက်လုံးများက မယုံကြည်နိုင်မှုများ

ပြည့်နှက်နေခဲ့သည်။ သူ၏ခန္ဓာကိုယ်က

တဖြည်းဖြည်းတောင့်တင်းနေခဲ့သည်။

သေချာသည်မှာ

သူသေဆုံးသည့်အချိန်အထိပင်

အလယ်စကြာဝဠာမှာ အသတ်ခံရမည်ဟု

မထင်ထားပုံပါ။

ယန်ယဲ့ သည် သက်လတ်ပိုင်းအဘိုးအို၏

အလောင်းကို တိတ်တဆိတ်

စိုက်ကြည့်နေသည်။

စစ်မှန်တဲ့ စွမ်းအားရှင် ။

သက်လတ်ပိုင်းအဘိုးအိုကို

သတ်ပစ်လိုက်သော

ကောင်းကင်အရှင်က အလယ်စကြာ၏

အထွတ်အမြတ်ပညာရှင်ပါ။

မူလနတ်ဘုရားအဆင့် ၆ လား။

ထိုအဆင့်ကျင့်ကြံသူ အတွက်

မပြောပလောက်ပေ။

သက်လတ်ပိုင်းအဘိုးအိုက

သေသွားပါပြီ။

သူ၏ နတ်ဘုရားရတနာက ညာဖက်သို့

လွင့်ပျံသွားသည်။ လူအများအပြားက

ရတနာကို စိုက်ကြည့်နေကြသော်လည်း

မည်သည့်အရာမှ မလုပ်ဝံ့ပေ။

ခဏအကြာတွင် ထိုလူ၏ နောက်ကျောမှ ဆေဘာက လေထဲသို့ လွင့်ပျံကာ ပျောက်ကွယ်သွားသည်။

ဆေဘာ ပျောက်ကွယ်သွားသည်နှင့် အနက်ရောင်တံဆိပ်ပြားက ၎င်းနှင့်အတူ ပျောက်ကွယ်သွားသည်။

သိမ်းယူသွားပြီ။

လူအများအပြားက ချက်ချင်းပင်

စိတ်ပျက်လက်ပျက် ဖြစ်သွားကြသည်။

ထိုရတနာက

ကောင်းကင်ဆောဘာသူတော်စင် အတွက်

အသုံးမဝင်ပေ။ နောက်ဆုံးတွင်

သူ၏ခွန်အားက

အလယ်စကြာဝဠာ၏ထိပ်ဆုံးသို့

ရောက်နေပါပြီ။ သို့သော်လည်း

သူတို့အတွက်တော့

လုံးဝကိုအသုံးဝင်ပါသည်။

ကျင့်ကြံခြင်းလောက၌

ခွန်အားလိုအပ်သည့်အပြင်

နတ်လက်နက်များလည်းလိုပါသည်။

တစ်ခါတစ်ရံတွင် ခွန်အားလိုနေလျှင်

နတ်လက်နက်များကဖြည့်ပေးနိုင်၏။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က

အမှောင်ကို စိုက်ကြည့်ရင်း

ပြောလိုက်သည် "ကောင်းကင်အရှင် ၄

ပါးက အမြဲဒီလိုလုပ်မယ်ဆိုရင် ငါတို့က

လက်တွေမှာ ဘာတစ်ခုမှ

မရနိုင်တော့ဘူး"

အမှောင် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

“ဒီလိုအရာတွေကို သူတို့ ဂရုမစိုက်ပါဘူး။

ကောင်းကင်ဆောဘာသူတော်စင် က

အခုလေးတင် လှုပ်ရှားလိုက်တာဟာ ငါ

တော်တော်အံ့ဩသွားတယ်"

ယန်ယဲ့ က “ဒါက ပိုအဓိပ္ပါယ်ရှိတယ်။

မဟုတ်ရင် ငါတို့ဒီမှာနေဖို့က

အဓိပ္ပါယ်မဲ့လိမ့်မယ်”

အမှောင် က "ဒါပေမဲ့

သူကိုယ်တိုင်ပြသပြီးကတည်းက

လောကသုံးပါး က ဆင်းလာတဲ့
ကျင့်ကြံသူတွေအတွက်
ကောင်းကင်ဆောဘာသူတော်စင်
ထွက်လာတော့ သေချာပါတယ်"

ယန်ယဲ့ က သူ့အပေါ်ကို
တစ်ချက်ကြည့်လိုက်ပြီး
"တကယ့်စွမ်းအားကြီးသူတစ်ယောက်
ဆင်းတော့မယ်လို့
မင်းပြောတာမဟုတ်လား။ အဲဒီလူက

သန်မာသလား

မသန်မာဘူးလားဆိုတာကို

မင်းတို့အားလုံး

ဘယ်လိုဆုံးဖြတ်ကြမလဲ"

"စွမ်းအင်အတက်အကျရှိတယ်..."

အမှောင်က ဆက်ပြောသည် "ဖရိုဖရဲ

ဖြစ်နေတဲ့ အာကာသပြင်က

ချိတ်ပိတ်စည်းအပေါ်ဖက်မှာရှိတယ်။

တကယ်လို့ တစ်စုံတစ်ယောက်

ဆင်းလာလို့ ခွန်အားကြီးနေရင် သူက အာကာသပြင်ကိုတိုက်ရိုက်ဆုတ်ဖြဲပစ်လိမ့်မယ်။တစ်ယောက်ယောက်က အဲဒီနေရာကို ခွဲထုတ်လိုက်တာနဲ့ ငါတို့က ဒါကို ရိုပ်မိနိုင်မှာပါ”

သူက ယန်ယဲ့ကို စူးစိုက်ကြည့်ပြီး ဆက်ပြောသည် " ဖရိုဖရဲအာကာသကို မင်း ကောင်းကောင်း မသိနိုင်ဘူး။ ငါဒီလိုရှင်းပြပါရစေ။ ကောင်းကင်အရှင်

၄ ပါးဆိုရင်တောင်

အဲဒါကိုမဖြတ်ကျော်နိုင်ဘူး။ ဒါကြောင့်

မဆင်းလာခင် အာကာသကို

ဆုတ်ဖြဲပစ်လိုက်တာဟာ

ဘယ်လောက်သန်မာလဲ သိနိုင်တယ်။

ဒါ့အပြင် အဲဒီလူ ပိုင်ဆိုင်တဲ့

နတ်ရတနာတွေက သေချာပေါက်

အဆင့်မြင့်မှာသေချာတယ်"

ယန်ယွဲ့က

ခေါင်းခါလိုက်သည်"မင်းတို့အားလုံး

လုယက်နေကြတာပဲ"

အမှောင် က "မင်းပြောတာမှန်တယ်။

ငါတို့က သူတို့ကို လုယက်နေတာ"

ယန်ယွဲ့ က ရုတ်တရက် မေးလိုက်သည်

"ကောင်းကင်အရှင် ၄ ပါးကတောင်

မသတ်နိုင်တဲ့ လူတွေကို မင်းတွေ့ဖူးလား"

အမှောင်က ခေါင်းညိတ်ပြသည်

“ဒါအမှန်ပဲ။ မင်းသိလား…

ကောင်းကင်အရှင် ၅ ပါး

ရှိခဲ့ဖူးတယ်။ အခုတော့ ၄

ပါးပဲရှိတော့တယ်။ ဘာကြောင့်လဲ

သိလား။ ဘာကြောင့်လဲဆိုတော့

အဲဒီနေ့တုန်းက

တာအိုဝတ်ရုံအဘိုးအိုတစ်ယောက်

ဆင်းလာတာ၊ အဒီအချိန်မှာ

ကောင်းကင်အရှင်

လည်းအသတ်ခံလိုက်ရတယ်"

တာအိုဝတ်ရုံအဘိုးအို...

ထိုစကားကြားသောအခါ ယန်ယဲ့ သည်

အတော်လေးအံ့သြသွားသည်။ သို့သော့

ခဏအကြာတွင်

ခေါင်းခါပြီးပြုံးလိုက်သည်။

ထိုကောင်းကင်အရှင်က

တာအိုဝတ်ရုံအလိုးအိုကို

လုယက်ရန်ကြိုးစားသဖြင့်

ကိုယ့်သေတွင်းကိုတူးလိုက်တာပါ။

ဤအတောအတွင်း အမှောင်က

ရုတ်တရက် ပြောခဲ့သည် "မင်း

အရင်းအမြစ် အလဲအလှယ်ပွဲကို

တက်ရောက်ဖို့ စိတ်ဝင်စားလား"

ယန်ယဲ့က

"အရင်းအမြစ်ဖလှယ်တာလား"

အမှောင်က ရှင်းပြသည် "ငါတို့

ကောင်းကင်တိုင်ရဲ့ ကျင့်ကြံသူတွေက

တစ်ခါတစ်လေမှာ

စုဝေးပွဲကျင်းပကြတယ်၊ ပြီးတော့

တစ်ယောက်ယောက်လိုအပ်တာတွေကို

ရောင်းချတယ်။

ကိုယ့်မှာရှိတာနဲ့ကိုက်ညီရင်

လဲလှယ်နိုင်တယ်။ ဥပမာအနေနဲ့ မင်းမှာ

အဖိုးတန်ရတနာတစ်ခု ရှိပေမယ်လို့

အသုံးမဝင်တော့ ဒါကို ရောင်းချတာ

ဒါမှမဟုတ်

တခြားအသုံးဝင်တာတစ်ခုခုနဲ့

လဲလှယ်နိုင်တယ်"

ယန်ယဲ့ က ခဏမျှစဉ်းစားပြီး

ခေါင်းညိတ်လိုက်သည် "ကောင်းပြီ"

"သွားကြရအောင်" အမှောင်က
စကားပြောပြီး ပျောက်ကွယ်သွားသည်။

အချိန်တော်တော်ကြာပြီးနောက်တွင်
သူတို့နှစ်ယောက်ဟာ ခန်းမတစ်ခုဆီသို့
ရောက်လာခဲ့ကြသည်။

ခန်းမဝင်ပေါက်ကို
ရောက်လာချိန်တွင်တော့ သူတို့ရှေ့တွင်
အဘိုးကြီးတစ်ယောက်ပေါ်လာသည်။

အမောင်က ခရမ်းရောင်သလင်းကျောက်

၂ လုံးကိုထုတ်ယူကာ အဘိုးကြီးထံသို့

ပစ်ပေး

လိုက်သည်။

အဘိုးကြီးက ခေါင်းညိတ်ပြပြီး

နေရာမှာပင် ပျောက်သွားသည်။

ယန်ယဲ့ က "ဒါတွေက ဘာတွေလဲ"ဟုမေးလိုက်သည်။

"ဝိညာဉ်သလင်းကျောက်" အမှောင် က ရှင်းပြသည် "ဒါတွေက ငါတို့ရဲ့ ဆန်းကြယ်ချီစွမ်းအင်ကို အမြန်ဆုံးပြန်ယူပေးနိုင်တယ်။ ဒါဟာ ဆန်းကြယ်ချီစွမ်းအင် ပြန်ဖြည့်တဲ့နေရာမှာ အထိရောက်ဆုံးပဲ။ အရမ်းတန်ဖိုးရှိတယ်”

ဤအတောအတွင်း ယန်ယဲ့ သည်

သူ၏လက်ဝါးကိုလှန်လိုက်သည်။

သူ့လက်ဝါးပေါ်တွင် လက်မအရွယ်

ခရမ်းရောင်သလင်းကျောက်တစ်ခု

ပေါ်လာသည် "ဒါက ဒီတစ်ခုနဲ့

မတူဘူးလား"

အမှောင်၏အကြည့်များက

ခရမ်းရောင်သလင်းကျောက်ပေါ်သို့

ကျဆင်းသွားသည်။ ထို့နောက်

ကောက်ကိုင်လိုက်ရင်း “ဒီလောက်

သန့်စင်တဲ့ ဝိညာဉ်သလင်းကျောက်ဖြစ်။

မဟုတ်ဘူး၊ ဒါဟာ

သာမာန်ဝိညာဉ်သလင်းကျောက်

မဟုတ်ဘူး၊

အဆင့်နိမ့်နတ်ဝိညာဉ်ကျောက်သလင်းပါ

။ ဒါဟာ ဆန်းကြယ်ချီစွမ်းအင်ကို

ပြန်ဖြည့်ပေးနိုင်တဲ့အပြင်

ဒဏ်ရာကိုပါကုသနိုင်တယ်"

သူက ယန်ယဲ့ကို စိုက်ကြည့်ကာ “မင်း

ဒါကို ဘယ်ကရလာတာလဲ” ဟု

ဆက်ပြောသည်။

ငါဘယျကရလာတာလဲ။

ယန်ယဲ့က ပြန်မဖြေဘဲ

နှုတ်သာဆိတ်ဆိတ်နေလိုက်သည်။

နှင်းပွင့်လေး

ဖန်တီးထားတာလို့မပြောနိုင်လို့ပါ။

ဤအချိန်တွင် အမှောင်က “အဲဒါက

ငါ့အတွက် တကယ်ကိုအသုံးဝင်တယ်”

ဟုပြောပါတယ်။ သူက

သလင်းကျောက်ကို ယန်ယဲ့ဆီ

ပြန်မေးလိုက်ရင်း "ဒါက

အရမ်းအသုံးဝင်တယ်။ တစ်လုံးကို

အနည်းဆုံး

သာမန်နတ်ဝိညာဉ်သလင်းကျောက် ၁၀

လုံးနဲ့ လဲလို့ရတယ်။ မင်းမှာ

အများကြီးရှိရင် အဲဒီနေရာမှာ ထူးခြားတဲ့

ရတနာတွေ လဲလှယ်နိုင်တယ်"

စကားပြောနေရင်း ခန်းမထဲသို့

လျှောက်ဝင်သွားသည်။

ယန်ယဲ့ သည် သူ့လက်ထဲက

ခရမ်းရောင်သလင်းကျောက်ကို

တစ်ချက်ကြည့်လိုက်သည်။ ၎င်းက

ကနဦးညာဏ်အလင်းသခင်များ

အတွက်ပင် အလွန်အသုံးဝင်သည်ဟု

သူမထင်ထားခဲ့ပေ။

နှင်းပွင် ကို

ပိုလုပ်ခိုင်းသင့်တယ်ထင်တယ်

ထိုအတိုင်းတွေးနေရင်း နှင်းပွင့်က
သူ့ပခုံးပေါ် ပေါ်လာပါသည်။

ယန်ယဲ့ က နှင်းပွင့်လေးကို
စိုက်ကြည့်နေသည်။ ဤအချိန်တွင်
သူမလေးက ခန်းမထဲသို့
လှမ်းကြည့်နေရင်း
မျက်လုံးသေးသေးထဲမှ
စိတ်လှုပ်ရှားမှုများဖြင့်
ပြည့်နှက်နေလေသည်။

ရတနာတစ်ခု လား။

ဒီမှာ

အဖိုးတန်ရတနာတစ်ခုရှိနေတာလား။

ယန်ယဲ့က နှင်းပွင့်ကို သူ့ရင်ခွင်ထဲသို့

ဆွဲပွေ့လိုက်ပြီး "မင်းဒီမှာ

စိတ်ထင်တိုင်းလျှောက်လုပ်လို့မရဘူးနော်

"

နှင်းပွင့်က မျက်လုံးလေးထဲ
အပြစ်ကင်းစင်သော
အမူအရာအပြည့်နှင့် မှိတ်တုတ်မှိတ်တုတ်
လုပ်နေသည်။

ယန်ယဲ့က သူမ၏ပါးလေးကို
ဖိညှစ်လိုက်ပြီး "ငါပြောတာကို
မင်းမသိဘူးဆိုပြီး မလုပ်နဲ့။ မင်းငါ့ကို
ကတိမပေးရင်
အထဲမှာပဲနေခိုင်းလိုက်မယ်"

ဤအချိန်တွင် နှင်းပွင့်၏

မျက်လုံးလေးများက

ပြူးကျယ်သွားသည်။ သူမ၏

လက်သည်းများကို ဝှေ့ယမ်းကာ

ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

ယန်ယွဲ့ သည် သူမ၏တုံ့ပြန်မှုကို

မြင်သောအခါ ရယ်ရမလား

ငိုရမည်လားပင် မသိတော့ပေ။ ထို့နောက်

သူမ၏နှာခေါင်းလေးကို ညင်သာစွာ ညှစ်လိုက်ပြီး ပွေ့ချီလျက် ခန်းမထဲသို့ ဝင်သွားလိုက်သည်။

ခန်းမသည် သိပ်တော့မကြီးမားပေ။ အကျယ် ၃ ကီလိုမီတာအောက်သာရှိသည်။အထဲမှာ လူကလည်း သိပ်မများလှပေ။ လူ ၃၀ လောက်သာ ရှိနေ၏။ သို့သော် လူတိုင်း၏ အော်ရာကို

နားမလည်နိုင်ကြပေ။လူတိုင်း

ကျင့်ကြံမှုအဆင့်ကို ဖုံးကွယ်ထားမှန်း

သိသာပါသည်။

ထို့အပြင် အများစုက

မျက်နှာဖုံးများစွပ်ထားကြသည်။

လူတိုင်း၏ အသွင်အပြင်ကို

ရှင်းရှင်းလင်းလင်း မမြင်နိုင်ကြပေ။

လူတိုင်းက ခန်းမပတ်လည်တွင်
ထိုင်နေကြ၏။ သူတို့ရှေ့တွင်တော့
ခင်းထားသော အရာများစွာရှိခဲ့သည်။
ယန်ယဲ့ ပင် တစ်ခါမှ မမြင်ဖူးသော
အရာအချို့ ရှိနေသည်။

ဤအချိန်တွင် နှင်းပွင့်က
လက်သည်းများကို အဝေးသို့
ရုတ်တရက် ညွှန်ပြလိုက်သည်။

ယန်ယဲ့ က သူမ ညွှန်ပြသည့်နေရာကို

လှမ်း ကြည့်လိုက်ရာ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ဦး တင်ပျဉ်ခွေထိုင်နေသည်ကို

တွေ့လိုက်ရသည်။ ထိုလူရှေ့တွင်

ခင်းထားသော အရာများ

အများအပြားရှိနေ၏။ ယန်ယဲ့ သည်

ခဏမျှတုံ့ဆိုင်းသွားပြီး

လျှောက်သွားလိုက်သည်။

ဤအချိန်တွင် အမှောင်က သူ့ဘေးနားမှာ ရုတ်တရက် ပေါ်လာပြီး "ဒီနေရာကို လျှို့ဝှက်ဆန်းကြယ်တဲ့ အဖွဲ့အစည်းတစ်ခုက ကာကွယ်ထားတယ်။ အရှုံးအမှုး မလုပ်နဲ့"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်။

အမှောင် က အနည်းငယ်
ခေါင်းညိတ်ပြပြီး ဘေးဖက်သို့
လျှောက်သွားသည်။

ယန်ယဲ့ က
အနက်ရောင်ဝတ်စုံဝတ်အမျိုးသား ဆီသို့
လျှောက်သွားလိုက်သည်။ ထိုလူရှေ့၌
ပြသထားသည့် အရာ ၃ မျိုး ရှိခဲ့သည်။
သေးငယ်သောမှော်သင်္ကေတများရေးထိုး
ထားသော ဓားမြှောင်တစ်ချောင်း၊

ပျက်စီးနေသောမြေပုံတစ်ခုနှင့်
လက်သီးစုပ်အရွယ်ခန့်
အပြာရောင်ပုလဲတစ်လုံး ပါ။

နှင်းပွင့်၏ အကြည့်က
အပြာရောင်ပုလဲလုံးပေါ်သို့ကျဆင်းသွား
သည်။ ၎င်းမှ သိပ်သည်းသော
ဝိညာဉ်စွမ်းအင်များ ပျံ့လွင့်နေခဲ့သည်။

"ဝိညာဉ်စွမ်းအင်ပုလဲ..."

ဤအတောအတွင်း

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ရုတ်တရက်ပြောခဲ့သည်

“လောကသုံးပါးရဲ့

ဝိညာဉ်စွမ်းအင်တွေနဲ့ဖန်တီးထားတာ။

အင်ပါယာဆင့်နိမ့်ရတနာလက်နက်

နဲ့လဲလှယ်မယ်”

အင်ပါယာအဆင့်နိမ့်

ရတနာလက်နက်လား။

စကားပြောတော့မည့်

ယန်ယဲ့လည်းတစ်ပိုင်းတစ်စနှင့်ရပ်သွား

သည်။

ဤအချိန်တွင် နှင်းပွင့်

ယန်ယဲ့အားမော့ကြည့်ရင်း သူမကိုယ်သူမ

ပြန်ညွှန်ပြနေသည်။

သူမလိုချင်နေတာပါ။

ယန်ယဲ့က သူမ၏ခေါင်းကိုပွတ်သပ်ကာ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

စိုက်ကြည့်ရင်း

"နတ်ဘုရားသလင်းကျောက်တွေ

ရမလား"

ထိုလူက ခေါင်းယမ်းလိုက်သည်

“မဟုတ်ဘူး”

နှင်းပွင့်က မျက်တောင်ခတ်ပြီး ယန်ယဲ့ကို
စိုက်ကြည့်ရင်း လက်သည်းများကို
ဝှေ့ယမ်းလိုက်ပါတော့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်
ယန်ယဲ့၏မျက်နှာက
မည်းမှောင်လာခဲ့သည်။

နှင်းပွင့်က လုယက်ခိုင်းနေတာ ။

ယန်ယဲ့၏မျက်နှာက

အတော်လေးကိုမည်းမှောင်နေခဲ့သည်။

ဒီကလေးက ဘယ်လိုလုပ်

ဓားပြဖြစ်သွားတာလဲ။

နောက်မှ ကောင်းကောင်း

သင်ပေးရမယ်။မဟုတ်ရင် သူမက

အနာဂတ်မှာ တော်တော်လေးဆိုးတဲ့
ပြဿနာတွေ ရင်ဆိုင်ရလိမ့်မယ်။

ဤအချိန်တွင်
အနက်ရောင်ဝတ်စုံဝတ်အမျိုးသား
ရုတ်တရက် ပြောခဲ့သည် "မင်းမှာ မရှိရင်
ထွက်သွားလိုက်ပါ"

ယန်ယဲ့ သည် ခဏမျှ တုံ့ဆိုင်းသွားပြီး
သွေးချပ်ဝတ်ကို ထုတ်ယူလိုက်သည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီး

ပေးအပ်ထားသော သွေးချပ်ဝတ်ပါ။

သို့သော် ၎င်းက

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား

လိုချင်သည့်

အဆင့်ဟုတ်မဟုတ်မသိပေ။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

သွေးချပ်ဝတ်ကို ငုံ့ကြည့်ကာ

အေးစက်စက်ပြောလိုက်သည် “မင်းဒီမှာ

ဟာသလာလုပ်နေတာလား။

မင်းငါ့ကိုဒီလို အမှိုက်တွေ

ပေးရဲတာလား"

ယန်ယဲ့ သည်

စကားမပြောနိုင်လောက်အောင်

ခံစားရသည်။

ဤအချိန်တွင် နှင်းပွင့်က

ဘဝသစ်သီးတစ်လုံးကို

ရုတ်တရက်ထုတ်ယူလိုက်သည်။ သူမက အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို ညွှန်ပြပြီး သစ်သီးကို ညွှန်ပြသည်။

အဆင်ပြေလားလို့ မေးနေတာပါ။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက ဘဝသစ်သီးကို စိုက်ကြည့်လိုက်ပြီး ခေါင်းယမ်းလိုက်သည်။ ဤအချိန်တွင်

နှင်းပွင့်က နောက်တစ်လုံး ထုတ်ယူပြန်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက “ငါ တစ်လုံးမှ မလိုဘူး” ဟုထပ်ပြောခဲ့သည်။

နှင်းပွင့်က မျက်တောင်ခတ်လိုက်သည်။ ထို့နောက် သူမ၏ခြေသည်းများကြား၌ ခရမ်းရောင်သလင်းကျောက်တစ်လုံး ပေါ်လာသည်။ ထို့နောက်

မျက်လုံးသေးသေးများက

မျှော်လင့်ချက်ဖြင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

စိုက်ကြည့်နေသည်။

ဒါက လုံလောက်ပြီလားလို့မေးနေတာပါ။

သို့သော်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ခေါင်းခါနေတုန်းပါ “အင်ပါယာအဆင့်

အကာအကွယ်ရတနာတစ်ခုပဲ

လိုချင်တယ်"

နှင်းပွင့်က ယန်ယဲ့ကို လှည့်ကြည့်ပြီး

ပုလဲကို ညွှန်ပြလိုက်သည်။

ထို့နောက်တွင်တော့

သူမ၏လက်သည်းများကို ထပ်မံ

ဝှေ့ယမ်းပါတော့သည်။

ယန်ယဲ့၏မျက်နှာက နောက်တစ်ကြိမ်

မည်းမှောင်သွားသည်။

နှင်းပွင့်က လုယက်ခိုင်းနေတာပါ။

May Be:

၂၂၀၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၂၀၁ - အလဲအလှယ်

လုယကျယူမလား။

ငါ ဒီလူကို လုယက်လို့ရမှာလား။

ထိုသို့ဆိုလျှင် သူသည် ကိုယ့်သေတွင်းကို တူးသလိုပင်။ အကြောင်းမှာ သူ့ရှေ့မှ လူက ကနဦးညဏ်အလင်းသခင်ပါ။ ထို့အပြင် အရေးကြီးသည်မှာ

ဤနေရာသည်

လျှို့ဝှက်ဆန်းကြယ်သော

အဖွဲ့အစည်းတစ်ခု၏

နယ်မြေဖြစ်နေခဲ့သည်။

ဤနေရာတွင်တိုက်ခိုက်လျှင် ပျားအုံကို

တုတ်နဲ့ထိုးလိုက်တာပါ။

ယန်ယဲ့ သည် နှင်းပွင့်၏ ခေါင်းလေးကို

ပွတ်သပ်ပြီး

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

စိုက်ကြည့်နေသည်။

သူ့ညာဖက်လက်ဝါးကို

ဆတ်ခနဲဖြောက်လိုက်ရာ လက်ထဲ၌

အသီးတစ်လုံး ပါလေသည်။

ဝိညာဉ်မွေးဖွားခြင်းသစ်သီး...

အသီးကို ထုတ်ယူလိုက်သည် နှင့်

တပြိုင်နက်တွင် လူများစွား

အကြည့်များက ယန်ယွဲဆီသို့

စုပြုံကျလာသည်။ သို့မဟုတ် အမှန်တော့

ယန်ယွဲ့၏လက်ထဲမှ

ဝိညာဉ်မွေးဖွားခြင်းသစ်သီး ကို

ကြည့်နေတာပါ။ အချို့ဆိုလျှင်

အော်ရာများပင် ထုတ်လွှတ်လာသည်။

ဤအခြေအနေကို မြင်သောအခါ ယန်ယွဲ့

သည် တော်တော်ကို အံ့သြသွားသည်။

ဝိညာဉ်မွေးဖွားခြင်းသစ်သီး က

ကျင့်ကြံသူအများအပြားကို

ဆွဲဆောင်နိုင်မည်ဟု သူလည်း

မမျှော်လင့်ထားပေ။ သို့ရာတွင်

ဘယ်သူကမှ မတိုက်ခိုက်ရဲပါ။

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ရုတ်တရက်မေးခဲ့သည် "မင်းမှာ

ဒီတစ်လုံးပဲ ရှိတာလား"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ငါ့မှာ

အသီးနှစ်လုံးရှိခဲ့တယ်၊ ဒါပေမဲ့

တစ်လုံးတော့ ငါစားလိုက်တယ်"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ခဏမျှ ငြိမ်သက်သွားပြီး

“နောက်တစ်လုံး ထပ်ပေးပါ၊ ငါ

လဲလှယ်ဖို့ သဘောတူလိုက်မယ်”

ဟုပြောလိုက်သည်။

သို့သော် ယန်ယဲ့ က
ဝိညာဉ်မွေးဖွားခြင်းသစ်သီး ကို
ပြန်သိမ်းလိုက်ပြီး နှင်းပွင့်ကို ပွေ့ချီကာ
ထွက်သွားခဲ့သည်။

အကယ်၍ သူသည် နောက်ထပ်
မွေးဖွားခြင်းသစ်သီး တစ်လုံးကို
ထုတ်ယူမည်ဆိုလျှင် ပြဿနာများနှင့်
ရင်ဆိုင်ရပေမည်။

ထို့အပြင် သူ့အမြင်အရတော့

ဝိညာဉ်မွေးဖွားခြင်းသစ်သီး တစ်လုံးဟာ

ထိုဝိညာဉ်ပုလဲနှင့် ထိုက်တန်သည်။

အမှန်တော့

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား

လောဘကြီးနေတာပါ။

ဤအချိန်တွင်

မျက်နှာဖုံးစွပ်အမျိုးသားတစ်ယောက်က

ယန်ယဲ့ရှေ့မှာ ရုတ်တရက် ပေါ်လာသည်။

သူက စကားတစ်ခွန်းမှ မပြောဘဲ လက်သီးဆုပ်အရွယ် ပုလဲတစ်လုံးကို ယန်ယွဲ့ဆီပစ်ပေးလိုက်ကာ “အနည်းဆုံး အဆင့်မြင့်ကမ္ဘာ ၄ ခုထက် ပိုတန်ဖိုးရှိတဲ့ စွမ်းအင်ပုလဲ”ဟုသာပြောပါသည်။

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး လက်နှစ်ဖက်ဖြင့် ညှပ်ထားလိုက်သည်။ ထို့နောက် ပေါ့ပေါ့ပါးပါး ရှူသွင်းလိုက်ရာ သန့်စင်သော

ဝိညာဉ်စွမ်းအင်ကြိုးတစ်ချောင်းက

သူမ၏ ခန္ဓာကိုယ်ထဲသို့

ဝင်ရောက်လာသည်။

နှင်းပွင့်၏မျက်နှာက

ယစ်မူးနေသောအပြုံးတစ်ပွင့်ပေါ်လာပါ

သည်။

ယန်ယွဲ့ ပေးထားသော

ဝိညာဉ်ပုလဲထဲမှဝိညာဉ်စွမ်းအင်များက

လုံး၀ ကုန်ဆုံးလုနီးပါး ဖြစ်နေပါပြီ။

သူမက နောက်ထပ်
ဝိညာဉ်စွမ်းအင်ပုလဲတစ်လုံးကို
လိုချင်နေတာပါ။

ယန်ယဲ့ က မျက်နှာဖုံးစွပ်လူကို
တစ်ချက်ကြည့်လိုက်သည်။ သူလည်း
ဘာမှပြန်မပြောဘဲ
ဝိညာဉ်မွေးဖွားခြင်းသစ်သီးကိုထုတ်ယူ
လိုက်သည်။

ဤအတောအတွင်း

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား က

ယန်ယွဲ့ရှေ့မှာ ရုတ်တရက်

ပေါ်လာပြီး "ငါ လဲလှယ်ဖို့

သဘောတူတယ်"

ဟုပြောပါသည်။

ယန်ယွဲ့က

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

စိုက်ကြည့်လိုက်သည်။ သို့သော်

ဘာမှပြန်မပြောဘဲ

ဝိညာဉ်မွေးဖွားခြင်းသစ်သီးကို

မျက်နှာဖုံးစွပ်လူဆီသို့ ပစ်ပေးလိုက်သည်

မျက်နှာဖုံးစွပ်လူက

ဝိညာဉ်မွေးဖွားခြင်းသစ်သီးကို ယူကာ

ထွက်ခွာသွားခဲ့သည်။

ဤအချိန်တွင်
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
ယန်ယွဲ့ထံသို့ ရုတ်တရက်
လျှောက်လာကာ "ဒါက
ဘာအဓိပ္ပာယ်လဲ"ဟုအေးစက်စက်ပြော
လိုက်သည်။

ယန်ယွဲ့က လစ်လျူရှုရင်း "မင်း
အခုလေးတင် ငြင်းခဲ့တာ
မဟုတ်ဘူးလား။တစ်စုံတစ်ယောက်က

လိုချင်တဲ့အတွက် ငါက အဲဒီလူကို
ပေးရတာ သဘာဝကျပါတယ်"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
စကားမပြောသော်လည်း သူ့အား
စိုက်ကြည့်နေကြောင်း
သတိထားမိနိုင်သည်။ သို့သော်လည်း
ယန်ယွဲ့သည် ထိုလူကို လစ်လျူရှုကာ
လှည့်ထွက်လာခဲ့သည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ယန်ယွဲ့ရှေ့မှာ ထပ်ပေါ်လာပြီး "ငါ့ကို

တစ်လုံးလောက် ပေးပါ၊ ငါ

ဒါကိုမေ့ထားလိုက်မယ်"

နှင်းပွင့်က ဝိညာဉ်စွမ်းအင်ပုလဲကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရင်း

မျက်တောင်ခတ်လိုက်သည်။ ထို့နောက်

ယန်ယွဲ့ကို စိုက်ကြည့်ကာ အနည်းငယ်

ခေါင်းညိတ်ပြပြီး မူလစေတီထဲကို ပြန်ဝင်သွားပါတော့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်ပြီး “ဘာလဲ။ မင်း တိုက်ခိုက်ချင်လား” ဟူ၍ အေးစက်စက်အော်ငေါက်လိုက်သည်။

သူ၏အသံက ဆန်းကြယ်ချီစွမ်းအင်ပါ

ထည့်သွင်းထားသဖြင့် ခန်းမတစ်ခုလုံး

ဟိန်းထွက်လာသည်။

ဤအခိုက်အတန့်တွင် လူတိုင်းက ယန်ယဲ့

နှင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကိုစို

က်ကြည့်နေကြသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက အခြေအနေကို မမျှော်လင့်ထားသဖြင့်အံ့သြသွားခဲ့သည် ။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က အေးစက်စက်ပြောလိုက်သည် "ဒါဆို မင်းက တိုက်ခိုက်ချင်သလား"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားထံမှ
ပြင်းထန်သော အရှိန်အဝါတစ်ခု
ထွက်ပေါ်လာသည်။ သို့သော်လည်း
အနက်ရောင် ဝတ်ရုံအဘိုးကြီးတစ်ဦး
ရုတ်တရက် ပေါ်လာသည်။

အဘိုးကြီးက သူတို့ကို
တစ်ချက်ကြည့်လိုက်ပြီး
“မင်းတို့နှစ်ယောက်က စည်းမျဉ်းတွေကို
မသိဘူးလား” ဟုဆိုသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား
ပြောခါနီးတွင် ယန်ယဲ့ က
ရုတ်တရက်ပြောလိုက်သည် “ဒီလူက
ငါ့ကို ခြိမ်းခြောက်နေတာ။အသီးတစ်လုံး
ထပ်မပေးရင် သတ်ပစ်မယ်လို့
ပြောတယ်”

ဤနေရာရှိ လူတိုင်း
ပြောစရာစကားများကင်းမဲ့သွားသည်။

အဘိုးကြီးက
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို
ငုံ့ကြည့်ကာ ယန်ယဲ့ကို
ပြန်ကြည့်လိုက်ရင်း "သူက မင်းကို
ခြိမ်းခြောက်ပေမယ့်
မတိုက်ခိုက်ဘူး"ဟုပြောပါသည်။

ယန်ယဲ့က "ငါလည်း သူ့ကို
မတိုက်ခိုက်ရသေးဘူး"

အဘိုးကြီးက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ကာ “မင်းနဲ့ သူက ရန်ငြိုးတွေ ရှိနေရင် အပြင်မှာ ဖြေရှင်းပေးပါ။ မင်းတို့ဒီမှာ တိုက်ခိုက်ရင် နောက်ဆက်တွဲအကျိုးဆက်တွေကို ခံနိုင်ရည်ရှိဖို့ အသင့်ပြင်ထား”

ဤအချိန်တွင် ယန်ယဲ့သည် ရုတ်တရက် လှည့်ထွက်သွားလေသည်။

အပြင်ထွက်ခါနီးမှာပဲ ခဏရပ်ကာ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား ကို

လှည့်ကြည့်လိုက်သည်။ ထို့နောက် သူက

ဂရုမစိုက်ဟန်ဖြင့်အ “အပြင်ကို

ထွက်လာခဲ့။

တရားမျှမျှတတတိုက်ခိုက်ကြရအောင်။

ငါအကူအညီမတောင်းဘူးလို့

အာမခံပါတယ်"

ယန်ယွဲ့ ပြောသည့်စကားကို

ကြားသောအခါ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏လ

က်က အနည်းငယ် တုန်လှုပ်သွားသည်။

ယန်ယွဲ့ကိုယ်တိုင် ပြောနေသောကြောင့်

သေချာပေါက်ကို

အကူအညီရှိနေပေမည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ယန်ယဲ့အား

တိုက်ခိုက်ရန်စိတ်မဝင်စားပေ။ သို့မဟုတ်

မတိုက်ခိုက်ရဲတာပါ။ ယန်ယဲ့၏ပုံစံက

ယုံကြည်မှုအပြည့်ရှိနေသောကြောင့်ပင်။

ဤအချိန်တွင် ယန်ယဲ့ သည်

ခန်းမအပြင်ဖက်သို့ပင် ရောက်နေပါပြီ။

သို့သော် သူထွက်သွားသည်နှင့်

ခန်းမထဲသို့ လှည့်ကြည့်လိုက်ရင်း

"အစ်ကိုမို နဲ့ အစ်ကိုယန်၊

မင်းတို့စောင့်ကြည့်ပေး၊ ဝင်မစွက်ဖက်နဲ့။

ငါ့ဘာသာငါ ဒီလူ့ကိုတိုက်ခိုက်မယ်"

ယန်ယဲ့၏ စကားသံကို ကြားသောအခါ

ခန်းမထဲရှိ လူတိုင်း

အကြည့်ချင်းဖလှယ်ကြသည်။

အစ်ကိုမိုနဲ့ အစ်ကိုယန်က ဘယ်သူလဲ။

သိပ်မကြာလိုက်ပေ၊ လူတိုင်းက

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

လှည့်ကြည့်လိုက်ကြသည်။

ဤအခိုက်အတန့်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏

မျက်နှာက အနည်းငယ်

ပျက်ယွင်းနေသည်။ နောက်ဆုံးတွင်

ယန်ယဲ့ သည်

တစ်ယောက်တည်းမဟုတ်ပေ၊

အပေါင်းအပါတစ်သိုက် နှင့်

ရောက်လာကြောင်း သိသာပါသည်။

သို့သော်လည်း သူကိုယ်တိုင်က

တစ်ယောက်တည်းပါ။

သွားရမလား ဒါမှမဟုတ်

မသွားဘဲနေမှာလား

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

အကျပ်ရိုက်နေသည်။ အပြင်ထွက်လာဖို့

ငြင်းပယ်လျှင် သောက်ရှက်ကွဲပေမည်။

သို့သော်လည်း အပြင်ထွက်သွားပါက

သူ့ရှေ့မှ လူက

အပေါင်းအပါတစ်သိုက်နှင့်

ဝိုင်းပြီးသမနိုင်ချေများ၏။

အချိန်အတော်ကြာ

တိတ်ဆိတ်နေပြီးနောက်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားသည်

ခန်းမထဲမှ ထွက်လာခဲ့သည်။ သို့သော်
သူသည် ယန်ယဲ့ကို မတိုက်ခိုက်ခဲ့ပေ၊
လူတိုင်း၏ အမြင်အာရုံမှ
ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည်
အနက်ရောင်ဝတ်စုံဝတ်အမျိုးသား
ထွက်သွားသည်ကို မြင်သောအခါ
သက်ပြင်းတစ်ချက်ချလိုက်သည်။
အမှန်တော့ သူလည်း

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား နှင့်

မတိုက်ခိုက်လိုပေ။ အကြောင်းကတော့

လက်ရှိသူ့ခွန်အားက

ကနဦးဉာဏ်အလင်းသခင် ကို သတ်ဖို့

မလုံလောက်လို့ပါ။

ခဏအကြာတွင် ယန်ယဲ့ သည်

ခန်းမထဲသို့ ပြန်ဝင်လာခဲ့သည်။

ဤအခိုက်အတန့်တွင် ခန်းမသည်

ပုံမှန်ပြန်ဖြစ်နေပါပြီ။

အားလုံးက
ကနဦးညာဏ်အလင်းသခင်များ
ဖြစ်ကြသည်။ ထို့ကြောင့် ယန်ယဲ့အား
အနည်းငယ်သတိထားနေရုံလောက်သာ။
ကြောက်လန့်ခြင်းမရှိကြပေ။

ခန်းမထဲ၌ အလွန်မွှေးကြိုင်နေသော
ရနံ့တစ်ခု ရုတ်တရက် ပေါ်လာသည်။
တစ်ချိန်တည်းမှာပင်

“စစ်မှန်တဲ့နတ်ဝိညာဉ်သစ်သီးကို
ရောင်းနေတယ်။
ထပ်တူညီတန်ဖိုးရှိတာမျိုးပဲလာပြီးလဲလှ
ယ်ကြ။ လဲလှယ်ဖို့ စိတ်ကူးရှိရင်
ဒီကိုလာခဲ့ပါ"

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ရာ လူတိုင်း
အသံထွက်ပေါ်လာသည့်ဖက်ကို
လှမ်းကြည့်နေကြောင်းမြင်လိုက်ရသည်။

ဤအတောအတွင်း ခန်းမထဲရှိလူတိုင်း အသံထွက်ပေါ်လာသည့်နေရာကိုစိုက်ကြည့်နေခဲ့သည်။

ယန်ယဲ့သည် လှမ်းကြည့်လိုက်ရာ အဘိုးကြီးတစ်ယောက်အား လူအုပ်ကြီးဝိုင်းရံနေသည်ကို တွေ့လိုက်ရသည်။ အဘိုးကြီးက

မျက်နှာဖုံးလည်းမတပ်ထားသလို ဘာမှထူးထူးခြားခြားမရှိပေ။

ဤအခိုက်အတန့်တွင် အမှောင်က ယန်ယဲ့၏နံဘေးမှာ ရုတ်တရက် ပေါ်လာပြီး "ဒါက ဘာလဲဆိုတာ မင်းသိလား"

ယန်ယဲ က ခေါင်းယမ်းလိုက်သည်။

အမှောင်က ရှင်းပြသည်

“စစ်မှန်တဲ့နတ်ဝိညာဉ်သစ်သီးက

လောကသုံးပါး မှာပဲ ရှိတယ်။ ဒါဟာ

တော်တော်ကို ထူးခြားတယ်လို့

ပြောရမယ်။ ဒါ့အပြင်

မင်းလဲလှယ်ပေးခဲ့တဲ့

မွေးဖွားခြင်းသစ်သီးထက်တောင်

ပိုကောင်းသေးတယ်”

ယန်ယဲ့ က "ဘာလုပ်ရတာလဲ"

အမှောင်က ယန်ယဲ့ကို စူးစိုက်ကြည့်ရင်း
ပြောလိုက်သည် "မင်းဒါကို
စားသုံးလိုက်ရင်  မူလနတ်ဘုရားအဆင့်
၄ ကို ချက်ချင်းရောက်သွားနိုင်တယ်။
သချာတာကတော့ မင်းကို
စားသုံးခွင့်ပေးလိုက်တာက
အမှိုက်ပဲဖြစ်လိမ့်မယ်။
ငါတို့လိုလူတွေအတွက်
အသုံးအများဆုံးပါ။ ဘာလို့လဲဆိုတော့

အဒီအသီးထဲမှာပါတဲ့ စွမ်းအင်တွေက

သိပ်သည်းလွန်းတယ်။

အရေးကြီးတဲ့အခိုက်အတန့်မှာ

အကာအကွယ်ပုံစံအနေနဲ့ သုံးနိုင်သလို

ခွန်အားပုံစံပါ ပြောင်းလို့ရတယ်”

ယန်ယဲ့က

"အကာအကွယ်အနေနဲ့သုံးနိုင်တာလား။

ဘာကိုဆိုလိုတာလဲ"

အမှောင်က “ရှင်းရှင်းပြောရရင်

သိမ်းဆည်းထားတဲ့ စွမ်းအင်ဟာ

အရေးကြီးတဲ့အခိုက်အတန့်မှာ

အသက်ဝင်လာရင် ကောင်းကင်အရှင် ၄

ပါးထဲကတစ်ပါးရဲ့

ခွန်အားအပြည့်တိုက်ခိုက်မှုနှစ်ခုကို

အနည်းဆုံး တားဆီးနိုင်လိမ့်မယ်။

ငါတို့တိုက်ခိုက်မှုနဲ့ ထည့်ပေါင်းရင်တော့

တစ်ချက်တည်းနဲ့တင်

ကနဦးညာဏ်အလင်းသခင် ကို

သတ်ပစ်နိုင်တယ်။ တစ်ခုတော့ရှိတယ်၊

အဲဒါက ပစ်မှတ်ရဲ့ ရုပ်ခန္ဓာကိုယ်ကို

ဖျက်ဆီးပစ်ရုံပဲ”

ယန်ယဲ့ သည် အံ့သြသွားမိသည်။

အမှောင် ပြောသည့်အတိုင်းသာမှန်လျှင်

စစ်မှန်သော နတ်ဝိညာဉ်သစ်သီးက

နတ်ဘုရားရတနာတစ်ခုပင်။

အမှောင်က ဆက်ပြောခဲ့သည် “ဒါကို စစ်မှန်တဲ့ နတ်ဝိညာဉ်သစ်သီးလို့ ခေါ်မယ့်အစား အဲဒါကို အသက်ကယ်သစ်သီးလို့ ခေါ်သင့်တယ်။ ကောင်းပြီ၊ သွားကြည့်ရအောင်"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး နောက်ကနေ လိုက်ပါသွားသည်။

ဤအတောအတွင်း

အဘိုးကြီးတစ်ယောက်က ရုတ်တရက်

အသံကျယ်ကျယ်ဖြင့်

အော်ပြောလိုက်သည် "မင်း

လိုအပ်တာကို ငါတို့ကို ပြောပြပါ။

တယ်လို့

လဲလှယ်တာကိုအပြီးသတ်ချင်ရင်

ငါတို့က ဒါကို သဘာဝအတိုင်း

လုပ်နိုင်မှာပါ။ မဟုတ်ရင် ဒီလိုလုပ်တာက အချိန်ဖြုန်းတာပဲ"

သက်လတ်ပိုင်းအဘိုးအိုက ထိုအဘိုးကြီးကို စိုက်ကြည့်ရင်း "မင်းရဲ့ အကောင်းဆုံး ရတနာက ဘာလဲ"

အဘိုးအိုက ခေါင်းခါလိုက်သည် "အဓိက ပြဿနာက မင်းလိုချင်တာပဲ"

သက်လတ်ပိုင်းအမျိုးသား က ပြုံးပြီး
"မင်းမှာ ငါလိုချင်တာ မရှိဘူး"

အဘိုးအိုကြီးက ၎င်းကို
တစ်ချက်စိုက်ကြည့်ကာ
တိတ်ဆိတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့ နှင့် အမှောင်က
သက်လတ်ပိုင်းအဘိုးအိုထံသို့
လျှောက်သွားခဲ့သည်။

သက်လတ်ပိုင်းအဘိုးအိုက
သူ့လက်ဝါးကို လှန်လိုက်ရာ
စစ်မှန်သောနတ်ဝိညာဉ်သစ်သီး
ပေါ်လာသည်။

ဤအခိုက်အတန့်တွင်
ယန်ယဲ့၏ပခုံးပေါ်မှာ ထိုင်နေသော
နှင်းပွင့်က မျပ်လုံးလေးများ
အရောင်လက်နေခဲ့သည်။

သက်လတ်ပိုင်းအဘိုးအိုက နှင်းပွင့်အား အသီးကိုမြှောက်ပြကာ “လိုချင်သလား” ဟုမေးလိုက်သည်။

နှင်းပွင့်က မြန်မြန် ခေါင်းညိတ်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသား က ရုတ်တရက်ပြောခဲ့သည် “မင်းလိုချင်ရင် ရနိုင်တယ်”

ယန်ယဲ့ အပါအဝင် အားလုံး

အံ့သြသွားကြသည်။

သက်လတ်ပိုင်းအမျိုးသား က

ဂရုမစိုက်ဘဲ ထပ်ပြောပါသည် “ဒါပေမဲ့

ငါ့မှာ အခြေအနေ သေးသေးလေး

ရှိတယ်၊ ဒါက အရမ်းရိုးရှင်းတယ်”

သူက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး

“သူက ဒီဓားကို ငါ့လက်ထဲလွှဲပေးသရွေ့

ဒီအသီးကို မင်းပိုင်တယ်။

အဆင်ပြေလား"

ယန်ယဲ့၏ မျက်နှာက ချက်ချင်းပင်

မည်းမှောင်လာသည်။

May Be:

၂၂၀၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၀၂ - ဧကရာဇ် ၅ ပါး

ဓား နဲ့လဲလှယ်မှာလား။

သက်လတ်ပိုင်းအမျိုးသားက

သစ်သားဓားအကြောင်း ပြောနေတာပါ။

ဒီလူလတ်ပိုင်းက ငါဘယ်သူလဲဆိုတာ

သိတယ်။

နှင်းပွင့်က မျက်တောင်ခတ်လိုက်သည်။

သူမက သက်လတ်ပိုင်းအဘိုးအိုကို

ကြည့်လိုက်ပြီးနောက် ယန်ယွဲ့ကို

မော့ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် တစ်စုံတစ်ခု

ပျက်သွားသလို ခံစားမိလိုက်ပုံပါ။

သူမက ယန်ယွဲ့၏ပခုံးပေါ်သို့

ပျံတက်သွားသော်လည်း

နတ်ဝိညာဉ်သစ်သီး ကို ရှံဖန်ရှံခါ

စိုက်ကြည့်နေသည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက ယန်ယွဲ့ကို

စိုက်ကြည့်ကာ အပြုံးဖြင့် မေးလိုက်သည်

“မင်းဘယ်လိုထင်လဲ”

ယန်ယွဲ့က "မင်းကဘယ်သူလဲ"

သက်လတ်ပိုင်းအမျိုးသားက "ဒါ အရေးကြီးသလား" ဟု ပြန်ဖြေသည်။

ယန်ယဲ့က "တကယ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ငါစိတ်မကောင်းပါဘူး။ ဒီအလဲအလှယ်မျိုး မလုပ်ချင်ဘူး"

သက်လတ်ပိုင်းအမျိုးသားက ပြုံးပြီး "ဒါဆို မေ့လိုက်ပါ"ဟုပြောကာ

နတ်ဝိညာဉ်သစ်သီးကို ပြန်သိမ်းရင်း

ထွက်သွားခဲ့သည်။

သိပ်မကြာလိုက်ပေ၊

သက်လတ်ပိုင်းအဘိုးအို

ထွက်သွားသည်နှင့် ခန်းမထဲရှိ

လူတိုင်းလည်း ထွက်သွားကြသည်။

"တိုက်ပွဲဖြစ်တော့မယ်"အမျောင်က

ယန်ယွဲ့ကိုဘေးမှလိုက်လာရင်း ဆတ်ခနဲ

ပြောလိုက်သည်

"မင်းသွားကြည့်ချင်လား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ထို့နောက်တွင် နှစ်ယောက်သား

ခန်းမထဲကနေ

ဖျတ်ခနဲပျောက်သွားကြသည်။

ဘုန်း....

သူတို့ ထွက်လာရုံပင်ရှိသေး အဝေးမှ ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထို့နောက်တွင်တော့ မြေပြင်တစ်ခုလုံး ပြင်းထန်စွာ တုန်လှုပ်သွားပါတော့သည်။

နှစ်ယောက်သား

အကြည့်ချင်းဖလှယ်ကာ အမှောင်က ရုတ်တရက်ပြောလိုက်သည်

“မျှော်လင့်ထားသလိုပဲ။ တချို့က
ဒီလိုသွေးဆောင်မှုတွေကို မခံနိုင်ကြဘူး၊
သူ့ကို လုယက်ချင်ကြတယ်။
ကံမကောင်းစွာပဲ အများစု
ကိုယ့်သေတွင်းကိုတူးသလိုပဲဖြစ်မယ်”

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

အမှောင်က ဆက်ပြောသည် “သူက
လူမြင်ကွင်းမှာ ပေါ်တင်ထုတ်ပြရဲတော့

သူ့ကိုယ်သူအပြည့်အဝယုံကြည်လို့ပဲ။

ဒီလိုလူမျိုးကို လုယက်ရတာ

လွယ်ကူမယ်လို့မင်းထင်လား ”

ယန်ယဲ့ သည် အဝေးကို

လှမ်းကြည့်သောအခါ အစွမ်းထက်

စွမ်းအင်လှိုင်းများ

တဖျပ်ဖျပ်လက်နေသည်ကို

မြင်လိုက်သည်။

အချိန်အတော်ကြာအောင်

စောင့်ကြည့်ပြီးနောက် အမှောင်ကို

လှည့်ကြည့်ကာ "ဒီလူက ဘာလို့ ငါ့ကို

မှတ်မိနိုင်တာလဲ"

အမှောင်က ခေါင်းခါရင်း ပြန်ဖြေသည်

"ဒီလောက် အံ့ဩနေဖို့ မလိုပါဘူး။

ဒီနေရာမှာ မရေမတွက်နိုင်တဲ့

ညဏ်ကြီးရှင်တွေအများကြီးရှိနေတယ်။

ဒါကြောင့် မင်းကိုရှာရတာက

တချို့လူတွေအတွက် သိပ်မခက်ပါဘူး။ ဥပမာအနေနဲ့ ရှေးဟောင်းကျင့်ကြံသူ ၃ ယောက်၊ ကောင်းကင်အရှင် ၄ ပါးအပြင် ငါတို့ကောင်းကင်ဗျာနရဲ့ ဘယ်သူမဆို မင်းကို ၁ ရက်အတွင်း ရှာဖွေနိုင်တယ်"

ယန်ယဲ့က

စကားပြန်ပြောရန်ပြင်လိုက်စဉ်မှာပဲ

တိုက်ပွဲပြီးသွားလေပြီ။

အမောင်က "ခဏလေးပဲပြီးသွားပြီ"

ဤအချိန်တွင်

သက်လတ်ပိုင်းအဘိုးအိုက ယန်ယဲ့ နှင့်

အမောင်ရှေ့မှာ

ရုတ်တရက်ပေါ်လာသည်။ သူက

အမောင်ကို စိုက်ကြည့်ရင်း ပြုံးကာ

"ကောင်းကင်ဘုံဗျာနရဲ့ ခေါင်းဆောင်က

မူလနတ်ဘုရားအဆင့် ၂ ကျင့်ကြံသူနဲ့

မိတ်ဆွေဖွဲ့ထားဖို့ ငါမမျှော်လင့်ခဲ့ဘူး"

ဟုပြောပါသည်။

အမျှောင်က "ငါထင်တာမမှားရင် မင်းဟာ

ကောရာဇ် ၅ ပါးထဲက

ကောရာဇ်တစ်ပါးဖြစ်သင့်တယ်

မဟုတ်လား"

သက်လတ်ပိုင်းအဘိုးအိုက ပြုံးပြီး

“ကောင်းကင်ဘုံဗျာနရဲ့ ခေါင်းဆောင်က

မျှော်လင့်ထားသလိုပဲ။ ကောင်းကင်အရှင်

၄ ပါးနဲ့ ရှေးဟောင်းကျင့်ကြံသူ ၃

ယောက်ကလွဲရင် တခြားဘယ်သူမှ

မင်းမျက်စိအောက်က မလွတ်နိုင်ဘူး”

ယန်ယဲ့က အမှောင်ကိုကြည့်ကာ

"ကောရာဇ် ၅ ပါးလား"

အမှောင်က ရှင်းပြသည် "ကောရာဇ် ၅

ပါးက ရှေးဟောင်းကျင့်ကြံသူ ၃

ယောက်နဲ့ ကောင်းကင်အရှင် ၄ ပါးအောက်မှာရှိတယ်။ အမှောင်ကေရာဇ်က အဲဒီအထဲကတစ်ယောက်ပဲ။ အခု ငါတို့ရှေ့မှာရှိတဲ့လူက၊ သူ့နာမည်က ဂူရွှမ်းကန်၊ ရှေးဟောင်းကေရာဇ်"

သက်လတ်ပိုင်းအဘိုးအိုက ရယ်မောရင်း "ကေရာဇ် ၅ ပါးတဲ့လား။ ဒါဟာ ထိုက်တန်တဲ့ ဂုဏ်ပုဒ်တစ်ခုပါပဲ" သူက

ယန်ယွဲ့ကို စိုက်ကြည့်နေသည် "

မင်းတကယ် အလုပ်မဖြစ်ဘူးလား။

ဒီအသီးက မင်းရဲ့စားလောက်

အဖိုးမတန်ပေမဲ့ မင်းအတွက်

အရမ်းအထောက်အကူဖြစ်သင့်တယ်"

ယန်ယွဲ့ က ခေါင်းယမ်းလိုက်သည်။

သစ်သားဓားက သူ့အတွက်

ပို၍အသုံးဝင်သည်။ ထို့အပြင် နှင်းပွင့်

ကလည်း

လုံးဝသဘောတူမည်မဟုတ်ပေ။

ဂူရှမ်းကန်၏ မျက်လုံးထဲမှ

နောင်တရနေဟန်တစ်ခု ပေါ်လာသည်

"မျှော်လင့်ထားသလိုပဲ၊

ငါမအောင်မြင်ဘူး"

ယန်ယွဲ့ က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး

"မင်း ဓားကို အတင်းလုယက်နိုင်တယ်

ဒါမှမဟုတ် ငါ့နေရာကို

ဖော်ထုတ်နိုင်တယ်"

"ဒါက ငါ့အတွက်

ဘယ်လိုအကျိုးရှိမှာလဲ" ဂူရှမ်းကန်က

ဆက်ပြောလိုက်သည် "ငါ

အတင်းအကြပ်လုယက်ရင် မင်းကို

အနိုင်ယူနိုင်လိမ့်မယ်၊ ဒါပေမဲ့ မင်းကို ငါ

သတ်နိုင်မှာ မဟုတ်ဘူး။ အဲဒီအချိန်မှာ

ငါက သစ်သားဓားကို ရသွားရင်တောင်

သတင်းပြန့်သွားလိမ့်မယ်။

မရေမတွက်နိုင်တဲ့ ကျင့်ကြံသူတွေရဲ့

လူသားပစ်မှတ်ဖြစ်လာဖို့ငါစိတ်မဝင်စား

ဘူး။ တကယ်လို့ ငါမအောင်မြင်ရင်

နောက်ထပ်ရန်သူရှိလာမယ်။ အဲဒါ

မတန်ဘူး။ ဒီတော့

အရှုံးနဲ့အဆုံးသတ်နိုင်တဲ့ စီးပွားရေးလုပ်ဖို့

ငါငြင်းဆန်တယ်"

ယန်ယွဲ့ သည်
ထိုစကားကိုကြားသောအခါ မပြုံးနိုင်ဘဲ
မနေနိုင်။ ရှေးဟောင်းကေရာဇ်က
အတော်လေးစိတ်ဝင်စားစရာကောင်းသ
ည်ဟု သူခံစားရသည်။

ဤအချိန်တွင် ရှေးဟောင်းကေရာဇ်က
ယန်ယွဲ့ကို စိုက်ကြည့်ကာ "မင်းနဲ့
အမျောင်ကေရာဇ် ကြားမှာ
ရန်ငြိုးရှိတယ်လို့ ငါကြားမိတယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"မပြေနိုင်တဲ့ရန်ငြိုးတွေ"

ရှေးဟောင်းကေရာဇ်က ခေါင်းကို

အနည်းငယ်ခါယမ်းကာ "နောက်နှစ် ၅၀

မတိုင်ခင် လက်စားချေဖို့ မစဉ်းစားရင်

အကောင်းဆုံးပဲ"

ယန်ယဲ့က အံ့သြသွားပြီး

"ဘာလို့လဲ"ဟုမေးလိုက်သည်။

ရှေးဟောင်းကျောင်းက “သူ့မှာ

ကျောထောက်နောက်ခံရှိတယ်။

ဘယ်သူက

ထောက်ပံ့ပေးထားတယ်ဆိုတာတော့

မပြောနိုင်သေးဘူး။ ဒါ့အပြင် သူက

တခြား ကျောင်း ၂ ပါးနဲ့

ဆက်ဆံရေးတော်တော်ကောင်းတယ်။

ဘယ်လိုပဲဖြစ်ဖြစ်
မင်းသူ့ကိုသတ်ဖို့ကြိုးစားရင်
အကူအညီပိုရမှပဲလုပ်တာ
အကောင်းဆုံးဖြစ်မယ်”

ယန်ယဲ့ သည် ရှေးဟောင်းဇကရာဇ်ကို
တစ်ချက်ကြည့်လိုက်သည်။ သူက
ယန်ယဲ့၏အကြည့်ကို မြင်သောအခါ
အမြန်ပြန်ပြောလိုက်သည် “ဒါကို
မစဉ်းစားနဲ့။ ငါသူ့ကိုမကြောက်ပေမဲ့

သူနဲ့ရန်သူဖြစ်သွားလောက်အောင်
လူမိုက်မဟုတ်ဘူး။ နောက်ဆုံးတော့
ငါတို့ကြားမှာ အဆက်အစပ်မရှိဘူး
ဟုတ်တယ်မလား"

ယန်ယဲ့ က ပခုံးတွန့်ပြီး
စကားထပ်မပြောတော့ပေ။

ထို့နောက် ကောင်းကင်ထက်ကို
ရုတ်တရက် မော့ကြည့်လိုက်သည်။

သူတို့အမြင်အာရုံအဆုံးတွင် အပြာရောင်လျှောက်လမ်းကြီးတစ်ခုရှိနေခဲ့သည်။ ဤအခိုက်အတန့်တွင် လျှောက်လမ်းက တုန်လှုပ်နေ၏။

ရှေးဟောင်းဧကရာဇ်က ရုတ်တရက် ပြောခဲ့သည် "နောက်ထပ် ကိုယ့်သေတွင်းကိုတူးမယ့်သူရောက်လာပြန်ပြီ"

ယန်ယဲ့ သည်

စကားမပြောနိုင်သလိုခံစားလိုက်ရသည်။

အချိန်အနည်းငယ်အကြာတွင်

အပြာရောင် လျှောက်လမ်းမှ ပုံရိပ်တစ်ခု

ထွက်ပေါ်လာခဲ့သည်။ ၎င်းက လက်ထဲ၌

ငွေရောင်လှံတစ်ချောင်း ကိုင်ထားသော

ငွေရောင်ချပ်ဝတ်တန်ဆာဝတ်လူတစ်

ယောက်ပါ။

ရှေးဟောင်းကေရာဇ်က

ချက်ချင်းမျက်မှောင်ကြုတ်ကာ “ဒီလူက

သာမန်မဟုတ်ဘူး”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ငွေရောင်ချပ်ဝတ်လူက

လောကသုံးပါးမှဆင်းလာသောကြောင့်

ဆန်းကြယ်ချီစွမ်းအင်အတော်

လေးအသုံးပြုလိုက်ရပုံပါ။

အကြောင်းကတော့ ထိုလူ၏မျက်နှာက

ဖြူဖြပ်ဖြူရော် ဖြစ်နေလို့ပါ။ ထို့အပြင်
ငွေရောင်ချပ်ဝတ်တန်ဆာက
အက်ရာများဖုံးလွှမ်းထားသည်။

ဤအတောအတွင်း
ငွေရောင်ချပ်ဝတ်လူ၏ ပတ်ပတ်လည်မှ
အလင်းရောင်ခြည်တန်းများ
ပေါ်လာသည်။ တစ်ချိန်တည်းတွင်
"ဒီလူကို မထိရဘူး"ဟူသော
အသံတစ်သံပါထွက်ပေါ်လာ၏။

အသံက အလွန်တည်ငြိမ်သော်လည်း

လူတိုင်း၏ နှလုံးသားအား

တုန်လှုပ်သွားစေသည့်

ဖိအားတစ်မျိုးသယ်ဆောင်လာသည်။

ထိုစကားကို ကြားသောအခါ

ရှေးဟောင်းဧကရာဇ်က

ပို၍ပင်မျက်မှောင်ကြုတ်လိုက်သည်။

ယန်ယဲ့ က

"ဒါကဘာလဲ"ဟုမေးလိုက်သည်။

ရှေးဟောင်းကေရာဇ်က “ဒါဟာ

အမြင့်မြတ်ဆုံး ကောင်းကင်အရှင်ရဲ့

အသံပဲ။ ဒီလူကဘယ်သူလဲ။ သူက

တကယ်ပဲ

အမြင့်မြတ်ဆုံးကောင်းကင်အရှင်ကို

ကိုယ်စားပြောခိုင်းလိုက်တယ်”

ယန်ယဲ့ သည် ငွေရောင်ချပ်ဝတ်လူကို လှမ်းကြည့်လိုက်သည်။

ဤအချိန်တွင် ငွေရောင်ချပ်ဝတ်လူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး အေးစက်စက်အသံဖြင့်ပင် “ငါက အောက်စကြာဝဠာမှာ ဓားတစ်ချောင်းကိုရှာဖွေဖို့ လူသားအင်ပါယာအရှင်ကိုယ်တိုင် အမိန့်ပေးထားတာပဲ။ လွန်ခဲ့တဲ့

နှစ်တွေမှာ ခေါင်းပြတ်တစ်လုံးနဲ့ ပြုတ်ကျလာတာ။ ဘယ်မှာရှိလဲ သိရင် ဆက်သွယ်ပါ"

ဤအချိန်တွင် အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည် "အဲဒါကို လုပ်ဖို့အတွက် ငါတို့ တစ်ခုခု ရမလား"

သံချပ်ကာတပ်သားက အသံထွက်လာသည့်ဖက်ကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းရှာတွေ့ရင် အဆင့်မြင့်အင်ပါယာလက်နက် ရနိုင်တယ်"

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ သို့သော်လည်း သိပ်မကြာလိုက်ပေ၊ အသံဗလံများ နှင့်တူ "ဒီဓားက ယန်ယဲ့နဲ့ အတူရှိနေတယ်"

ယန်ယဲ့ သည် စကားမပြောနိုင်အောင် ခံစားလိုက်ရသည်

သံချပ်ကာတပ်သားက မျက်မှောင်ကြုတ်ကာ “ယန်ယဲ့ ဆိုတာ ဘယ်သူလဲ"

ဤအတောအတွင်း အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်ယောက်က သံချပ်ကာဝတ်လူ ရှေ့မှာ

ပေါ်လာပြီး “သူက ငါတို့

အလယ်စကြဝဠာရဲ့ ဓားကျင့်ကြံသူ ပါ။

မင်းပြောခဲ့တဲ့ဓားဟာ

သူ့လက်ထဲမှာရှိနေတယ်"

သံချပ်ကာဝတ်လူ က “သူ့ရဲ့စရိုက်က

ဘယ်လိုလဲ” ဟု မေးလိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

“ကြောက်စရာကောင်းတယ်။ သူက

ရက်စက်ကြမ်းကြုတ်သူ၊

အရမ်းပြတ်သားပြီး ရက်စက်တတ်သူပါ။

ဟုတ်တယ်၊ သူက ညဏ်အလင်းပွင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

နားလည်ထားသေးတယ် ”

ယန်ယဲ့၏ မျက်နှာက ချက်ချင်းပင်

ရှုံ့မဲ့သွားလေတော့သည်။

သံချပ်ကာတပ်သား၏အမူအရာက

အေးခဲအေးခဲလာပြီး "ဉာဏ်အလင်းပွင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

။သောက်ကျိုးနည်းပေါ့၊

ဒဏ္ဍာရီနတ်ဆားက ဒီလိုလူရဲ့လက်ထဲ

ရောက်သွားပြီ။ မိုက်မဲလိုက်တာ"

ထိုနောက်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

စိုက်ကြည့်ရင်း "သူ

အခုဘယ်မှာလဲ"ဟုဆက်မေးလိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား က

ခေါင်းခါပြီး "ငါမသိဘူး။ ဒါပေမဲ့ သူက

လောကသုံးပါး

ကိုတက်ဖို့ပြင်နေတာဆိုတော့

ကောင်းကင်တိုင်တောင်တန်းမှာ

ရှိသင့်တယ်"

ထိုလူက သူ၏ညာလက်ကို

လှုပ်လိုက်သည်။ သူ့လက်မှ

အလင်းတန်းတစ်ခု လက်လာပြီး

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား ဆီသို့

ပျံသန်းသွားသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ခေါင်းညိတ်ကာ

ဖျတ်ခနဲပျောက်သွားခဲ့သည်။ ဤနေရာရှိ

လူတိုင်း အံ့သြသွားကြသည်။

ဘာဖြစ်သွားမှန်းပင်
ရှင်းရှင်းလင်းလင်းမမြင်လိုက်ရပေ။

ဤအတောအတွင်း သံချပ်ကာဝတ်လူက
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
“ငါဒီမှာရှိနေမယ်။ ယန်ယဲ့ ဘယ်မှာလဲ
သိရင် ငါ့ကိုဆက်သွယ်လိုက်ပါ။
ယန်ယဲ့ရဲ့ တည်နေရာနဲ့
အချက်အလက်တွေ ပေးတဲ့သူတိုင်းက

အဆင့်မြင့်အင်ပါယာလက်နက်တစ်ခုစီရမယ်”

ဤအခိုက်အတန့်တွင် အသံတစ်သံ ရုတ်တရက်ထွက် လာသည် "မင်းတကယ်ပြောနေတာလား"

သံချပ်ကာဝတ်လူ က "ဒါပေါ့"

အချိန်အနည်းငယ်အကြာတွင်

ပတ်ဝန်းကျင် သည်

ငြိမ်သက်သွားခဲ့သည်။ အမှောင်ရိပ်ထဲမှ

ပုန်းအောင်းနေသူများ၊ ပတ်ဝန်းကျင်ရှိ

ကျင့်ကြံသူများဟာ

ထွက်ခွာသွားခဲ့ကြသည်။ အားလုံးက

ယန်ယွဲ့ကို လိုက်ရှာဖို့ လုပ်နေတာပါ။

အမျောင် က "ဒါက
တော်တော်ဆွဲဆောင်မှုရှိတယ်"ဟု
ရုတ်တရက်ပြောလိုက်သည်။

ရှေးဟောင်းကောရာဇ်က
ခေါင်းညိတ်လိုက်သည် “အရမ်းကို
ဆွဲဆောင်မှုရှိတယ်။ ဒါ့အပြင်
လက်လှမ်းမီနိုင်တယ်”

ယန်ယဲ့ က စကားမပြောဘဲ
နှုတ်ဆိတ်နေခဲ့သည်။

ရှေးဟောင်းကြေရာဇ်က ရုတ်တရက်
တဟားဟားရယ်ရင်း ထွက်သွားခဲ့သည်။

ယန်ယဲ့ သည် အနည်းငယ်
ထိတ်လန့်သွားပြီး “ဘာလို့လဲ” ဟု
မေးလိုက်သည်။

ရှေးဟောင်းကောရာဇ်က “ဒါဟာ

ရတနာကောင်းပေမဲ့ လူတွေ

အသက်ရှင်နေချိန်မှာပဲ

ရတနာတွေဖြစ်တာ။

မိတ်ဆွေတစ်ယောက်နဲ့ ရတနာတစ်ခုမှာ

ဘယ်ဟာရွေးမလဲဆိုရင် မိတ်ဆွေပေါ့။

တခြားအကြောင်းရင်းတစ်ခုလည်းရှိ

သေးတယ်။ ငါ မင်းကို စုံစမ်းပြီးပြီ

ကလေး။ တကယ်တော့ မင်းဟာ

လူဆိုးမဟုတ်ဘူး။မင်းအရမ်းဒုက္ခရောက်

ရတဲ့ အကြောင်းရင်းက အများအားဖြင့်

တခြားသူတွေရဲ့ လောဘစိတ်ကြောင့်။

ဒါ့အပြင် မင်းအတွက်

ငါအလေးစားဆုံးအရာက

မင်းရဲ့အခြေခံမူတွေပေါ်မှာ

အမြဲရပ်တည်နေတာပဲ။ မင်းဟာ

သတ္တာတရားကြီးမားတယ်"

သူ့စကားကို ခဏလောက်ရပ်ပြီး ဆက်ပြောပါသည် “နောက်ထပ်တစ်ခုက ရန်သူအစား ဒီလိုကြောက်စရာကောင်းတဲ့နေရာမှာ မိတ်ဆွေတစ်ယောက်ရှိဖို့က ပိုလိုအပ်တယ်”

ထိုစကားပြောပြီးသည်နှင့် နေရာမှာပင် ပျောက်သွားခဲ့သည်။

ယန်ယဲ့ သည် ခဏမျှ ငြိမ်သက်သွားပြီး

အမှောင်ကို စိုက်ကြည့်လိုက်သည်။

အမှောင်က ပြောပါသည်

“သူပြောတာမှန်တယ်။ ဒီလို

အန္တရာယ်များတဲ့ နေရာမှာ

မိတ်ဆွေတစ်ယောက်ရှိတာက

အကောင်းဆုံးပါပဲ။ အမှောင်ဧကရာဇ်

အစား မင်းကို ဘာကြောင့် ရွေးခဲ့တာလဲ

သိလား။”

ယန်ယဲ့ က ခေါင်းယမ်းလိုက်သည်။

အမှောင်က "ငါက အမှောင်ဧကရာဇ်နဲ့ မိတ်ဆွေမဖြစ်နိုင်လို့။ သူက အကြံဉာဏ်များလွန်းတယ်၊ သူ့ရည်မှန်းချက် အောင်မြင်ဖို့ဆိုရင် ဘယ်အရာမှထည့်တွက်မနေဘူး။ ဒါပေမဲ့ မင်းအဲလိုလုပ်မှာမဟုတ်ဘူး။ မင်းဟာ ကိုယ်ပိုင်စည်းမျဉ်းရှိထားတယ်၊ မင်းရဲ့တာအိုနှလုံးသား ဖြူစင်တယ်။

ဟုတ်တယ်၊

တကယ်တော့နောက်တစ်ခုရှိသေးတယ်၊

ဒါက မင်းရဲ့ အလားအလာပါ။

မင်းမသေသရွေ့ ဒီလောကမှာ

မင်းကိုဘယ်သူမှတားနိုင်မှာမဟုတ်ဘူးလို့

ငါ အခိုင်အမာယုံကြည်တယ်"

စကားပြောနေရင်း အမှောင်က

ရုတ်တရက်

မျက်မှောင်ကြုတ်သွားသည်။

ယန်ယဲ့ က "ဒါကဘာလဲ"

အမှောင်က ယန်ယဲ့ ကိုစိုက်ကြည့်ရင်း "လူတော်တော်များများက ငါ့ကောင်းကင်ဘုံဧာနကို သွားပြီး မင်းကိုလိုက်ရှာပေးဖို့တောင်းဆိုနေတယ် ။ သူတို့အထဲမှာ အာဏာပိုင်တစ်ယောက်တောင်ပါနေတယ်"

ယန်ယဲ့ သည်

အနည်းငယ်မျက်မှောင်ကြုတ်သွားသည်။

May Be:

၂၂၀၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၀၃ - မျောက်တစ်ကောင်

အတော်များများက

ငါ့ကိုရှာနေကြတာလား။

ဤအချိန်တွင် ယန်ယဲ့၏မျက်နှာသည်

သဘာဝအတိုင်း

ကြည့်မကောင်းလောက်အောင်

ဖြစ်နေခဲ့သည်။

အတောမသတ်နိုင်သော ပြဿနာများက

သူ့ဆီကို

အလိုလိုရောက်လာနေသည်မဟုတ်ပါ
လား။ သူသည် အမှောင်ဇကေရာဇ်ကိုပင်
လက်စားမချေရသေးပေ။ သို့သော်လည်း
လောကသုံးပါးရှိ အာဏာပိုင်တစ်ယောက်
ဆင်းလာခဲ့သည်။ ထို့အပြင် ထိုလူက
သူ့ကို သတ်ဖို့ရောက်လာတာပါ။

ခဏအကြာတွင် ယန်ယဲ့ သည်
သူ့အတွေးကို ထိန်းကာ အမှောင်ကို
စိုက်ကြည့်ရင်း "မင်းပြောခဲ့တဲ့

အာဏာပိုင်က

ဘယ်သူလဲ"ဟုမေးလိုက်သည်။

အမှောင် က ခေါင်းခါလိုက်သည်

“အဲဒီလူက လျှို့ဝှက်ထားခိုင်းလို့ သူ့ရဲ့

အထောက်အထားကို ဖော်ထုတ်လို့

မရဘူး။ အဲဒါက ငါ့အဖွဲ့အစည်းရဲ့

စည်းမျဉ်းပါ။ တိုတိုပြောရရင်

အခုကစပြီး သတိထားရမယ်”

ယန်ယဲ့ သည်

တဟားဟားရယ်မောလိုက်သည်။

ဤအခိုက်အတန့်တွင်

တံလျှပ်တောင်တန်းမှ

အနီရောင်ဝတ်စုံဝတ်အမျိုးသမီး

ပြောသည့် ဆိုလိုရင်းကို

သူနားလည်သွားခဲ့သည်။

အဆုံးမရှိသော ပြဿနာများ။

သူသည် သစ်သားဓား

ပိုင်ဆိုင်ထားလေရာ အဆုံးမရှိသော

ပြဿနာများကို ရင်ဆိုင်ရပေမည်။

မည်သို့ပင်ဖြစ်စေ သူသည်

သစ်သားဓားကို

စွန့်လွှတ်မည်မဟုတ်ချေ။

ဘုန်း...

ဤအချိန်တွင် တောင်တန်းကြီးတစ်ခုလုံး ရုတ်တရက်ဆိုသလို ပြင်းထန်စွာ တုန်ခါသွားသည်။

ယန်ယဲ့ သည် အမှောင်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ အမှောင်က လေထုထဲမှ အပြာရောင်လျှောက်လမ်းကို ငေးကြည့်ရင်း " တစ်စုံတစ်ယောက်

ဖရိုဖရဲ အာကာသကို

ဆုတ်ဖြဲလိုက်ပြီ"ဟုပြောခဲ့သည်။

ယန်ယွဲ့ က "တစ်ယောက်ယောက်

ဆင်းလာနေတာလား"

ဟုမေးလိုက်သည်။

အမှောင် က ခေါင်းညိတ်ပြီး

“နောက်ဆုံးတစ်ခေါက်တုန်းက

ကောင်းကင်တိုင်တောင်တန်းကို

တုန်လှုပ်အောင်လုပ်လိုက်ရုံပဲ။ ဒါပေမဲ့

အခုဖြစ်နေတဲ့

ရုန်းရင်းဆန်ခတ်အခြေအနေက

အရမ်းကြီးတယ်။ ငါထင်တာမမှားရင်

အဲဒီလူက မနက်ဖြန်ရောက်လာမှာ။

လောကသုံးပါးရဲ့ဘယ်လိုစွမ်းအားရှင်

များ ဆင်းလာမလဲလို့ ငါသိချင်မိတယ်”

ယန်ယဲ့ က "ဘယ်သူပဲဖြစ်ဖြစ် ဒီကလူတွေ အဲဒါကို အရှုံးမပေးဘူး မဟုတ်လား"

အမှောင်က "ငါတို့လောကမှာ အင်ပါယာ့ဆင့်လက်နက်တွေမရှိဘူး၊ ဒါမှမဟုတ် အရမ်းနည်းတယ်လို့ ပြောရမယ်။ ဒီနေရာမှာ မင်းမြင်နေရတဲ့ အင်ပါယာဆင့်လက်နက်တွေက လုယက်ထားကြတာတွေပဲ။ လူတိုင်း၊

ဒီရတနာလက်နက်တွေကို

လုယက်နေတဲ့အကြောင်းအရင်းက

ချိတ်ပိတ်စည်းကိုဖြတ်ကျော်တဲ့အခါ

ပိုပြီးစိတ်ချရအောင်လို့ပါ”

သူက ယန်ယဲ့ကို စိုက်ကြည့်ပြီး

ဆက်ပြောလိုက်သည် “ဒီဓားကို သေချာ

ဂရုစိုက်ပါ။ အနာဂတ်မှာ

လောကသုံးပါးကို တက်ဖို့ကြိုးစားရင်

ဒါဟာ မင်းအတွက် သေချာပေါက်
အထောက်အကူဖြစ်လိမ့်မယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။
သူကိုယ်တိုင်လည်း သစ်သားဓားကို
ပြန်လွှဲပေးဖို့ စိတ်ကူးမရှိပေ။

ထို့နောက်တွင်တော့ နှစ်ယောက်သား
နေရာတစ်ခု ရှာကာ
ပုန်းအောင်းနေလိုက်ကြသည်။

မသိသောအချိန်တစ်ခုကြာ.....

ကျင့်ကြံသူအများအပြားဟာ

အမှောင်ရိပ်ထဲမှာ ပုန်းအောင်းရင်း

စောင့်မျှော်နေကြ၏။ လောကသုံးပါး မှ

ဆင်းလာမည့်သူကို လုယက်ဖို့

စောင့်ဆိုင်းနေကြတာပါ။

ဤအခိုက်အတန့်တွင်

ကောင်းကင်တိုင်တောင်တန်းသည်

ပို၍ပို၍ပင် လျင်မြန်စွာ တုန်ခါလာသည်။

ယန်ယဲ့ သည် ပုန်းအောင်းနေသည့်

နေရာမှာပင် မူလစေတီ ထဲသို့

ဝင်သွားခဲ့သည်။ သူဝင်လာသည်နှင့်

ပထမအထပ်ရှိ ဝိညာဉ်စွမ်းအင်များ

သိပ်သည်းနေကြောင်း

ခံစားမိလိုက်လေတော့သည်။

ဝိညာဉ်စွမ်းအင်သည် ပထမအထပ်ရှိ
လေထုထက်ပင် ပို၍
သိပ်သည်းနေတာပါ။ ယန်ယဲ့ သည်
အတော်လေး အံ့အားသင့်သွားခဲ့သည်။

နှင်းပွင့် လုပ်နေတာလား။

ယန်ယဲ့ သည် နှင်းပွင့်လေးကို
ချက်ချင်းသိရလိုက်သည်။
သိပ်မကြာလိုက်ဘဲ

ထိုအကောင်ငယ်လေးကို

ရှာတွေ့သွားသည်။

ဤအချိန်တွင် နှင်းပွင့်က

သစ်သားဓားပေါ်မှာ မတ်တပ်ရပ်နေပြီး

ဝိညာဉ်စွမ်းအင်များကို

အဆက်မပြတ်အန်ထုတ်နေသည်။

ဟိုချင် နှင့် ချုန်းချီ တို့နှစ်ယောက်ဟာ နှင်းပွင့်လေး နှင့်မလှမ်းမကမ်းမှာရပ်ကာ ကြည့်နေကြသည်။

ယန်ယွဲ့ က "သူမ ဘာလုပ်နေတာလဲ"

ဟိုချင်က ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "အဲဒီအကောင်လေးက ဝိညာဉ်စွမ်းအင်ပုလဲကို မျိုချလိုက်တာ။

အဲဒါက သူ့အတွက် များလွန်းတယ်။

အချိန်အတော်ကြာတဲ့အထိ အန်နေတာ ။

တော်တော်ကြာပြီလို့ပြောရမယ်"

ယန်ယွဲ့ သည် အံ့အားသင့်သွားကာ

စကားပင်မပြောနိုင်တော့ပေ။

“ဒါက ဘယ်လောက်ကြာမလဲ” ယန်ယွဲ့က

ခဏကြာတိတ်ဆိတ်နေပြီးမှ

ထပ်မေးလိုက်သည်။

ချုန်းချီ က ခေါင်းခါလိုက်ပြီး

“ငါမသိဘူး၊ ဒါပေမဲ့ ဒါဟာ

ကောင်းတဲ့အရာပါ။ ဒီနေရာမှာရှိတဲ့

ဝိညာဉ်စွမ်းအင်တွေ သိပ်သည်းလာရင်

မူလစေတီက

မြန်မြန်ပြန်ကောင်းလာမှာပါ။ ဒါမှမဟုတ်

ချိတ်ပိတ်ထားတဲ့ အဆင့်တွေ

မြန်မြန်ဆန်ဆန်ပွင့်လာမယ်။ ဒါဆိုရင်

မင်းအတွက် နောက်တစ်ဆင့်တက်နိုင်ဖို့
အချိန်သိပ်မကြာဘူးလို့ ငါထင်တယ်"

နောက်တစ်ဆင့်....

ယန်ယဲ့ သည် အပေါ်ကို
မော့ကြည့်လိုက်သည်။ အဆင့် ၄ လွှာက
စစ်နတ်ဘုရား၏လက်မောင်းတော်ကို
ထိန်းသိမ်းထားခဲ့သည်။ ၅ လွှာမြောက်၊

တစ်နည်း ပဉ္စမမြောက်အထပ်က

မည်သို့ထူးခြားသနည်း။

အမှန်တော့ သူ့စိတ်ထဲ အတော်လေး

သိချင်နေခဲ့သည်။ ဒီအချိန်မှာ

မျှော်လင့်ချက် အနည်းငယ်

ခံစားလိုက်ရသည်။

ခဏကြာပြီးနောက် ယန်ယဲ့ သည်

နှင်းပွင့်ကို တစ်ချက်ကြည့်ကာ

ပြန်ထွက်သွားခဲ့သည်။

...

အပြင်ကမ္ဘာသို့ ပြန်ရောက်သည်နှင့်

တပြိုင်နက်

ကောင်းကင်တိုင်တောင်တန်းကြီးတစ်ခု

လုံး ပြင်းထန်စွာ လှုပ်ခါသွားပြန်သည်။

ဤအချိန်တွင် အမှောင်က

ယန်ယဲ့၏နံဘေးတွင် ပေါ်လာသည်။

သူက ယန်ယဲ့ကို ငုံ့ကြည့်လိုက်ပြီး

"အဲဒီလူ ရောက်လာတော့မှာ

ဖြစ်နိုင်တယ်"ဟုလေးနက်စွာပြောလိုက်

သည်။

ယန်ယဲ့ သည် သူတို့အပေါ်ရှိ

အာကာသလျှောက်လမ်းကို

မော့ကြည့်လိုက်သည်။သူ့စိတ်ထဲ
တော်တော်လေး သိချင်နေ၏။

အခုတစ်ကြိမ်မှာ
ဘယ်သူဆင်းလာတာလဲ။

ယန်ယွဲ့ က သူ့အတွေးကို ထိန်းပြီး ရုတ်
တရက်မေးလိုက်သည် "ဟိုကလူတွေ
ဘာလို့ဒီကိုဆင်းလာတာလဲ"

အမျှောင် က “အစတုန်းကတော့

ငါတို့လည်း တော်တော်

ပဟေဠိဖြစ်သွားတယ်။ ဒါပေမဲ့

အချိန်ကြာလာတော့

အချက်အလက်တစ်ခု ရခဲ့တယ်။

တော်တော်များများက

တစ်ခုခုရှာနေရင်းနဲ့

ဒီကိုဆင်းလာကြတာ”

တစ်ခုခုကို ရှာနေကြတာလား။

ယန်ယဲ့ သည် အံ့သြသွားသည်။

သို့သော်လည်း သိပ်မကြာလိုက်ဘဲ

သူ့မျက်နှာမှာ

ထူးဆန်းသောအမူအရာတစ်ခုပေါ်လာသ

ည်။

လောကသုံးပါးမှဆင်းလာသူတိုင်းဟာ

မူလစေတီကို

လိုက်ရှာနေမှန်းသဘောပေါက်လို့ပါ။

မူလစေတီက မည်သို့နည်း၊

လူသားမျိုးနွယ်၏ နံပါတ်တစ်
ရတနာပင်။ အများအပြားက
ရယူလိုကြသည်။

ဤအတောအတွင်းမှာပဲ အမှောင် က
ဆက်ပြောပါသည် “ဒါတော့ဒါပေါ့။
နောက်တစ်ခုက အများစုဟာ
လောကသုံးပါးရဲ့အပြစ်သားတွေ
ဒါမှမဟုတ်
မစော်ကားသင့်တဲ့သူကိုစော်ကားမိလို့

ဆင်းပြေးလာကြတာများတယ်။

ဘာပဲဖြစ်ဖြစ် ဒါတွေအားလုံးက

အရေးမကြီးပါဘူး။ အရေးကြီးတာက

သူတို့ဆင်းလာလေလေ

ငါတို့အခွင့်အရေးပိုများလာလေပဲ။ဒီ

တော့ လောကသုံးပါး ကိုတက်ဖို့

အခွင့်အလမ်းပိုတိုးလာမယ်”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

သာမာန်အခြေအနေများတွင်

လောကသုံးပါးရှိ ကျင့်ကြံသူများဟာ

အလယ်စကြာဝဠာ(အောက်ဘုံ)မှ

လူများကိုသာ ဖိနှိပ်ခဲ့သည်။

ဤအခိုက်အတန့်တွင် အောက်ဘုံမှ

လူတိုင်းဟာ လောကသုံးပါးမှ

ဆင်းလာသူများကို

အမဲလိုက်ပြီးလုယက်နေကြသည်။

ဤအချိန်တွင်

ကောင်းကင်တိုင်တောင်တန်းကြီးသည်

ပြင်းထန်စွာတုန်လှုပ်သွားသည်။

အမှောင် က လေသံခပ်တိုးတိုးဖြင့်

ပြောခဲ့သည် "အဲဒီလူက အာကာသကို

ဆုတ်ဖြဲပြီးတိုက်ရိုက်ဆင်းလာတာ။

လုယက်ဖို့က

သေချာပေါက်ခက်လိမ့်မယ်”

ယန်ယဲ့ သည် ခေါင်းညိတ်လိုက်သည်။

ပြောစရာတောင် မလိုလောက်ပေ။

သူသည် အတော်လေး

စိတ်လှုပ်ရှားနေခဲ့သည်။တစ်စုံတစ်ယော

က်ကို လုယက်သည်ကား

ပထမဆုံးအကြိမ်တော့မဟုတ်ပါ။

သို့ရာတွင် အုပ်စုဖွဲ့လုယက်တာက

ပထမဆုံးပါ။

ဤအခိုက်အတန့်တွင်
အစွမ်းထက်အရှိန်ဝါတစ်ခု
ထွက်ပေါ်လာသည်။

ယန်ယဲ့ သာမက အမောင်၏
အမူအရာလည်း ပြောင်းလဲသွားသည်။
ထိုအရှိန်အဝါ မှတစ်ဆင့် ပြင်းထန်သော
ဖိအားများကို ချက်ချင်း
ခံစားမိလိုက်လို့ပါ။

ယန်ယဲ့က "ကောင်းကင်အရှင် ၄ ပါးထဲက တစ်ပါးလား"

အမှောင် က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည် "မဖြစ်နိုင်ဘူး။ အခြေအနေတွေက မထူးခြားဘူးဆိုရင် သူတို့ ဒီကိုလာမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ စိတ်ပူသလောက် ငါတို့

လုယက်ထားတဲ့အရာတွေက သူတို့ရဲ့ လက်ကျန်တွေပဲ”

သူတို့ရဲ့ စားကြွင်းစားကျန်တွေလား။

ယန်ယွဲ့ သည် စကားမပြောနိုင်တော့ပေ။

ဤအချိန်တွင် အမှောင် က ရုတ်တရက်ပြောလိုက်သည် "ကောရာဇ် ၅ ပါးထဲကဖြစ်နိုင်တယ်"

ယန်ယွဲ့ က အမှောင်ကို စိုက်ကြည့်ရင်း "မင်း နဲ့ အမှောင်ဧကရာဇ် ဘယ်သူ ပိုအားကောင်းလဲ"

"ထပ်တိုက်ရင်ဆိုင်မယ်ဆိုရင် သူက ငါ့ကို အကြိမ် ၁၀၀ အတွင်းမှာ သတ်ပစ်နိုင်တယ်" အမှောင် က တစ်ချက်စဉ်းစားဟန်ပြုပြီး "တကယ်လို့ ငါ လှည့်ကွက်တွေ ကစားရင် သူ့ကို

သတ်ဖို့ ၅၀ ရာခိုင်နှုန်း အခွင့်အရေး ရှိတယ်။ တကယ်တမ်းပြောရရင် သူတောင် ငါ့ကို ပြန်သတ်နိုင်တယ်"

ယန်ယဲ့ သည် စိတ်ထဲ လေးလံသွားသည်။ ထိုနေ့တွင် သူသည် အမှောင်ဧကရာဇ် နှင့် တိုက်ခိုက်ခဲ့လို့ပါ။ သို့သော် အမှောင်ဧကရာဇ်၏ ခွန်အားကို သိပ်ပြီးမမြင်ခဲ့ရပေ။ ဤအခိုက်အတန့်တွင် အမှောင်ဧကရာဇ်

က သူထင်ထားသည်ထက်

ပိုသန်မာနေပုံပါ။

ဤအချိန်တွင် အမော့်င် က

ရုတ်တရက်ပြောခဲ့သည်

“အဆင်ပြေပါတယ်။ အခုအချိန်မှာ

မင်းက သူ့အတွက် မယှဉ်သာပေမယ့်

အနာဂတ်မှာ မင်း သူ့ကို အနိုင်ယူနိုင်မှာ

သေချာပါတယ်”

ယန်ယဲ့ သည်

စကားပြောရန်ပြင်လိုက်သော်လည်း

အပြာရောင်လျှောက်လမ်းက ရုတ်တရက်

ပြင်းထန်စွာ လှုပ်ခါသွားသဖြင့်

ရပ်သွားသည်။

အမှောင်က လေးနက်သောအသံဖြင့်

ပြောလိုက်သည် "အဲဒီလူရောက်လာပြီ"

ဤအခိုက်အတန့်တွင် မှောင်ရိပ်ထဲမှ

ပုန်းအောင်းနေသော

ကျင့်ကြံသူအားလုံးဟာ

အပြာရောင်လျှောက်လမ်းကို

မျှော်ကြည့်နေကြသည်။

ယန်ယဲ့ သည်

အပြာရောင်လျှောက်လမ်းကို

မော့ကြည့်နေသည်။

ဘယ်သူလဲ။

အချိန်များ

တရွေ့ရွေ့နဲ့ကုန်ဆုံးလာ၏။နောက်ဆုံးတွ
င် အာကာသလျှောက်လမ်းက
ပို၍ပင်တုန်ခါလာသည်။

၁၅ မိနစ်ခန့်အကြာတွင်....

အုန်း...

လျှောက်လမ်းမှ

အလွန်ကြောက်မက်ဖွယ်ရာ

အော်ရာတစ်ခု ရုတ်တရက်

ထွက်ပေါ်လာသည်။ ဤနေရာမှ

လူတိုင်း၏ အမူအရာများသည်

ပြောင်းလဲသွားသည်။

ယန်ယဲ့ နှင့် အမှောင် တို့ပင်

ခြွင်းချက်မဟုတ်ပါ။

ထိုအရှိန်အဝါ ပေါ်လာသည်နှင့်
တစ်ပြိုင်နက် ဒူးထောက်ကျလုနီးပါး
ဖြစ်သွားသောကြောင့်ပင်။

ဘယ်လောက်သန်မာလဲ ။

ဤအချိန်တွင် ယန်ယွဲ့ သည်
ဤကျင့်ကြံသူအား
လုယက်ရန်အတွေးကို

စွန့်လွှတ်လိုက်သည်။ ဤလူက သာမန်မဟုတ်ပေ၊ အကယ်၍ လုယက်ဖို့ကြိုးစားလျှင် ကိုယ့်သေတွင်းကို တူးနေခြင်းသာ။

ဤအခိုက်အတန့်တွင် လျှောက်လမ်းမှ မီးလုံးတစ်လုံး ပေါ်လာသော်လည်း အပြင်ထွက်မလာသေးဘဲ နေရာတွင် ရပ်သွားသည်။

ဤအချိန်မှာ လူတိုင်းက

ရှင်းရှင်းလင်းလင်း

မြင်နေရသည်။

မီးလုံးထဲ၌

အနီရောင်မျောက်တစ်ကောင်ရှိနေတာပါ။

အမှန်တော့ မျောက်၏ မျက်လုံးများက

မီးလုံး ၂ လုံးပါ။

မျောက်၏ခန္ဓာကိုယ်ကတော့

အက်ကွဲကြောင်းများ ဖုံးလွှမ်းနေသည်။

အက်ရာများ အတော်ကိုနက်ရှိုင်းသဖြင့်

အတွင်းအင်္ဂါများကိုပင်

မြင်နေရလေသည်။ ထို့အပြင်

မျောက်၏ရင်ဘတ်ပေါ်၌

ရွှေရောင်လက်ဝါးရာတစ်ခု ရှိနေသည်။

၎င်း၏ ရင်ဘတ်က ချိုင့်ဝင်နေတာပါ။

သေချာသည်မှာ ဤမျောက်က ဒဏ်ရာ
အပြင်းအထန် ရပြီး ဆင်းပြေးလာပုံပင်။

အချိန်တော်တော်ကြာပြီးနောက်တွင်
အနက်ရောင်အရိပ် ၃ ခုက မျောက်
ဆီသို့ခုန်ဝင်သွားကြသည်။

သုံးယောက်စလုံးက အမှောင် ထက်
မနိမ့်ကျသော အစွမ်းထက်အော်ရာများ

ထုတ်လွှတ်နေခဲ့သည်။ သုံးယောက်စလုံး

ကနဦးညဏ်အလင်းသခင်များ ပါ။

ဤအချိန်တွင် မျောက်က

ကနဦးညဏ်အလင်းသခင် ၃ ယောက်ကို

မော့ကြည့်လိုက်သည်။ ထိုခဏလေးမှာပဲ

မျောက်၏ (သူ့)လက်ထဲ၌

ရွှေရောင်တုတ်ချောင်းတစ်ချောင်း

ပေါ်လာသည်..။

May Be:

၂၂၀၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၀၄ -

ကနဦးညဏ်အလင်းသခင် နှင့် တိုက်ခိုက်ခြင်း

မျောက်၏ လက်ထဲ၌

ရွှေရောင်တုတ်ချောင်း ပေါ်လာသည်နှင့်

တပြိုင်နက် ပြင်းထန်သော

အရှိန်အဝါတစ်ခု

ပေါက်ကွဲထွက်လာသည်။ ထို့နောက်

မျောက်က ကနဦးညဏ်အလင်းသခင် ၃

ယောက်ကို အေးစက်စက်စိုက်ကြည့်ကာ

ရွှေတုတ်ကိုအလျားလိုက်ရိုက်ချလိုက်သ

ည်။

ရွှေရောင်အလင်းတန်းတစ်ခု

လင်းလက်လာပြီး မျောက်ရှေ့က

ကနဦးညာဏ်အလင်းသခင် ၃ ယောက်ဟာ

ချက်ချင်း ပျောက်ကွယ်သွားသည် ။

ဤမြင်ကွင်းကြောင့် လူတိုင်း

အံ့သြသွားကြသည်။

အကြောင်းကတော့

ကနဦးညာဏ်အလင်းသခင် ၃

ယောက်စလုံး
မည်သို့မည်ပုံပျောက်သွားမှန်း
မသိနိုင်လို့ပါ။

မျောက်က ပတ်ဝန်းကျင်ကို
စိုက်ကြည့်ကာ နောက်တစ်ကြိမ်
တိုက်ခိုက်ရန် ပြင်နေသည်။ သို့သော်
သူ့နောက်ကွယ်ရှိ
အာကာသလမ်းကြောင်းက ရုတ်တရက်
ပြင်းထန်စွာ လှုပ်ခါသွားပြန်သည်။

ဤအခိုက်အတန့်တွင် မျောက်က

မျက်မှောင်ကြုတ်ပြီး နေရာမှာတင်

ပျောက်သွားခဲ့သည်။

အရိပ်ထဲမှာ ပုန်းနေကြသူတိုင်း

အံ့သြသွားကြသည်။ မည်သူမှ မျောက်

ပျောက်ကွယ်သွားသည်ကို

အာရုံမခံနိုင်လို့ပါ။

အခြေအနေက မည်သို့နည်း။ မျောက်၏ အရှိန်က သူတို့ထက် အဆပေါင်းများစွာ မြန်ဆန်နေသည်ကို ဆိုလိုပါသည်။

မျောက် ပျောက်သွားပြီး
သိပ်မကြာခင်မှာပဲ
အာကာသလမ်းကြောင်းထဲမှ
ရွှေရောင်အလင်းတန်းတစ်ခု
ထွက်လာသည်။ လူတိုင်း
လှမ်းကြည့်လိုက်သော်လည်း

ဘာကိုမှမမြင်ရပေ။

ရွှေရောင်အလင်းတန်းကို ထွင်းဖောက်ပြီး

မမြင်နိုင်ကြတာပါ။

သိပ်တော့ မကြာပေ၊

ရွှေရောင်အလင်းတန်းက

တဖြည်းဖြည်းပြန့်ကျဲသွားသည်။

ထို့နောက် လူတိုင်းရှေ့တွင်

ထိပ်ပြောင်လူတစ်ယောက်

ပေါ်လာသည်။ ထိပ်ပြောင်လူက

ရွှေရောင်ဝတ်ဝတ်ရုံကို ဝတ်ဆင်ထားကာ
လည်ပင်း၌လည်း
ပုတီးတစ်ကုံးရှိနေသည်။ ထို့အပြင်
သူ၏ခန္ဓာကိုယ်မှ ဂုဏ်သိက္ခာနှင့် သန့်ရှင်း
စင်ကြယ်သော အရှိန်အဝါများ
ထုတ်လွှတ်နေခဲ့သည်။

ထိပ်ပြောင်လူက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး “အဲဒီမျောက်က
ရက်စက်ပြီး အရမ်းသန်မာတယ်။

သူနဲ့တွေ့ရင် အသတ်မခံရအောင်

သူ့ကိုတိုက်ခိုက်တာမျိုးရှောင်သင့်တယ်”

ထိုစကားပြောပြီးတာနဲ့ နေရာမှာပင်

ပျောက်သွားသည်။

ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားသည်။

ကတုံးအမျိုးသား နောက်ကို

မည်သူမျှမလိုက်ကြပေ။

လူတိုင်း အရှုံးများမဟုတ်လို့ပါ။

ထိုမျောက်က ရွှေတုတ်ကို
တစ်ချက်ယမ်းလိုက်ရုံဖြင့်
ကနဦးညဏ်အလင်းသခင် ၃
ယောက်စလုံး အသတ်ခံလိုက်ရသည်။
သို့သော်လည်း မျောက်က
ဒဏ်ဂါအပြင်းအထန်ရနေသေး၏။
တစ်နည်းအားဖြင့် ကောင်းကင်အရှင် ၄

ပါး၊ ရှေးဟောင်းကျင့်ကြံသူ ၃
ယောက်သာလျှင် ထိုမျောက်ကဲ့သို့
ခွန်အားကို ပိုင်ဆိုင်ထားသည်။

တစ်ချိန်တည်းတွင် မည်သူမျှလည်း
ကတုံးအမျိုးသား နောက်သို့
မလိုက်ခဲ့ပေ။ လူတိုင်းက နေရင်းထိုင်ရင်း
အသတ်မခံချင်ကြလို့ပါ။

ဤအချိန်တွင် အမျောင် က "ငါ

ကောင်းကင်ဘုံဗျာန ကို ပြန်သွားရမယ်။

မင်းနဲ့ပတ်သက်တဲ့

တောင်းဆိုချက်တွေကို

လက်ခံဖို့ ငြင်းပယ်ထားပေမယ်လို့

တခြားသူတွေက လုံးလုံးရှာမတွေ့ဘူးလို့

မဆိုလိုဘူး။ အသက်ရှင်လျက်

ပြန်ဆုံနိုင်မယ်လို့ မျှော်လင့်ပါတယ်။

အခုတော့ နှုတ်ဆက်ပါတယ်”

စကားပြောပြီးနောက် နေရာမှာပင်
ပျောက်သွားသည်။

အမှောင် ထွက်သွားသည်နှင့် တပြိုင်နက်
ယန်ယဲ့ သည် သူ၏အသိစိတ်ပို
ခန္ဓာကိုယ်ထဲသို့ပို့လိုက်သည်။ ထို့နောက်
""အစ်ကိုချန်းချီ၊ အဲဒီမှောက်က
မင်းတို့နတ်မိစ္ဆာမျိုးနွယ်ထဲကလား"

ချန်းချီ က "ဟုတ်တယ်"

ယန်ယဲ့ က "မင်း သူ့ကို သိသလား"

ချုန်းချီ က "လူသားမျိုးနွယ်နဲ့
နတ်ဆိုးမျိုးနွယ်ကြားက ဆက်ဆံရေးဟာ
ဘာကြောင့်
ဒီလောက်တင်းမာနေတယ်ဆိုတာ
မင်းသိလား"

ယန်ယဲ့ က ခေါင်းခါရင်း "ဘာဖြစ်လို့လဲ"

ချုန်းချီ က “ဘာလို့လဲဆိုတော့ နတ်မိစ္ဆာမျိုးနွယ်က မညီညွတ်လို့။ မရေမတွက်နိုင်တဲ့ နတ်မိစ္ဆာဘုရင်တွေ ရှိတယ်။ အဲဒီမျောက်က နတ်မိစ္ဆာဘုရင်တစ်ပါးပဲ။ ဒါပေမဲ့ သူက နည်းနည်းတော့ ထူးခြားတယ်။ ဘာလို့လဲဆိုတော့ နတ်မိစ္ဆာမျိုးနွယ်မှာ သူ့အဆင့်အတန်းက အတော်လေးမြင့်မားတယ်။ သူဘာလို့

ဒီအထိ ဆင်းပြေးလာလဲဆိုတာတော့

ငါတောင် နားမလည်နိုင်ဘူး"

ယန်ယဲ့ က "ကြည့်ရတာ ဒီလောက

ဖရိုဖရဲဖြစ်တော့မယ်"ဟုရုတ်တရက်ပြော

လိုက်သည်။

"ဖြစ်နေပြီ" ချုန်းချီ က

ဆက်ပြောလိုက်သည် "ဒီအရူးတွေ

အားလုံးနီးပါးရောက်လာကြတာပဲ။

ဒီလောကရဲ့ဟန်ချက်ကို ဆိုးဆိုးရွားရွား
ပျက်စီးစေမှာသေချာတယ်။ ကလေး၊
မင်းရဲ့ ခွန်အားကို အမြန်ဆုံး
မြှင့်တင်ရမယ်။ အထူးသဖြင့်တော့
မင်းရဲ့ကျင့်ကြံမှုအဆင့်၊ ဒါဟာ
မင်းရဲ့အခြေခံအုတ်မြစ်လေ။ ဒါ့အပြင်
မင်းရဲ့ရုပ်ခန္ဓာခွန်အား၊
စိတ်ဝိညာဉ်အခြေအနေတွေကို
မြှင့်တင်ပြီးသားဖြစ်မယ်။ကံဆိုးလိုက်

တာ၊ အခုလောလောဆယ်မှာ မင်းက

အေးအေးဆေးဆေးကျင့်ကြံနေလို့မရ

ဘူး"

ယန်ယဲ့ သည် ငြိမ်သက်သွားသည်။

သူ့ခွန်အားက

သိသိသာသာတိုးတက်လာတာပါ။

သို့သော်လည်း အခုလက်ရှိ

ဆင်းလာသူတိုင်းက

သာမန်လူများမဟုတ်ချေ။

နှစ်ပေါင်း သောင်းချီပြီး

အသက်ရှင်လာသော ရှေးခေတ်ဦးမှ

ကျင့်ကြံသူများပါ။

ကနဦးဉာဏ်အလင်းသခင် ပင်လျှင်

ၚင်းတို့အား ယှဉ်နိုင်မည်မဟုတ်ပေ။

ခွန်အား ။

အရှူးတစ်ယောက်လို ကျင့်ကြံရမယ်။

အပြင်ကမ္ဘာသို့ ပြန်ရောက်သည်နှင့်
ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်ကာ ထွက်ခွာသွားသည်။

သို့သော် သိပ်မကြာလိုက်ပဲ လေထဲမှာ
ပင်ရှုတ်တရက် ရပ်လိုက်သည်။
ထို့နောက် သူ့ညာဖက်ကို
လှည့်ကြည့်လိုက်ပြီး လက်သီးဖြင့်
ဆတ်ခနဲထိုးလိုက်သည်။

အုန်း...

သူ့ညာဖက် ၁

ကီလိုမီတာအကွာကနေပေါက်ကွဲသံကြီး

တစ်ချက် ကျယ်လောင်စွာ

ထွက်ပေါ်လာသည်။ ထို့နောက်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ဦး ပေါ်လာသည်။

ယန်ယဲ့ က မျက်မှောင်ကြုတ်ကာ

"မင်းပဲဖြစ်နေတာကိုး...."

သူ့ရှေ့မှ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ဝိညာဉ်မွေးဖွားခြင်းသစ်သီး နှင့်

ဝိညာဉ်စွမ်းအင်ပုလဲကို လဲလှယ်ဖို့

ပြင်းဆိုခဲ့သူပါ။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
“မင်းမှာ မိတ်ဆွေတွေမရှိဘူးလား။ လာ၊
သူတို့ကို တစ်ခါတည်းခေါ်လိုက်"

ယန်ယဲ့ သည် ထိုလူကို ကြည့်လိုက်သည်။
သေချာသည်မှာ ထိုလူက
အုပ်စုဖွဲ့တိုက်ခိုက်မည်ကို
ကြောက်လန့်နေတာပါ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ငါတို့ တခြားနေရာကို သွားပြီးတိုက်ခိုက်ကြမလား" ဟု ပြောလိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက “မင်းဆန္ဒအတိုင်းပဲ” ဟု ပြန်ဖြေသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
ကောင်းကင်ထက်သို့ ပျံတက်သွားသည်။
အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏
အော်ရာက ယန်ယဲ့ပေါ်သို့ ချက်ချင်းပိတ်
လှောင်ထားကာ နောက်ကနေ
လိုက်ပါလာသည်။

ယန်ယဲ့ သည်
အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ထဲ
သို့ တိုးဝင်လာပြီးနောက်

ဂြိုဟ်သေတစ်လုံးဆီသို့
ဦးတည်သွားခဲ့သည်။

ထိုနေရာသို့ ဆင်းလာသည်နှင့်
တပြိုင်နက်
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
သူ့နောက် မလှမ်းကမ်း၌ ရပ်နေခဲ့သည်။
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
စကားပြောရန်ပြင်နေသော်လည်း

ယန်ယဲ့သည် ချက်ချင်းပင်

လက်သီးဖြင့်ထိုးချလိုက်သည်။

ဘုန်း...

ရုတ်တရက် တိုက်ခိုက်လာသဖြင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားဟာ

ခုခံချိန်မရလိုက်ပေ။ ၃

ကီလိုမီတာအကွာထိ

လွင့်ပျံထွက်သွားသည်။

အနက်ရောင်ဝတ်အမျိုးသားက

ယန်ယဲ့ကို မော့ကြည့်လိုက်သည်

"မင်းဟာ

ခန္ဓာကိုယ်လမ်းစဉ်ကျင့်ကြံသူဖြစ်ဖို့

ငါမမျှော်လင့်ထားဘူး။ ရှားပါးပြီး

စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ မင်း....”

ယန်ယဲ့ က သူ့ရှေ့တွင်

ရုတ်တရက်ပေါ်လာသောကြောင့်

အသံတစ်ဝက်တစ်ပျက်ဖြင့်
ရပ်တန့်သွားသည်။ တစ်ချိန်တည်းမှာပင်
ယန်ယွဲ့၏ လက်သီးချက်က
အနက်ရောင်ဝတ်အမျိုးသား ဆီသို့
တိုက်ရိုက်ကျရောက်သွားသည်။

သာမန်ရိုးစင်းသော
လက်သီးတစ်ချက်သာ။

သို့သော်

ကြောက်စရာကောင်းသောအငွေ့အသက်

များ ထွက်ပေါ်လာသည်။

အသန့်စင်ဆုံးခွန်အားနှင့်

သာမန်ရိုးစင်းသော လက်သီးချက် ။

အနက်ရောင်ဝတ်အမျိုးသား၏

လက်ထဲ၌ အနက်ရောင်ထီးတစ်ချောင်း

ရုတ်တရက်ပေါ်လာခဲ့သည်။

အနက်ရောင်ထီးမှ အလင်းတန်းတစ်ခု

ထွက်လာသည်။

အလင်းတန်းပေါ်လာသည်နှင့်

တပြိုင်နက် ယန်ယွဲ့ သည် မျက်လုံးများ

စူးရှနာကျင်သွားသလိုခံစားလိုက်ရသည်

။

ဘုန်း....

တစ်ချိန်တည်းမှာပင်

ပြင်းထန်သောစွမ်းအင်လှိုင်းများကြောင့်

ယန်ယွဲ့ သည် နောက်သို့ ဆက်တိုက်

ပြန်ဆုတ်သွားခဲ့သည်။ ဤအချိန်မှာ

အနက်ရောင်ထီးက သူ့အပေါ်ကနေ

ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

အလင်းတန်းတစ်ခု သူ့အပေါ်ကို

ကျဆင်းလာသဖြင့်

ယန်ယဲ့၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားခဲ့သည်။

ယန်ယဲ့ သည် ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း
မရှိပေ။

ညာခြေကို
မြေပြင်ပေါ်တစ်ချက်ဆောင့်ကာ လိမ့်ပြီး
ညာဖက်သို့ မီတာ ၃၀၀ အကွာထိ
ခုန်ဆုတ်သွားသည်။ သို့သော် သူ

ရပ်တန့်လိုက်သည်နှင့်
အနက်ရောင်ထီးသည်
ပျောက်ကွယ်မသွားသေးပေ။ ထို့အပြင်
အနက်ရောင်အလင်းတန်းတစ်ခုက
သူ့ခေါင်းထက်သို့ ရောက်ရှိလာသည်။

ယန်ယဲ့က ထပ်ပြီး
ရှောင်တိမ်းခြင်းမပြုတော့ပေ။
သူ၏ညာဖက်လက်သီးကို ဆုပ်ကာ
အပေါ်သို့ ပင့်ထိုးလိုက်သည်။

ဘမ်း…

လက်သီးချက်က

အနက်ရောင်အလင်းတန်းကို

တည့်တည့်ထိုးချလိုက်သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည်

တန်ပြန်အားကြောင့် အောက်သို့

ပြုတ်ကျသွားသည်။

ထိုခဏလေးမှာပဲ အနက်ရောင်ထီးမှ
နောက်ထပ်အလင်းတန်းတစ်ခုထွက်လာ
ပြီး ယန်ယဲ့၏ခေါင်းကို ပစ်ချလိုက်သည်။

အနက်ရောင်ဝတ်အမျိုးသားက
ထိုမြင်ကွင်းကို မြင်သောအခါ
ချက်ချင်းပြုံးလိုက်သည်။ သို့သော်လည်း
ခဏအကြာတွင်
သူ၏မျက်နှာပေါ်ရှိအပြုံးကတောင့်တင်း
သွားခဲ့သည်။ အကြောင်းမှာ ယန်ယဲ့ သည်

မြေပြင်မှ ရုတ်တရက်

မတ်တတ်ထလာသောကြောင့်ပါ။

ဤအချိန်တွင် ယန်ယဲ့ သည်

သူ၏ခေါင်းကို

ညင်သာစွာ ပွတ်သပ်လိုက်သည်။

ထို့နောက်

အနက်ရောင်ဝတ်အမျိုးသားကို

မော့ကြည့်ကာ "ဒါဆို ငါ့ကို

လုံးဝမထိဘူးပဲ"ဟုပြောလိုက်သည်။

အနက်ရောင်ဝတ်အမျိုးသားက

ယန်ယဲ့ကို စိုက်ကြည့်ပြီး

"မင်းဘာလို့ဒဏ်ရာမရသွားတာလဲ"

ယန်ယဲ့ က စကားပြန်မပြောဘဲ

အနက်ရောင်ဝတ်အမျိုးသား

ဆီသို့ခုန်ဝင်လာပြီး လက်သီးဖြင့်
ဆောင့်ထိုးလိုက်သည်။

ဤအချိန်တွင်
အနက်ရောင်ဝတ်အမျိုးသား ရှေ့၌
အနက်ရောင်ထီးပေါ်လာပြီး အနက်ရောင်
အလင်းတန်းတစ်ခု ပြေးထွက်လာသည်။
ယန်ယဲ့ သည် မျက်လုံးထဲ
နာကျင်သွားသော်လည်း
မျှော်လင့်ထားသည့်အတိုင်းသာ

ဖြစ်နေသောကြောင့် သူ၏

ဘယ်လက်သီးကို ရှေ့သို့

ထိုးချလိုက်သည်။

သူ၏ဘယ်ဖက်လက်သီးက

ရှေ့လှမ်းထိုးလိုက်သည်နှင့်

ညာဖက်လက်သီးကိုပါ

ရှေ့သို့အမြန်ထိုးချလိုက်သည်။

ဘောင်း....

ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

"ငရဲနတ်ဘုရားအလင်း၊
ဆင်းသက်လော့...."
အနက်ရောင်ဝတ်အမျိုးသား၏
ဒေါသတကြီးအော်သံ
ထွက်ပေါ်လာသည်။ တစ်ချိန်တည်းတွင်
အနက်ရောင်ထီးမှ အလွန်ပါးလွှနေသော

အနက်ရောင်အလင်းတန်းများ

မရေမတွက်နိုင်အောင်

ဖြာထွက်လာသည်။ ထိုခဏလေးမှာပဲ

ယန်ယဲ့ သည်

အနက်ရောင်အလင်းတန်းကြားများ

နစ်မြုပ်သွားသည်။ ယန်ယဲ့ သည်

သူ့တစ်ကိုယ်လုံး

အပ်ပေါင်းမြောက်များစွာဖြင့်

ထိုးဆွနေသလိုမျိုး ခံစားလိုက်ရသည်။

ယန်ယဲ့ သည် ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း မရှိပေ။ သူ၏လက်သီးနှစ်ဖက်ကို တင်းတင်းဆုပ်လိုက်ပြီး အပေါ်ကို ဆောင့်ထိုးလိုက်သည်။

ဘုန်း...ဘုန်း....

မရေမတွက်နိုင်သော အနက်ရောင်အလင်းတန်းများက ချက်ချင်းပင် ချေဖျက်ခံလိုက်ရသည်။

သို့သော်လည်း ပထမတစ်ကြိမ်

ပျောက်ကွယ်သွားသည်နှင့် နောက်တစ်ခါ

ထပ်ပေါ်လာသည်။

အနက်ရောင်အလင်းတန်းများဟူ

အဆုံးမရှိတော့သယောင်ထင်ရလေသည်

။

May Be:

၂၂၀၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၀၅ - ထွက်ပြေးပြီ

ယန်ယဲ့ သည် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။ သူသည်
ထိုကနဦးညဏ်အလင်းသခင်၏

ခွန်အားကို လျှော့တွက်မိကြောင်း

ခံစားမိသည်။

သူသည် ဤအတိုင်း

ဆက်သွားလို့မရတော့မှန်း

သိလိုက်သည်။ မဟုတ်ပါက

အနိုင်ရလျှင်ပင် ဒုက္ခိတဖြစ်လုနီးပါး

ဒဏ်ရာရသွားပေမည်။

ထိုအချက်ကို စဉ်းစားမိသည်နှင့် ယန်ယဲ့သည် သူ၏ခွန်အားကို ဆက်ပြီးမထိန်းထားရန် ဆုံးဖြတ်လိုက်တော့သည်။

အောင်း....

စူးရှသောဓားအုံကြီး ပွဲတင်ထပ်လာပြီးနောက် ဓားအလင်းတန်းတစ်ခုက

အနက်ရောင်ထီးကို ထိမှန်သွားသည်။
အနက်ရောင်ထီးက ပြင်းထန်စွာ
လှုပ်ခါပြီးနောက်
ကွဲအက်သွားပါတော့သည်။

"ချိုးဖျက်စမ်း..." ဤအချိန်တွင်
ယန်ယဲ့၏ ဒေါသတကြီးအသံ
ထွက်ပေါ်လာသည်။

ဘုန်း....

အနက်ရောင်ထီးတစ်ချောင်းလုံး
အက်ရာများ ပြည့်နှက်သွားသည်။

ဤအခိုက်အတန့်တွင် ကောင်းကင်တိုင်
တောင်တန်းသည် အော်ဟစ်သံများဖြင့်
ပြည့်သွားသည်။

"ယန်ယဲ့ ထွက်လာပြီ"
တစ်စုံတစ်ယောက်က

အော်လိုက်သည်နှင့် သိပ်မကြာလိုက်ဘဲ

ကောင်းကင်တိုင်တောင်တန်း တစ်ခုလုံး

အစွမ်းထက်အော်ရာများ

ပျံ့လွင့်လာသည်။

ထို့နောက်တွင်တော့

ကောင်းကင်တိုင်တောင်တန်းတစ်ခုလုံးမှ

မရေမတွက်နိုင်သော အလင်းတန်းများ

ထိုးထွက်လာကာ

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ထဲ

သို့ ပျံတက်သွားကြသည်။

.....

အနက်ရောင်ထီး ကွဲထွက်သွားသည်နှင့်

တပြိုင်နက်

အနက်ရောင်ဝတ်အမျိုးသားက မီတာ ၃၀

အကွာသို့ ခုန်ဆုတ်သွားသည်။

အနက်ရောင်ဝတ်အမျိုးသားက

ယန်ယဲ့အား စူးစိုက်ကြည့်ကာ “မင်းက

ယန်ယဲ့ဖြစ်နေတာကိုး” ဟု

လေးနက်စွာပြောခဲ့သည်။

သို့သော် ယန်ယဲ့၏မျက်နှာက

အံ့သြသွားဟန်မပြပေ။

ဓားကိုထုတ်သုံးလိုက်ကတည်းက

သူ့အကြောင်းကို

ဆက်ပြီးဖုံးကွယ်မထားနိုင်တော့မှန်းသိ

နေလို့ပါ။

ထို့အပြင် သူ့ရှေ့မှ

ကနဦးညဏ်အလင်းသခင် ကို

ရုပ်ခန္ဓာခွန်အား သက်သက်ဖြင့်

အနိုင်ယူလို့မရကြောင်း

သဘောပေါက်လိုက်သည်။

သူ၏ လက်ရှိရုပ်ခန္ဓာက

ကနဦးညာဏ်အလင်းသခင် ကို

ယှဉ်ပြီးတိုက်ခိုက်ရုံလောက်သာတတ်နိုင်

သည်။

ယန်ယဲ့ သည်

ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော်လည်း သူ့ရှေ့ရှိ အာကာသပြင်က

တုန်ခါသွားပြီးနောက် သူ့နားထဲမှာ

သတိပေးသံထွက်လာသည် "ပြေးတော့."

ထိုအသံက အမျောင် ပါ။

ထွက်ပြေးရမှာလား။

ယန်ယဲ့သည်မျက်မှောင်ကြုတ်လိုက်သည်။ အမျောင်းးအသံက နောက်တစ်ကြိမ်ရောက်လာပြန်သည်

"မြန်မြန်..."

ယန်ယဲ့ သည်

ဆက်ပြီးတုံ့ဆိုင်းမနေတော့ပေ။

အနက်ရောင်ဝတ်အမျိုးသားကို

တစ်ချက်စိုက်ကြည့်ရင်း အဝေးဆီသို့

ပျောက်ကွယ်သွားခဲ့သည်။

"အခုမှ ထွက်ပြေးဖို့ လွယ်မယ်ထင်လား"

အနက်ရောင်ဝတ်အမျိုးသားက

အေးစက်စွာ အော်ဟစ်လိုက်ပြီး

ယန်ယဲ့နောက်ကို ပြေးလိုက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးပါ။

ယန်ယဲ့ကိုသတ်နိုင်သရွေ့ သစ်သားဓားကို

ရယူနိုင်ပေသည်။ သစ်သားဓား က

လောကသုံးပါး၏ ဒဏ္ဍာရီနတ်ဓား

ပင်မဟုတ်ပါလား။ ယန်ယဲ့ကို

မသတ်နိုင်လျှင်ပင် အချိန်ဆွဲထားရုံဖြင့်

အဆင့်မြင့်

အင်ပါယာလက်နက်တစ်ခုရပေမည်။

ဤအခိုက်အတန့်တွင်
အနက်ရောင်ဝတ်အမျိုးသားက
အလွန်စိတ်လှုပ်ရှားနေခဲ့သည်။

အချိန်သိပ်မကြာလိုက်ပေ၊ ယန်ယွဲ့ သည်
အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်သို့
ရောက်လာခဲ့သည်။ အစပိုင်းတွင်
အမှောင်က သူ့အား
ထွက်ပြေးခိုင်းသည့်အကြောင်းအရင်းကို

နားမလည်ခဲ့ပေ။

ဤအခိုက်အတန့်တွင်တော့

ကောင်းကောင်းကြီးနားလည်သွားပါပြီ။

ဤအတောအတွင်း

အစွမ်းထက်အော်ရာအများအပြားက

သူရောက်လာသည့်

ဂြိုဟ်သေတစ်ခုလုံးအား

လွှမ်းခြုံထားသည်။

ဤအခြေအနေကို သတိထားမိသည်နှင့်
ယန်ယွဲ့ သည် ချက်ချင်း
မျက်နှာပျက်သွားသည်။

လူအများကြီးက ငါ့ကို
သတ်ချင်နေကြတာလား။

ယန်ယွဲ့ သည် သူ့နောက်ကို ရုတ်တရက်
လှည့်ကြည့်လိုက်သည်။
အနက်ရောင်အလင်းတန်းတစ်ခုက

သူရုပ်နေသောနေရာဆီသို့
တဟုန်ထိုးပျံသန်းနေကြောင်းမြင်လိုက်
လေသည်။

ဒီလူ လိုက်လာနေတုန်းလား။

သို့သော်လည်း ယန်ယဲ့ သည်
မရပ်တန့်ခဲ့ပေ။ အချိန်မဆိုင်းဘဲ
ရှေ့သို့ဆက်ပြီးပြေးထွက်သွားသည်။

ဤအခိုက်အတန့်တွင် သူသည်

စားမသုံးတော့သော်လည်း

သိသာနေသောပစ်မှတ်တစ်ခုဖြစ်နေလေ

သည်။

သို့သော် တစ်ချိန်တည်းမှာပင် သူသည်

အနက်ရောင်ဝတ်အမျိုးသား၏ အရှိန်ကို

လျှော့တွက်မိလိုက်သည်။ သူ့အရှိန်ကို

အမြင့်ဆုံးအထိ မြှင့်တင်ထား၏။

သို့ရာတွင်

အနက်ရောင်ဝတ်အမျိုးသားက

သူ့နောက်ကနေ

ကပ်လျက်လိုက်ပါနေတုန်းပါ။

ယန်ယဲ့ နှင့် အနက်ရောင်ဝတ်အမျိုးသား

တို့ ဂြိုဟ်သေပေါ်မှ ထွက်ခွာသွားသည်နှင့်

အသက်ရှူ ၃ ရှိုက်စာအကြာမှာပဲ

အစွမ်းထက်အော်ရာ အများအပြား

ဆင်းလာကြသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ကို

ဖြတ်ပြီးပြေးနေခဲ့သည်။

တစ်ချိန်တည်းမှာပင်

အနက်ရောင်အလင်းတန်းတစ်ခု

ကလည်း သူ့နောက်သို့

အနီးကပ်လိုက်လာသည်။

ယန်ယဲ့ သည် ထွက်ပြေးနေရင်းဖြင့်

အနက်ရောင်အလင်းတန်းကို

လှည့်ကြည့်လိုက်သည်။

သူ၏အကြည့်များက အေးခဲနေသည်။

တတ်နိုင်ပါက ချက်ချင်းရပ်ကာ

အနက်ရောင်ဝတ်အမျိုးသားကို

တိုက်ခိုက်ပေမည်။ သို့သော်လည်း

ဤအခိုက်မှာ ရပ်ပြီးတိုက်ခိုက်လျှင်

သူသည် မရေမတွက်နိုင်သော

ကျင့်ကြံသူများ၏

ဝိုင်းရံသတ်ဖြတ်ခြင်းခံရပေမည်။

ဤအချက်ကို တွေးတောနေရင်း

ယန်ယဲ့၏

အမူအရာသည် တဖြည်းဖြည်း

ဆိုးရွားလာသည်။

အကြောင်းမှာ အခြားအော်ရာတစ်ခုက

အနက်ရောင်ဝတ်အမျိုးသားကို

ကျော်တက်လာကြောင်း ခံစားမိလို့ပါ။

ထိုလူ၏အရှိန်ကိုအခြေခံ၍ သူ့အား

လိုက်မှီဖို့က အနည်းဆုံး အချိန် ၁၀

မိနစ်အောက်သာ ကြာပေမည်။

ဤအချိန်တွင် ယန်ယဲ့၏ ရှေ့တည့်တည့်

အာကာသထဲမှ ၃

ကီလိုမီတာရှည်လျားသော

အနက်ရောင်လုံတစ်ချောင်း ရုတ်တရက်

ထွက်ပေါ်လာသည်။

ဌင်းမှသယ်ဆောင်လာသော
ဖိအားကြောင့် ယန်ယဲ့၏အရှိန်သည်
နဂိုထက် ၃
ဆလောက်နှေးကွေးသွားသည်။

ယန်ယဲ့၏မျက်လုံးထဲမှ
ရက်စက်သောအမူအရာတစ်ခုပေါ်လာ
ကာ သစ်သားဓားကိုညာဖက်လက်ဖြင့်
တင်းတင်းဆုပ်ထားလိုက်သည်။
ထို့နောက် သစ်သားဓားကိုမြှောက်ကာ

လှံထိပ်ဖျားတည့်တည့်ကို

ပိုင်းချလိုက်သည်။ ထိမှန်သွားသည်။

အုန်း...

ပိုင်းချလိုက်သည်နှင့် တပြိုင်နက်

ပြင်းထန်စွာ တုန်ခါသွားပြီးနောက် ၃

ကီလိုမီတာရှည်လျားသော

အနက်ရောင်လှံကြီးဟာ

ကွဲထွက်သွားသည်။ ဤအချိန်တွင် ယန်ယွဲ့၏

နောက်ကွယ်မှ အရှိန်အဝါက ပို၍နီးကပ်လာသည်။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် အဝေးကို လှမ်းကြည့်ကာ နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ဘုန်း…

ယန်ယဲ့ သည် ထွက်မပြေးတော့ဘဲ
မြေပြင်ပေါ်သို့ ဆင်းလာလိုက်သည်။

ဤအချိန်တွင် သူသည်
အမည်မသိဂြိုဟ်သေတစ်လုံးပေါ်၌
ရပ်နေခဲ့သည်။ သူ မြေပြင်ပေါ်သို့
ဆင်းသည်နှင့် တပြိုင်နက် အပေါ်ကို
ပြန်မော့ကြည့်လိုက်သည်။ သူ့အပေါ်မှ

ကပ်ပါလာသော အရှိန်အဝါက

ပိုနီးကပ်လာပါသည်။

သူ့ရှေ့ရောက်လာဖို့က အသက်ရှူ ၂၀

ရှိုက်စာထက် မပိုပေ။

ယန်ယွဲ့ သည် သစ်သားဓားကို

တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း

သူ၏ခန္ဓာကိုယ်မှ

ဆန်းကြယ်ချီစွမ်းအင်များ တဟုန်ထိုး

မြင့်တက်လာသည်။ တစ်ချိန်တည်းမှာပင်

သူ့ပတ်ဝန်းကျင်ရှိ မြေပြင်နှင့်

အာကာသပြင်သည် တုန်ခါသွားသည်။

သို့သော်လည်း ခဏအကြာမှာပဲ

အာကာသနှင့် မြေပြင်သည်

ပုံမှန်ပြန်ဖြစ်သွားသည်။

ယန်ယွဲ့ သည် ရောက်လာနေသော

အော်ရာ ဆီသို့ စူးစိုက်ကြည့်ကာ

သစ်သားဓားကို

အသင့်ကိုင်ထားလိုက်သည်။

အသက်ရှူချိန် ၃ ရှိုက်စာခန့်အကြာတွင်

သူ၏အမြင်အာရုံထဲသို့

အမည်းစက်လေးတစ်စက်ပေါ်လာသည်။

သိပ်မကြာလိုက်ပေ၊

အရွယ်အစားပိုကြီးလာသည်။

ခဏကြာပြီးနောက် ထိုအမည်းစက်က

ယခင်ကထက် အနည်းဆုံး အဆ ၁၀၀

ပိုကြီးလာသည်။

တစ်ချိန်တည်းမှာပင် ကီလိုမီတာ ၃၀၀

ရှည်လျားသော

အနက်ရောင်လုံ့ကြီးတစ်ချောင်းက

ယန်ယဲ့ဆီသို့

ရုတ်တရက်ထိုးဆင်းလာသည်။

သို့သော်လည်း ဤတစ်ကြိမ်

လုံ့နောက်ကွယ်၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ကပ်ပါလာသည်။

သက်လတ်ပိုင်းအမျိုးသားက

ခရမ်းရွှေရောင်ဝတ်ရုံကိုဝတ်ဆင်ထား၏၊

နဖူးအလယ်တည့်တည့်၌

အနီရောင်မှော်သင်္ကေတတစ်ခုရှိနေသည်

။ ၎င်းက သူ့အား အနည်းငယ်

ထူးခြားနေစေသည်။

အနက်ရောင်လှံက သူ့ထံမှ မီတာ ၃၀၀

ခန့်အကွာသို့ ရောက်ရှိလာမှသာ ယန်ယဲ့

သည် ညာခြေကို မြှောက်ကာ

ဆောင့်ချလိုက်သည်။

ဂျုန်း…

ယန်ယဲ့၏ အနီးတစ်ဝိုက်ရှိ ကီလိုမီတာ

၃၀၀ ကျော်ရေိယာသည်

ချက်ချင်းပြိုကျခဲ့သည်။

တစ်ချိန်တည်းမှာပင် လုံထိပ်ဖျား၌

အေးစက်သော အလင်းတန်းတစ်ခု

ပေါ်လာသည်။

ထို့နောက်တွင်တော့....

ဘောင်း....

ကျယ်လောင်သော ပေါက်ကွဲသံကြီး

နှင့်အတူ

ကြောက်မက်ဖွယ်ရာစွမ်းအင်လှိုင်းကြီး

ထွက်ပေါ်လာခဲ့သည်။

စွမ်းအင်လှိုင်း ရိုက်ခတ်သွားသည့်

နေရာတိုင်း အာကာသပြင်သည်

ပျောက်ကွယ်သွားသည်။

ကီလိုမီတာရာချီသော

ပတ်ဝန်းကျင်ဧရိယာသည်

ချက်ချင်းပင်အမှောင်အတိကျသွားခဲ့

လေသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ နှင့်
သက်လတ်ပိုင်းအမျိုးသားက
အသီးသီးနောက်ပြန်လွင့်သွားကြသည်။

ယန်ယဲ့ သည်
မြေပြင်ပေါ်ကိုပြုတ်ကျလာ၏။
သက်လတ်ပိုင်းအမျိုးသားကတော့
အာကာသထဲသို့
နောက်ပြန်လွင့်ထွက်သွားသည်။

ယန်ယဲ့ သည် မြေပေါ်

ပြုတ်ကျလာသည်နှင့် မရပ်တန့်ဘဲ

မြေကြီးထဲကို

ဆက်လက်၍တိုးဝင်သွားတော့သည်။

ဤအခိုက်အတန့်တွင်

သက်လတ်ပိုင်းအမျိုးသားက

အာကာသထဲ၌ မတ်တပ်ရပ်လိုက်သည်။

သူ့လက်ထဲတွင်

သာမန်အနက်ရောင်လုံတစ်ချောင်း
ရှိနေသည်။ သူသည် လုံထိပ်များကို
ငုံ့ကြည့်လိုက်သည်။ လုံထိပ်များက
အက်ရာများဖုံးလွှမ်းထားသည်။

သူသည် ခဏမျှ
တိတ်ဆိတ်သွားပြီးနောက် ဂြိုဟ်သေကို
ရုတ်တရက် ငုံ့ကြည့်လိုက်သည်။
ခဏအကြာတွင် သူ၏အနက်ရောင်လုံကို
ဆုပ်ကိုင်လိုက်ပြီးနောက်

ပြင်းထန်သောအော်ရာတစ်ခု

ပေါက်ကွဲထွက်လာသည်။ဤအချိန်တွင်

အနက်ရောင်လုံ့က

အသက်ရှင်နေသကဲ့သို့ တုန်ခါလာသည်။

အချိန်ခဏကြာပြီးနောက် သူ၏လုံ့ကို

အောက်မှ ဂြိုဟ်သေ ဆီသို့ ညွှန်ကာ

"ဝိညာဉ်ဖျက်ဆီးခြင်းလုံ့...."

လုံက သူ့လက်ထဲမှ လွတ်ထွက်သွားကာ ဥက္ကာပျံတစ်စင်းအလား ဂြိုဟ်သေပေါ်သို့ ချက်ချင်း ကျဆင်းသွားသည် ။

ဂျုန်း...

လုံက ဂြိုဟ်ပေါ် ကျရောက်သွားသည်နှင့် ရောမပေါက်ကွဲသံကြီး ပဲ့တင်ထပ်လာသည်။ ထို့နောက်တွင် အလွန်အမင်းကြောက်စရာကောင်းသော

စွမ်းအင်တိမ်တိုက်ကြီးပါ
မြင့်တက်လာ၏။ ဤအတောအတွင်း
လုံ့က မြေပြင်ကို ထိုးစိုက်သွားကာ
ပတ်ပတ်လည် ကီလိုမီတာ ၃၀၀ ကျော်
ဧရိယာသည် ချက်ချင်းပြိုကျသွားသည်။

ဤအချိန်တွင် လုံ့က မြေပြင်သို့
ထိုးဖောက်သွားသည်။ ဖြတ်သွားတိုင်း
ပတ်ဝန်းကျင်ရှိ အရာအားလုံး

ပြို့ကျသွားရသည်။ ထို့အပြင် လုံ့ချက်က ပို၍ပင် မြန်သည်ထက်မြန်လာခဲ့သည်။

မြေကြီး အနက်ပိုင်းထဲသို့ တိုးဝင်နေသော ယန်ယဲ့၏မျက်နှာက ချက်ချင်းပင်ဆိုးရွားသွားခဲ့သည်။ အကြောင်းကတော့ အစွမ်းထက်အော်ရာတစ်ခုက သူ့အပေါ်ပိတ်လှောင်ထားလို့ပါ။

ထို့အပြင် သူ့နောက်မှ
အလျင်မြန်နီးကပ်လာနေခဲ့သည်။

ဒီလူက လက်မလျှော့သေးဘူး။

ယန်ယဲ့၏နှလုံးသားက
နစ်မြုပ်သွားသည်။

ဤအချိန်တွင် သူ့စိတ်ထဲမှ
ဟိုချင်၏အသံ

ရုတ်တရက်ထွက်ပေါ်လာသည် "ကလေး၊ သူ့ခွန်အားက သာမန်မဟုတ်ပါဘူး။ မင်းတော့ ဒီတစ်ခါသေချာပေါက် ဒုက္ခရောက်ပြီ"

ယန်ယဲ့ သည် ခေါင်းညိတ်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသား၏ ခွန်အားက သူထင်ထားသည်ထက် လုံးဝကို ကျော်လွန်ခဲ့သည်။ ထို့အပြင် သူသည်

နောက်ပြန်လှည့်၍ ထိုလူကို

မတိုက်ခိုက်နိုင်ပေ။ အကြောင်းမှာ

သူ့နောက်ကနေ လိုက်ဖမ်းနေသူတိုင်း

ရောက်ခါနီးနေကြောင်း ခံစားမိလို့ပါ။

May Be:

၂၂၀၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၂၀၆ - ဝိညာဉ်ဖျက်ဆီးသူ

ရှောင်ဟန်ရှီ

ပြေး...

ဤအခိုက်အတန့်တွင် သူလုပ်နိုင်သည်မှာ အစွမ်းကုန်သုံးပြီး ထွက်ပြေးတာပါ။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

မလှုပ်ရှားတော့ပေ။ သူ၏မျက်လုံးများကိုမှိတ်ထားလိုက်သည်။

ခဏအကြာတွင် သူ၏ပတ်ဝန်းကျင်ကနေ အစွမ်းထက်အရှိန်အဝါများ ပေါ်လာသည်။ သူ့နောက် သိပ်မဝေးသောနေရာတွင် သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ

သည်။ ၎င်းက ယခုလေးတင် ယန်ယွဲ့အား

တိုက်ခိုက်ခဲ့သောသက်လတ်ပိုင်းအမျိုး

သားပါ။

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်....

သက်လတ်ပိုင်းအမျိုးသား

ထွက်သွားပြီးနောက်တွင်

ပတ်ဝန်းကျင်တစ်ခုလုံးသည်

တိတ်ဆိတ်သွားသည်။

အချိန်အတော်ကြာပြီးမှ အသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်

"ဝိညာဉ်ဖျက်ဆီးသူလား၊ သူက ရှောင်ဟာန်ရီလား"

"ဒါဆို သူပဲလေ...၊ ဧကရာဇ် ဖြစ်လာတော့မယ့် အရှင်ရှောင်ဟာန်ရီ"

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ထိုအသံများက လိုက်ရှာလိုက်ကြသည်။

မည်သူမျှအရှုံးမပေးချင်ကြသေးပေ။

မြေပြင်အောက်တစ်နေရာတွင်.....

အနက်ရောင်လုံ့က

ယန်ယဲ့၏နောက်ကနေကပ်လျက်ပျံသန်း

လာသည်။

ယန်ယဲ့ သည် မရပ်တန့်ဘဲ

အရှူးတစ်ယောက်လိုမျိုး

ရှေ့သို့ဆက်ပြေးနေခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

သူ့ရှေ့မှ

ချော်ရည်ပင်လယ်ပြင်ကြီးကိုမြင်တွေ့လို

က်ရသည်။ ဤအခိုက်အတန့်တွင် ယန်ယဲ့

သည် ဂြိုလ်တစ်ဖက်ခြမ်းသို့

ဖောက်ဝင်တော့မည်ကို
သတိပြုမိလိုက်သည်။

သူသည် အရှိန်ကို
ဆက်ပြီးမြှင့်ကာထွက်ပြေးသွားသည်။

၆ နာရီခန့်အကြာ....

နောက်ဆုံးတွင် ယန်ယဲ့ သည်

မြေကြီးအောက်မှ ထိုးထွက်လာပြီး

အာကာသထဲသို့ ပျံတက်သွားသည်။

အာကာသထဲ တိုးဝင်လာသည်

နှင့်တပြိုင်နက်

သူ့အရှိန်ကိုထပ်မြှင့်လိုက်သည်။

သို့သော်လည်း သူ့နားထဲ၌

"ငါမင်းကိုစောင့်နေတာ" ဟူသော

အသံတစ်သံထွက်ပေါ်လာသည်။

ထိုစကားကိုကြားသောအခါ ယန်ယဲ့

သည် ချက်ချင်းပင်

မျက်နှာပျက်သွားသည်။

သူ့နောက်ကွယ်မှ ကျင့်ကြံသူများကိုပင်

မဖြေရှင်းနိုင်သေးပေ။ သူ့ရှေ့တွင်

အခြားတစ်ယောက်ပေါ်လာပြန်သည်။

သို့သော် ယန်ယဲ့ သည်

ထိတ်လန့်သွားခြင်းမရှိပေ။ သူ့ကိုယ်သူ

တည်ငြိမ်အောင်ထိန်းလိုက်ပြီး

ညာဖက်ကို လှမ်းကြည့်လိုက်သည်။

သူ၏ညာဖက်မှ မီတာ ၃၀၀

လောက်အကွာတွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ဦးရပ်နေခဲ့သည်။ ၎င်းက အသက် ၃၀

ဝန်းကျင်လောက်သာရှိပုံရသည်။

ယန်ယဲ့ ကြည့်နေစဉ်မှာပဲ

အနက်ရောင်ပုံရိပ်တစ်ခု

အဖြစ်ပြောင်းလဲကာ

သူ့ရှေ့ရောက်လာပါတော့သည်။

ယန်ယဲ့ သည် ထိတ်လန့်သွားသော်လည်း

နှေးကွေးမနေပါ။ ချက်ချင်း

တိုက်ခိုက်ရန်ပြင်လိုက်သည်။

ဤအချိန်တွင် အနက်ရောင်အရိပ်က

ပုဆိန်ကြီးတစ်လက်ကို ကိုင်ထားပြီး

ယန်ယွဲ့အား ခုတ်ချလိုက်သည်။

ပုဆိန်ခုတ်ချက်က

ကြောက်မက်ဖွယ်ရာစွမ်းအားများ

ပေါက်ကွဲလာသည်။

ကမ္ဘာကိုပင်ခွဲထုတ်နိုင်ပုံရသည်။

ယန်ယဲ့ သည် ပေါ့ပေါ့ဆဆ

မလုပ်ဆောင်ဝံ့ပေ။ သို့သော်လည်း

သူ့ကိုယ်သူ ကာကွယ်ထားခြင်းမရှိပါ။

သစ်သားဓားကို မြှောက်ပြီး အပေါ်သို့

ပင့်ခုတ်လိုက်သည်။

ဘမ်း....

လက်နက်နှစ်ခု တိုက်မိလိုက်သည်နှင့်

တပြိုင်နက် အနက်ရောင်အရိပ်က

လေထဲမှာပင် ပျောက်ကွယ်သွားသည်။

သို့သော်လည်း ယန်ယွဲ့ သည်

ဆက်တိုက်နောက်ပြန်ဆုတ်သွားခဲ့သည်။

ဤအတောအတွင်း

အနက်ရောင်ဝတ်အမျိုးသားက

ယန်ယွဲ့ဆီသို့

လှျပ်တစ်ပြက်ခုန်ဝင်လာသည်။

သူ၏အရှိန်ကမြန်ဆန်လွန်းသဖြင့်

နောက်ကွယ်မှ

ပုံရိပ်ယောင်များစွာကျန်နေခဲ့သည်။

တစ်ချိန်တည်းမှာပင်

အနက်ရောင်အလင်းတန်း

မြောက်များစွာက ယန်ယဲ့

ဆီသို့ပျံသန်းလာခဲ့သည်။

ယန်ယဲ့ သည် သစ်သားဓား ထဲသို့

ဆန်းကြယ်ချီစွမ်းအင်များ

အဆက်မပြတ်ပို့လွှတ်ပြီး

ဝှေ့ယမ်းလိုက်သည်။

ထို့နောက် ဓားအလင်းတန်းများ

ဖြာထွက်လာခဲ့သည်။ သို့ရာတွင်

အနက်ရောင်အလင်းတန်းများက

ဓားစွမ်းအင်ကို မတိုက်ဘဲ

လှည့်ပတ်သွားသည်။ ယန်ယဲ့သည်

ဤမြင်ကွင်းကြောင့်

အံ့အားသင့်သွားခဲ့သည်။

ဤအခိုက်အတန့်တွင်

အနက်ရောင်အလင်းတန်းများက

ယန်ယွဲ့အား ဖုံးလွှမ်းသွားပါတော့သည်။

ဘုန်း....

ကျယ်လောင်သော

ပေါက်ကွဲသံကြီးတစ်ချက်

ပတ်ဝန်းကျင်ကို ပြန့်နှံ့သွားသည်။

ခဏအကြာတွင် ယန်ယဲ့ သည် ၁၀ ကီလိုမီတာအကွာမှ ပေါ်လာသည်။သူ၏ခန္ဓာကိုယ်အနှံ့ ဒဏ်ရာဒဏ်ချက် အပြည့်ပါ။ အနက်ရောင်အလင်းတန်းများကတော့ အနက်ရောင်ဝတ်စုံဝတ်အမျိုးသား ဆီသို့ ပြန်ရောက်သွားခဲ့သည်။

ယန်ယဲ့ သည် သူ၏ခန္ဓာကိုယ်မှ ဒဏ်ရာများကို

တစ်ချက်ကြည့်လိုက်ပြီးနောက် သူ့ရှေ့မှ

သက်လတ်ပိုင်းအမျိုးသားကို

စူးစိုက်ကြည့်နေသည်။ အကယ်၍

သူ၏ခန္ဓာကိုယ်သော

သွေးပြန်လည်မွေးဖွားခြင်းအဆင့်မှာ

ရှိမနေပါက

အပိုင်းပိုင်းပေါက်ကွဲသွားနိုင်သည်။

ထို့အပြင်

အနက်ရောင်အလင်းတန်းတစ်ခုစီဟာ

သူ၏ခန္ဓာကိုယ်ပေါ်မှ

အရေးကြီးသောနေရာများကို

အစိကပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

ဤအတောအတွင်း

သက်လတ်ပိုင်းအမျိုးသားက

ရုတ်တရက် ပြောခဲ့သည် "မင်းရဲ့

ခန္ဓာကိုယ်က တကယ်သန်မာတယ်"

စကားပြောပြီးသည်နှင့်

ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော်လည်း အဝေးတစ်နေရာမှ

အစွမ်းထက်အော်ရာများ

ပျံ့လွင့်လာသဖြင့်

လှည့်ကြည့်လိုက်သည်။ ထိုနေရာမှ

အနက်ရောင်လှံတစ်ချောင်းကိုင်ထား

သော အမျိုးသားတစ်ဦး ဖြည်းညှင်းစွာ

လျှောက်နေခဲ့သည်။

ရှောင်ဟန်ရီ ...။

သက်လတ်ပိုင်းအမျိုးသားက
လှုံကိုင်လူကိုကြည့်ရင်းပြောလိုက်သည်။

ရှောင်ဟန်ရီက ယန်ယွဲ့ကို
ငုံ့ကြည့်ပြီးနောက် ပုဆိန်ကိုင်လူကို
စိုက်ကြည့်ကာ "သံမဏိလက် ဂူဟွမ်"

သံမဏိလက်ဂူဟွမ် က "ရှောင်ဟန်ရီ၊ မင်းလိုလူတစ်ယောက်က သူ့ဓားကို စိတ်ဝင်စားဖို့ ငါမမျှော်လင့်ထားဘူး"ဟုပြောလိုက်သည်။

ရှောင်ဟန်ရီက  "ဒီလိုပါပဲ"

ဂူဟွမ်က စကားထပ်မပြောတော့ပေ။ ပတ်ဝန်းကျင်သည် ခဏမှ

ငြိမ်သက်သွားသည်။ မည်သူမျှ
မတိုက်ခိုက်ကြသေးပေ။

ယန်ယဲ့ သည် ဂူဟွမ် နှင့် ရှောင်ဟန်ရီကို
တစ်ချက်လှမ်းကြည့်လိုက်သည်။
သို့သော်လည်း သူသည်
ထွက်မပြေးခဲ့ပေ။ အကြောင်းမှာ သူသာ
ထွက်ပြေးပါက ဂူဟွမ် နှင့် ရှောင်ဟန်ရီ
တို့နှစ်ယောက်ပေါင်းပြီး
တိုက်ခိုက်လာနိုင်လို့ပါ။

သို့သော် ဤအခြေအနေက

အချိန်ဆွဲထားလို့မရမှန်း သိနေခဲ့သည်။

သူ့နောက်ကိုလိုက်နေသူများက ဂူဟွမ်နှင့်

ရှောင်ဟန်ရှီ တို့သာမဟုတ်လို့ပါ။

ထိုအချိန်တွင် သူသည်

ထွက်ပြေးချင်သည့်တိုင်

လွတ်မြောက်နိုင်တော့မည်မဟုတ်ပေ။

ဤအချက်ကို တွေးမိသည်နှင့် ယန်ယဲ့၏

မျက်နှာက တည်ငြိမ်သွားသည်။ သူသည်

ဂူဟွမ်နှင့် ရှောင်ဟန်ရီ ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

မဟာပေါ်တယ်နည်းစနစ်... ။

သူထွက်ပြေးဖို့အတွက် ပထမဆုံးအကြိမ်

သုံးလိုက်တာပါ။

မဟာပေါ်တယ်နည်းစနစ်ကို

ထုတ်ဖော်လိုက်သည်နှင့် ယန်ယဲ့ သည်

ကီလိုမီတာ (၅၀,၀၀၀) အကွာမှ

ချက်ချင်းပေါ်လာသည်။ သို့သော်

သူ၏ခန္ဓာကိုယ်ထဲရှိ

ဆန်းကြယ်ချီစွမ်းအင် သုံးပုံတစ်ပုံနီးပါး

ကုန်ဆုံးသွားလေပြီ။ ဒီအချိန်မှာ

သူ၏ဆန်းကြယ်ချီစွမ်းအင်က

သိပ်မကျန်တော့ပေ။

ကံကောင်းထောက်မစွာပဲ၊ သူ့တွင်

နှင်းပွင့်လေး ဖန်တီးထားသော

ခရမ်းရောင်သလင်းကျောက်များ

ရှိနေ၏။

ယန်ယဲ့ သည် အချိန်မဖြုန်းဘဲ

ခရမ်းရောင်သလင်းကျောက်တစ်လုံးကို

ထုတ်ယူကာ

အမြန်မျိုချလိုက်သည်။

ထိုခဏလေးမှာပဲ သူသည် နေရာမှာပင်

ပျောက်သွားခဲ့သည်။

အသက်ရှူချိန် ၂ ရှိုက်စာလောက်

ကြာပြီးနောက်တွင် ရှောင်ဟန်ရီ နှင့်

ဂူဟွမ်က ယန်ယဲ့

ရပ်နေခဲ့သည့်နေရာမှာပေါ်လာကြသည်။

ထို့နောက် နှစ်ယောက်စလုံး

ပျောက်ကွယ်သွားသည်။

သူတို့နှစ်ယောက် ထွက်သွားပြီးနောက်

သိပ်မကြာလိုက်ဘဲ

အစွမ်းထက်အရှိန်အဝါများ နှင့်အတူ

အလင်းတန်း တစ်ဒါဇင်ကျော်

တောက်ပလာခဲ့သည်။

အလင်းတန်းများက ရပ်တန့်ခြင်းမရှိဘဲ

ရှေ့သို့ ဆက်လိုက်သွားခဲ့သည်။

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်...

ယန်ယဲ့ သည် ဓားပျံကို
စီးနင်းပြီးထွက်ပြေးနေခဲ့သည်။
ဒီအချိန်မှာ သူ့အရှိန်က
အကန့်အသတ်ထိကို မြန်ဆန်နေခဲ့သည်။

သို့သော်လည်း သူ့နောက်ကွယ်မှ
လိုက်လာသူ နှစ်ယောက်ကို
မျက်ခြေမပြတ်နိုင်သေးပေ။

ဟိုချင် က ရုတ်တရက် ပြောခဲ့သည်
"ကလေး၊ ဒီလိုမဖြစ်နိုင်ဘူး"

ယန်ယဲ့ က "အကြီးအကဲဟို၊ မင်းမှာ
အကြံကောင်းတွေရှိလား"

ဟိုချင် က "ငါမသိဘူး။ အခု မင်းကို
ကြည့်ပြီး ငါဖြစ်ခဲ့တာတွေကို
ပြန်တွေးမိနေလို့။ ဒါဟာ ငါ့ကို

လူသားအင်ပါယာအရှင်လိုက်ဖမ်းနေတု
န်းကအတိုင်း အတူတူပဲဖြစ်နေတယ်။
မဟုတ်ဘူး၊ ငါ့တုန်းက
မင်းထက်ပိုဆိုးတယ်”

ယန်ယဲ့ က "အကြီးအကဲဟို၊ မင်းတုန်းက
တစ်ယောက်တည်း လိုက်နေတာပါ၊
ဒါပေမဲ့ အခု လူတော်တော်များများက
ငါ့နောက်ကို လိုက်နေတယ်"

ဟိုချင် က “သူတို့ကို

လူသားအင်ပါယာအရှင် နဲ့

ဘယ်လိုယှဉ်နိုင်မှာလဲ။ ဒါပေမဲ့

ငါထင်ပြောရရင်… ကလေး၊

လူသားမျိုးနွယ်ထဲမှာ မင်းအတွက်

နေရာမရှိတော့ဘူးလို့ ငါထင်တယ်"

ယန်ယဲ့ က အံ့သြသွားပြီး

"ဘာလို့လဲ"ဟုပြန်နေးလိုက်သည်။

“လူသားအင်ပါယာအရှင် က

တရားမျှတတယ်၊ မကောင်းမှုကို

မုန်းတီးတယ်။ ဒါပေမဲ့ မင်းက

တော်တော်ဆိုးယုတ်တယ်။

အဲဒီနတ်ဆိုးက

မင်းလက်ထဲရောက်နေတာ။

အရေးအကြီးဆုံးက ဘာလဲဆိုရင်

လူသားမျိုးနွယ်ရဲ့ တဖြေးဖြေးနဲ့

ပြောင်းလဲနေတာပဲ။ ဒါဆို သူသိရင်
မင်းကိုသတ်မှာသေချာတယ်"

ယန်ယဲ့ သည်
စကားမပြောနိုင်လောက်အောင်
ခံစားရသည်။

ဟိုချင် က ဆက်ပြောသည် “ဒါပေမဲ့
စိတ်မပူပါနဲ့။ လူသားမျိုးနွယ်မှာ
မင်းအတွက် နေရာမရှိရင် မင်း

ငါ့နတ်ဆိုးမျိုးနွယ်ကို
လာနိုင်တယ်ဆိုတော့ ကောင်းပါတယ်။
ငါ့ရှာမန်ကေရာဇ်က မင်းလိုလူတွေကို
သဘောကျတယ်။ သေချာပေါက်
ကြိုဆိုမှာပါ"

"သူ့စကားကိုနားမထောင်နဲ့"
နတ်ယင်မီးတောက်၏ အသံက
ရုတ်တရက်ထွက်ပေါ်လာသည် “မင်းဟာ
ငါ့သခင်ရဲ့ ဆက်ခံသူပါ။ ဒါ့ကြောင့်

လူသားအင်ပါယာအရှင် က မင်းကို

သဘောမကျရင်တောင်

ဘာမှလုပ်ရဲမှာမဟုတ်ဘူး”

"ဆက်ခံသူလား၊ ငါ့ဖင်ကို ဆက်ခံပါ"

ဟိုချင်က အော်ငေါက်လိုက်သည်

“ဒီကလေးက အဲဒီလူရဲ့ ဆက်ခံသူဆိုတာ

လောကသုံးပါး မှာ ဘယ်သူသိနေလို့လဲ။

သိနေရင်တောင် လူသားအင်ပါယာအရှင်

က မသတ်ရဲဘူးပဲထား၊

ကျန်တဲ့သူတွေကော....မင်းသခင်ရဲ့

စီနီယာအစ်ကိုတွေနဲ့

ဂျူညီယာညီငယ်တွေကော ဘယ်လိုလဲ။

သူတို့က

မျက်နှာသာပေးမယ်ထင်လို့လား”

နတ်ယင်မီးတောက်က “ဟိုချင်၊

မင်းဘာတွေစိုးစဉ်နေလဲ ငါသိတယ်။

မင်းဟာ ဒီကလေးကို မင်းနဲ့အတူ

ရှာမန်မျိုးနွယ်ဝင်ဖြစ်စေချင်တယ်။

ပြီးတော့ ဒီမူလစေတီက ရှာမန်မျိုးနွယ်ရဲ့

နတ်ဘုရားရတနာတစ်ခုဖြစ်လာလိမ့်မယ်

။ အဲဒီအချိန်မှာ ရှာမန်မျိုးနွယ်က

လူသားမျိုးနွယ်ကို တိုက်ခိုက်ဖို့

နောက်ထပ်ဝှက်ဖဲတစ်ခုရှိမယ်။ ဒါပေမဲ့

သူက ရှာမန်မျိုးနွယ်ကို ဝင်ပြီပဲထားပါဦး၊

ငါ့သခင်က ဒီမူလစေတီကို သူ့လက်ထဲမှာ

ဆက်ပြီးပေးထားပါ့မလား"

ဟိုချင်က အေးစက်စွာ ညည်းညူရင်း
“ဒီစေတီကို မလိုအပ်ပါဘူး။ ဒီကလေးက
ငါ့ရှာမန်မျိုးနွယ်ထဲကို ဝင်ဖို့
ဆန္ဒရှိနေသရွေ့ ငါတို့ရှာမန်ဇကေရာဇ်က
သူ့ကို မျိုးနွယ်စုရဲ့
အရင်းအမြစ်တွေအပြည့်ပေးပြီး
ပြုစုပျိုးထောင်ပေးမှာသေချာတယ်။
ကလေး၊ ဒီဘုရားမရှိရင်တောင်
မင်းသေမှာမဟုတ်ဘူး။ ငါ့ကိုယုံပါ၊

မင်းက ငါ့ရှာမန်မျိုးနွယ်ထဲကို

ဝင်ဖို့သဘောတူလိုက်တာနဲ့မင်းမှာတော

က်ပတဲ့အနာဂတ်ကိုရလိမ့်မယ်"

နတ်ယင်မီးတောက်က

ဆက်ပြောရန်ပြင်နေစဉ် ယန်ယဲ့ က

ရုတ်တရက်ပြောလိုက်သည်

"မင်းတို့နှစ်ယောက်စလုံး

လူသားမျိုးနွယ်နဲ့

နတ်ဆိုးမျိုးနွယ်အကြောင်း

ဆွေးနွေးတာကို ရပ်နိုင်မလား။ အခု ဘာလုပ်သင့်လဲ ဆွေးနွေးလို့ရမလား"

နှစ်ယောက်စလုံး ငြိမ်ကျသွားသည်။

ယန်ယွဲ့၏ မျက်နှာက အနည်းငယ် တုန်လှုပ်သွားသည်။ ဤအချိန်မှာ သူသည် ထိုနှစ်ယောက်အား ကျိန်ဆဲချင်နေတာပါ။

May Be:

၂၂၀၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၀၇ -

ကိုယ့်ကိုယ်ကိုသန့်စင်တာက

လှ်တ်မြောက်ခြင်းတစ်မျိုးပဲ

ဤအချိန်တွင် သူ့ရှေ့ရှိ အာကာသဟာ

ရုတ်တရက် တုန်လှုပ်သွားသည်ကို

သတိထားမိလိုက်သည်။

ထို့နောက်တွင်တော့ အာကာသထဲမှ

အနက်ရောင်လှိုတစ်ချောင်း

ထွက်ပေါ်လာသည်။ ယန်ယဲ့၏

အမူအရာသည် ချက်ချင်းပင်

ပြောင်းလဲသွားသည်။ လှံချက်မှ ဖိအားက

သူ၏အရှိန်ကို

အနည်းငယ်နှေးကွေးသွားစေသည်။

ငါရပ်နေလို့မရဘူး။

ယန်ယဲ့ သည်
သူ၏လက်ဝါးကိုလှန်လိုက်ရာ လက်ထဲ၌
သစ်သားဓားပေါ်လာသည်။ ထို့နောက်
လုံကို တည့်တည့်စိုက်ကြည့်နေရင်း
လျှပ်တစ်ပြက်ခုတ်ပိုင်းချလိုက်သည်။

ဘမ်း....

လှံက နောက်ပြန်လွင့်ထွက်သွားသည်။

သို့သော်လည်း အစွမ်းထက်အော်ရာ ၂ ခုက သူ့အပေါ်ကို ရုတ်တရက် ကျရောက်သွားသည်။

လိုက်မှီကြပြီလား။

ယန်ယဲ့ သည် ညာခြေကို အနည်းငယ်ပုတ်လိုက်ပြီး နေရာမှာပင်

ပျောက်သွားခဲ့သည်။ထိုခဏလေးမှာပဲ သူသည် ကီလိုမီတာ (၅၀,၀၀၀) အကွာ၌ ရှိနေလေပြီ။

မဟာပေါ်တယ်နည်းစနစ်...

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ မဟာပေါ်တယ်နည်းစနစ် ကိုသာ ထပ်မံအသက်သွင်းလိုက်ရသည်။ ဤအချိန်တွင် သူ၏မျက်နှာက ချက်ချင်း

ဖြူဖျော့သွားသည် ။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ထဲရှိ

ဆန်းကြယ်ချီစွမ်းအင် အားလုံးနီးပါး

ကုန်ဆုံးသွားပါတော့သည်။

သူ့ခန္ဓာကိုယ်ထဲရှိ အခြေအနေကို

သတိထားမိသည်နှင့်

ယန်ယဲ့၏မျက်နှာက

ကြမ်းတမ်းလာသည်။ သူသည်

ခဏမျှငြိမ်သက်သွားပြီး

"အကြီးအကဲဟို၊ ဒီသစ်သားဓား ရဲ့

ချိတ်ပိတ်စည်းကို

ဖယ်ပေးလို့ရမလား"ဟုမေးလိုက်သည်။

"ကလေး၊ မင်းက အဲ့လိုမလုပ်ရင်

အကောင်းဆုံးပဲ" ဟိုချင် က

ဆက်ပြောသည် “ဒီချိတ်ပိတ်စည်းကို

ဖယ်လိုက်တာနဲ့ လူသားအင်ပါယာအရှင်

က မင်းရှိတဲ့နေရာကို

ချက်ချင်းသိသွားလိမ့်မယ်။

အဲဒီအချိန်မှာ လူသားအင်ပါယာအရှင်

စေလွှတ်လိုက်တဲ့ တမန်တော်က

မင်းကိုသေချာပေါက်ရှာတွေ့သွားမှာပဲ။

မင်းဟာ တမန်တော်နဲ့

ရင်ဆိုင်နိုင်ရင်တောင်

လူသားအင်ပါယာအရှင်က နောက်ထပ်

အဆင့်မြင့်ကျင့်ကြံသူတွေ

စေလွှတ်ဦးမှာသေချာပါတယ်။ ဒါကြောင့်

ဒီခါးကို ချိတ်ပိတ်ထားတာဖယ်လိုက်ရင်

မင်းဟာ

အဆုံးမရှိတဲ့ပြဿနာတွေနဲ့ရင်ဆိုင်ရမယ်
”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"အကြီးအကဲဟို၊

အနာဂတ်ပြဿနာတွေကို

အခုမေ့ထားလိုက်ပါ။

အခုလောလောဆယ်မှာ

ဒီချိတ်ပိတ်စည်းကို မဖယ်နိုင်ရင်
ငါအသက်ရှင်ဖို့မဖြစ်နိုင်တော့ဘူး”

ဟိုချင် က တိတ်ဆိတ်သွားသည်။

ဤအတောအတွင်း ယန်ယဲ့ သည်
ဂြိုဟ်သေတစ်လုံး ပေါ်သို့
ဆင်းသက်လာသည်။ ထို့နောက်
သစ်သားဓားကို သူ့ရှေ့မှာ
ချထားလိုက်ပြီး "အကြီးအကဲဟို၊

ချိတ်ပိတ့စည်းကိုဖယ်လိုက်ပါ"ဟုပြော
လိုက်သည်။

ဟိုချင် က လေးနက်သောလေသံဖြင့်
"မင်းသေချာရဲ့လား"ဟုထပ်မေးခဲ့သည်။

ယန်ယဲ့က "ငါသေချာပါတယ်"

ဟိုချင် က ဖြည်းညှင်းစွာ
သက်ပြင်းချလိုက်သည်။ ထို့နောက်

ယန်ယဲ့၏လက်ထဲမှ သစ်သားဓား က

ပြင်းထန်စွာ တုန်လှုပ်သွားတော့သည်။

ထိုခဏလေးမှာပဲ ကြောက်မက်ဖွယ်ရာ

ဓားစွမ်းအင်လှိုင်းကြီးတစ်ခု

ပေါက်ကွဲထွက်လာခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏

ပတ်ဝန်းကျင်ရှိ

ကီလိုမီတာရာချီသောဧရိယာသည်

ချက်ချင်းပင် ဖျက်ဆီးခံလိုက်ရသည်။

ဘမ်း...

ယန်ယဲ့၏ ညာဖက်တည့်တည့်
အာကာသထဲမှ
ရွှေရောင်အလင်းတန်းတစ်ခု
ရုတ်တရက်ထွက်ပေါ်လာသည်။

ယန်ယဲ့၏အမူအရာသည်
ချက်ချင်းပြောင်းသွားခဲ့သည်။ သူသည်
တုံ့ဆိုင်းမနေရဲပေ၊

ချိတ်ပိတ်စည်းမဖယ်ရသေးသော

သစ်သားဓားကို

ကမန်းကတန်းမြှောက်ပြီး

ခုတ်ချလိုက်သည်။

ဘုန်း....

ပေါက်ကွဲသံကြီးတစ်ချက်

ထွက်ပေါ်လာသည်။ ယန်ယွဲ့ သည်

ကီလိုမီတာ ၃၀ ကျော်အကွာသို့

လွင့်ထွက်သွားခဲ့သည်။ ဒီအချိန်မှာ

သူ၏ခန္ဓာကိုယ်ဟာ အက်ကွဲသွားခဲ့သည်။

ဤအချိန်တွင်

ရွှေရောင်အလင်းတန်းတစ်ခု

လင်းလက်လာခဲ့သည်။ ထို့နောက်

လက်ထဲတွင်

ရွှေရောင်တုတ်ချောင်းတစ်ချောင်းကိုင်

ထားသော မျောက်တစ်ကောင်

ပေါ်လာသည်။

မျောက်ကိုကြည့်ရင်း ယန်ယဲ့၏

မျက်ခွံများ

လှုပ်ယမ်းသွားသည်။

ဒီသတ္တဝါက

ဘယ်လိုလုပ်ပြီးရောက်လာပြန်တာလဲ။

မျောက်က ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ ၎င်းက

ယန်ယဲ့၏လက်ထဲမှ သစ်သားဓားကို
တစ်ချက်ကြည့်လိုက်ပြီး
တိုက်ခိုက်ရန်ပြင်လိုက်၏။

ယန်ယဲ့က ထိတ်လန့်သွားပြီး
ကမန်းကတန်း ပြောလိုက်သည်
"အစ်ကိုမျောက်၊ မင်းရဲ့ခေါင်းအတွက်
လူတွေ အများကြီးရောက်လာပြီ။
ထွက်ပြေးသင့်တယ်”

ဤအချိန်တွင်

အလွန်ကြောက်စရာကောင်းသော

အငွေ့အသက် ၂ ခုက ယန်ယဲ့ နှင့် မျောက်

ပေါ်သို့ လွှမ်းခြုံသွားသည်။

ထိုအော်ရာ ၂ ခု ပေါ်လာသည်နှင့်

မျောက်က ချက်ချင်း

မော့ကြည့်လိုက်သည်။

သူ၏မျက်လုံးနှစ်လုံးမှ

တလက်လက်တောက်ပနေသော

အလင်းတန်းများထွက်လာသည်။

ထို့နောက်တွင် သူ၏လက်ထဲမှ

ရွှေတုတ်ချောင်းက

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

ကောင်းကင်ထက်သို့ ပျံတက်သွားသည်။

ဘမ်း....

ရှောင်ဟန်ရှီနှင့် ဂူဟွမ်၏ အော်ရာက

ချက်ချင်းပင် ပျောက်ကွယ်သွားသည် ။ ဤအချိန်တွင် ကောင်းကင်ယံအထက်၌ ရောမပုဆိန်ကြီးတစ်လက် နှင့် အနက်ရောင်လှံတစ်ချောင်းက ရုတ်တရက် ပေါ်လာသည်။ ထို့နောက် ရွှေတုတ်ချောင်းကို ရိုက်ချလိုက်သည်။

မျောက်က ညာလက်ကို မြှောက်ကာ လှည့်လိုက်၏။

အုန်း...

ရွှေတုတ်ချောင်းက လေထဲသို့
အလျားလိုက် လွင့်မျောသွားသည်။
ထိုခဏလေးမှာပဲ အနက်ရောင်လုံ့က
နှစ်ခြမ်းကွဲထွက်သွားသည်။
ရောမပုဆိန်ကြီးကလည်း
အပိုင်းပိုင်းပေါက်ကွဲသွားခဲ့သည်။

ယန်ယှဲ့ သည် မထိန်းနိုင်ဘဲ

လေအေးတစ်ချက်ရှူသွင်းလိုက်မိသည်။

ဒီမျောက်ရဲ့ခွန်အားက

နည်းနည်းတော့လွန်ကဲနေတာမဟုတ်ဘူး

လား။

ဤအချိန်တွင် မျောက်က

သူ၏ညာလက်ကို မြှောက်ယမ်းလိုက်သည်။

ရွှေတုတ်ချောင်းက

မျောက်၏လက်ထဲကိုပြန်ရောက်လာသ

ည်။

တစ်ချိန်တည်းမှာပဲ

ကောင်းကင်ယံအထက်၌ ဂူဟွမ် နှင့်

ရှောင်ဟာန်ရီ တို့နှစ်ယောက်

ပေါ်လာကြသည်။

ဤအချိန်တွင် နှစ်ယောက်စလုံး၏

မျက်နှာပေါ်များက လေးနက်သော

အမူအရာအပြည့်ပါ။

သို့သော်လည်း မျောက်က

သူတို့နှစ်ယောက်အား စိုက်ကြည့်နေမှန်း

သတိထားမိသည်နှင့် အမူအရာများ

ပြောင်းလဲသွားကြသည်။ ထို့နောက်တွင်

တုံ့ဆိုင်းမနေဘဲ နှစ်ယောက်သား

နေရာမှာပင်

ဖျတ်ခနဲပျောက်ကွယ်သွားခဲ့သည်။

မျောက်က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။ သို့သော်

ဆက်ပြီးမလိုက်ခဲ့ပေ။

ဤအခိုက်အတန့်တွင်

ကောင်းကင်ယံအထက်၌

အစွမ်းထက်အော်ရာအများအပြား

ပေါ်လာသည်။ သေချာသည်မှာ

ယန်ယဲ့နောက်ကို လိုက်ဖမ်းနေကြသော
အစွမ်းထက်ကျင့်ကြံသူများပင်။

ယန်ယဲ့ သည် မျောက်ကို
တစ်ချက်ကြည့်လိုက်ပြီး
နောက်လှည့်ကာထွက်ပြေးသွားခဲ့သည်။

ဤအခိုက်အတန့်တွင်
ထွက်မပြေးသေးပါက ဘယ်တော့မှ
လွတ်မြောက်နိုင်တော့မည်မဟုတ်ချေ။

သို့သော်လည်း သူ့ရှေ့တွင်
ရွှေတုတ်ချောင်း ပေါ်လာသဖြင့် ယန်ယဲ့
သည် ရှေ့ဆက်ပြေးနိုင်တော့ပေ။

ယန်ယဲ့၏မျက်နှာက ချက်ချင်း
တင်းမာသွားသည်။

ယန်ယဲ့ သည် မျောက်ကို
လှည့်ကြည့်လိုက်တယ်။ ဤအချိန်တွင်
မျောက်က ကောင်းကင်ကို မော့ကြည့်ကာ

ညာလက်ကို ငှေ့ယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ

ယန်ယဲ့၏နောက်ကွယ်မှ

ရွှေတုတ်ချောင်းက နဂိုထက်

ဆယ်ဆကျော်လောက်ကြီးလာသည်။

ခဏအကြာတွင် ၁ ကီလိုမီတာကျော်

ရှည်လျားသော ရွှေတုတ်ချောင်းကြီးက

လေထဲသို့ လွင့်မျောသွားခဲ့သည်။

'အား…” အော်ဟစ်ငြီးငြူးသံများ

ဆက်တိုက် ထွက်ပေါ်လာသည်။

သိပ်မကြာလိုက်ပေ၊ ဤနေရာကို

ရောက်လာနေသော အစွမ်းထက်အော်ရာ

အများအပြား ချက်ချင်း

ပျောက်ကွယ်သွားခဲ့သည်။

အသက်ရှူချိန် ၃ ရှိုက်စာခန့်အကြာတွင်

ကောင်းကင်ပြင်သည်

ငြိမ်သက်သွားသည် ။

ဤအချိန်တွင် မျောက်က ညာလက်ကို

ဆွဲယမ်းလိုက်ရာ ရွှေတုတ်ချောင်းက

သူ့လက်ထဲ ပြန်ရောက်သွားသည်။

ထို့နောက် ယန်ယဲ့ကို

လှည့်ကြည့်လိုက်သည်။

မျောက်၏ အကြည့်ကို

သတိထားမိသောအခါ ယန်ယဲ့၏

မျက်နှာက

မမြင်နိုင်လောက်အောင်ဖြစ်သွားသည်။

သို့သော်လည်း မျောက်၏အကြည့်က
သစ်သားခားပေါ်သို့ ဆင်းသက်လာပြီး
"မင်းပိုင်တာမဟုတ်ဘူး၊
ဘယ်ကနေယူလာတာလဲ"ဟုမေးခဲ့သည်။

ယန်ယဲ့က ခဏမျှလောက်စဉ်းစားပြီး
"အဲဒါက အပေါ်ကနေ ပြုတ်ကျလာတာ။
ပြီးတော့ ငါယူထားလိုက်တာပဲ"

မျောက်က ယန်ယဲ့ကိုအချိန်အတော်ကြာ
စိုက်ကြည့်နေသည်။ ထို့နောက်
စကားထပ်မပြောတော့ဘဲ နောက်လှည့်၍
ထွက်သွားပါတော့သည်။
သိပ်မကြာလိုက်ပါ၊ မျောက်က
ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည် အံ့အားသင့်သွားသည်။
ဒီအချိန်မှာ သူ့မျက်နှာပေါ်တွင်

လေးနက်သောအမူအရာတစ်ခု
တဖြည်းဖြည်းပေါ်လာခဲ့သည်။

ဘယ်လောက်မြန်လိုက်သလဲ ။

မျောက်၏ အရှိန်က
မဟာပေါ်တယ်နည်းစနစ်ကို
ထုတ်သုံးစဉ်ကထက်ပင်
အဆပေါင်းများစွာမြန်ဆန်နေလို့ပါ။

ဤအချိန်တွင် ကောင်းကင်ယံအထက်မှ

ရွှေရောင်တလက်လက်တောက်

ပလာသည်။ ထို့နောက်

ရွှေရောင်အလင်းတန်းတစ်ခုဟာ ယန်

ယွဲ့ရှေ့သို့ ဆင်းသက်လာသည်။

အလင်းများ ပြန့်ကျဲသွားသည်နှင့်

ကတုံးအမျိုးသားတစ်ယောက်

ပေါ်လာခဲ့သည်။

ကတုံးအမျိုးသားက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ခဏအကြာတွင်တော့ သူသည် ယန်ယွဲ့ကို စိုက်ကြည့်ကာ "မျောက်တစ်ကောင် ပြေးလာတာကို မြင်မိသေးလား"ဟု မေးပါသည်။

ယန်ယွဲ့ က ခဏမျှစဉ်းစားပြီး ခေါင်းယမ်းလိုက်သည်။ မျောက်က သူ့ကို ကူညီပေးခဲ့တာပါ။ သူသည်

ကျေးဇူးကန်းတတ်သူမဟုတ်ချေ။

သဘာဝအတိုင်း မြောက်၏

တည်နေရာကိုပြောပြမည်မဟုတ်ပါ။

ကတုံးအမျိုးသား က ယန်ယွဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ကာ "မင်း

လိမ်နေတာပဲ"

ယန်ယွဲ့ သည် အံ့အားသင့်သွားကာ

စကားပြန်မပြောနိုင်ပေ။

တစ်ချိန်တည်းမှာပင် ထိုလူက ဆက်ပြောခဲ့သည် “မျောက်က ရက်စက်ကြမ်းတမ်းတယ်။ ဒီသတ္တဝါကို ဆက်ပြီးအသက်ရှင်ခွင့်ပေးထားရင် ဒီလောကမှာရှိတဲ့ သက်ရှိသတ္တဝါတိုင်း အကုန်သေသွားလိမ့်မယ်"

ယန်ယွဲ့ သည် ခဏမျှစဉ်းစားပြီး

"အဲဒီမျောက်က ငါ့ထက်သန်မာသလား"

ဟု မေးလိုက်သည်။

ကတုံးလူက အနည်းငယ်ခေါင်းညိတ်ကာ

"မင်းက သဘာဝအတိုင်း သူနဲ့

မနှိုင်းယှဉ်နိုင်ပါဘူး"

ယန်ယွဲ့ ထိုလူကို

တစ်ချက်ကြည့်လိုက်သည်။

ဒါကို မင်းသေချာမသိဘူးလား။

တစ်ချိန်တည်းမှာပင် ကတုံးက "မင်းဘာပြောဖို့ ကြိုးစားနေတာလဲ" ဟု ထပ်ပြောသည်။

ယန်ယွဲ့ က "အဲဒီမျောက်က ငါ့ထက် အများကြီး သန်မာတယ်၊ ဒါဆို

သူဘယ်မှာရှိတယ်ဆိုတာ

ငါဘယ်လိုသိနိုင်မှာလဲ"

ကတုံးက စကားပြောရန်ပြင်လိုက်ပြီးမှ

သူ့အကြည့်ဟာ သစ်သားဓား

ပေါ်သို့ကျဆင်းသွားသည်။

ကတုံး၏ အကြည့်ကို

သတိထားမိသောအခါ

ယန်ယဲ့၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားတယ်

ဒီကတုံးက သစ်သားဓားကို

သိနေတာလား။

ဤအချိန်မှာပဲ ကတုံးက

ရုတ်တရက်ပြောလာခဲ့သည်

“လူသားအင်ပါယာအရှင်ရဲ့

ဒဏ္ဍာရီနတ်ဓားက မင်းလက်ထဲကို ရောက်နေတာလား”

သူက ခဏရပ်ပြီး “ဒါဟာ အသန့်ရှင်းဆုံးနတ်ဘုရားရတနာဖြစ်သလို လူသားမျိုးနွယ်ရဲ့ အထွတ်အမြတ်ရတနာတစ်ပါးပါ။

ဒါပေမဲ့ မင်းကတော့ အရမ်းမိုက်မဲတယ်၊ သတ်ဖြတ်ခြင်းနှလုံးသားကိုပိုင်ဆိုင်ထား

သေးတယ်။ ဒါဆို ဒဏ္ဍာရီနတ်ဓား

မင်းလက်ထဲမှာ ရှိနေရင်

လူသားမျိုးနွယ်က တစ်နေ့မှာ

ဒုက္ခရောက်စေလိမ့်မယ်။ကောင်းပြီ၊ ဒါကို

ငါမြင်ပြီးကတည်းက မင်းကို

ဖယ်ရှားပစ်မယ်၊ ဒီဓားကို

သိမ်းယူပြီးတော့ လူသားမျိုးနွယ်အတွက်

အနာဂတ်ကပ်ဘေးကို

ရှင်းလင်းပေးရတာပေါ့။ မင်း....”

ယန်ယဲ့ သည်

နေရာတွင်ပျောက်သွားခဲ့သည်။ ထို့နောက်

အေးစက်စက်အလင်းတန်းတစ်ခုက

ကတုံး၏ နဖူးရှေ့တွင် ပေါ်လာသည်။

ယန်ယဲ့ က အရင်ဦးအောင်

တိုက်ခိုက်လိုက်တာပါ။

ကတုံး ပြောနေသည့် စကားများကို

နားထောင်လေ သူသည်

တစ်ခုခုဖြစ်လာသလိုခံစားမိလို့ပါ။

ကတုံး၏

နောက်ဆုံးပြောလိုက်သောစကားကို

ကြားလိုက်သည်နှင့် ယန်ယဲ့သည်

ပြတ်ပြတ်သားသား တိုက်ခိုက်ရန်သာ

ရွေးချယ်လိုက်လေသည်။တစ်ချိန်တည်း

တွင် သူသည်

အရင်ဦးဆုံးတိုက်ခိုက်လိုက်၏။ သူသည်

ကတုံးကို ယှဉ်နိုင်မည်လား၊ သို့မဟုတ်

ကတုံး၏ ပြိုင်ထက်ဖြစ်မလား။

အမှန်တော့ ယန်ယဲ့သည်

ထိုအခြေအနေများကို မစဉ်းစားထားပေ။

အရေးကြီးဆုံးမှာကား အခွင့်အရေးရတုံး

အရင်ဆုံးတိုက်ခိုက်လိုက်တာပါ။

သစ်သားဓားက ကတုံး၏နဖူးကို

ထိုးသွင်းခါနီးတွင်တော့

ရွှေရောင်အလင်းတန်းတစ်ခု ရုတ်တရက်

လင်းလက်သွားပြီး ဓားကို

တားဆီးထားလိုက်သည်။

တစ်ချိန်တည်းမှာပင်

ဓားလက်ကိုင်ရိုးမှတစ်ဆင့်

ရွှေရောင်အလင်းတန်းတစ်ခု

စီးဝင်လာပြီး ယန်ယဲ့၏ရင်ဘတ်ကို

ထိမှန်သွားသည်။

အုန်း....

ယန်ယဲ့ သည် ၁၀ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။

###Book.136

မူလစေတီအပြင်ဖက်တွင်....

ယန်ယဲ့ သည် သူ၏လက်သီးများကို
မြေပြင်ပေါ်သို့
အကြိမ်ကြိမ်ထိုးချနေခဲ့သည်။

အနည်းငယ် အားကုန်လာသည်နှင့်
ဟိုချင်က ယန်ယဲ့အား
ခရမ်းရောင်သလင်းကျောက်ကို စုပ်ယူပြီး
အားပြန်ဖြည့်ခိုင်းသည်။

ထို့နောက် ဆက်ပြီးလေ့ကျင့်ပြန်သည်။

ဤအတောအတွင်း ယန်ယဲ့ သည်
အရှူးတစ်ယောက်လိုမျိုးပင်၊
လက်သီးဖြင့် မြေပြင်ကို အကြိမ်ကြိမ်
ထိုးချနေခဲ့သည်။